# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ (3-2-2016) (၈၄၆၅)


## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ခတောင်ဆရာတော် ဦးတိလောက

# BRT Lite စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲမှု ဖေဖော်ဝါရီ ၉ ရက်တွင် စတင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

BRT Lite စနစ်ဖြင့် ရန်ကုန်မြို့တွင် ဘတ်စ်ကားပြေးဆွဲမှုကို ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ယနေ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

BRT Lite စနစ်ဖြင့် ရန်ကုန်မြို့တော်တွင် ဘတ်စ်ကားပြေးဆွဲမှု စတင်စမ်းသပ်ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိရာတွင် လာမည့် ဖေဖော်ဝါရီ ၇ ရက်တွင် စမ်းသပ်လမ်းကြောင်း၌ ပြေးဆွဲမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၉ ရက်မှစတင်ကာ လမ်းကြောင်း (၁)ဖြစ်သည့် ထောက်ကြန့်လမ်းဆုံမှ ပြည်လမ်းအတိုင်းမောင်းနှင်ကာ (၈) မိုင်၊ လှည်းတန်း၊ မြေနီကုန်း၊ ပြည်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံမှ တစ်ဆင့် အလံပြဘုရားလမ်း၊ ဗဟန်း (၃) လမ်းမှတ်တိုင်၊ ကုက္ကိုင်း၊ ချော်တွင်းကုန်းမှတ်တိုင်တို့ကိုဖြတ်သန်း၍ ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်ကာ (၈) မိုင်လမ်းဆုံမှတစ်ဆင့် ပြည်လမ်းပေါ်သို့ ပြန်လည်ချိတ်ဆက်၍ ထောက်ကြန့်လမ်းဆုံသို့ ပြန်လည်ပေါင်းဆုံမည့် ခရီးစဉ်ကို စတင်ပြေးဆွဲမည်ဟု သိရသည်။

အဆိုပါ လမ်းကြောင်း(၁)ကို ယာဉ်အသစ် ၁၈ စီးဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး လစာဖြင့် ယာဉ်မောင်းများ ခန့်အပ်ထားကာ ပြိုင်မောင်း၊ လုမောင်းခြင်းမရှိစေဘဲ BRT Lite စနစ်နှင့်အညီ ခရီးသည်များအတွက် လုံခြုံစိတ်ချရမှု၊ ဘေးကင်းမှု၊ သက်သောင့်သက်သာရှိမှု၊ ငွေအကြွေကိုင်ဆောင်ရန်မလိုအပ်ဘဲ နိုင်ငံတကာတွင် အသုံးပြုနေသော ကတ်ဖြတ်စနစ်ဖြင့် ယာဉ်စီးခပေးချေစနစ်တို့ကို ကျင့်သုံးသွားမည်ဟု ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်က ပြောသည်။

"နိုင်ငံတကာမှာလို သီးသန့်လမ်းကြောင်းတစ်ခုနဲ့ ပြေးဆွဲတဲ့ BRT စနစ်ကို ပီပီပြင်ပြင်သွားနိုင်ဖို့အတွက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**




အမြန်ဘတ်စ်ကား ပြေးဆွဲမည့် လမ်းကြောင်းနှင့် မှတ်တိုင်များပြ မြေပုံ။

## မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

၂၀၁၅-၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၆ ဒသမ ၀၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၅ ဒသမ ၂၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၁ ဒသမ ၃၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၇ ဒသမ ၂၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၂ ဒသမ ၉၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၀ ဒသမ ၁၉ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၂၈ ဒသမ ၈၃ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၂၇ ဒသမ ၇၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၄၈ ဒသမ ၁၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၇၅ ဒသမ ၈၅ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၁၀ ဒသမ ၅၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၁၇ ဒသမ ၀၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၂၇ ဒသမ ၅၆ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀၅၀၃ ဒသမ ၄၁ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၃၅၁ ဒသမ ၇၁ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။ **(သတင်းစဉ်)**

# လွှတ်တော်အသစ်နှင့် မျှော်လင့်ချက်များ



ဒေါက်တာဒေါ်သက်သက်ခိုင်
(ဒဂုံမဲဆန္ဒနယ်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ခေါ်ယူကျင်းပလိုက်ပြီဖြစ်သည်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၃၃ ဦးရှိသည့်အနက် ၄၂၉ ဦးတက်ရောက်၍ ကတိသစ္စာပြုခဲ့ကြသည်။**

**ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်နှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တို့အား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခဲ့ကြပြီး ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ပထမဆုံးအကြိမ်ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားနှင့် အမြင်များကို တွေ့ဆုံမေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်-**

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**

ကျွန်တော်လည်း အများကြီးမျှော်လင့်ပါတယ်။ အများကြီးလုပ်နိုင်မယ်လို့ ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောရရင်တော့ စီးပွားရေးဥပဒေတွေနဲ့ ပတ်သက်ပြီး အများကြီးပြောင်းလဲဖို့လိုမယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ပရင်းနှီးမြှုပ်နှံမှုဝင်တဲ့အခါမှာ လုံခြုံစိတ်ချရတဲ့ဥပဒေကို ကျွန်တော်တို့ ပြုပြင်ပေးဖို့လိုတယ်။ ကျွန်တော်က တရားလွှတ်တော်ရှေ့နေတစ်ယောက်လည်း ဖြစ်တဲ့အတွက် အဲဒီလိုပဲ ထင်ပါတယ်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**




ကြေးမုံ စာ တည်း ရှု ထောင့် ၃-၂-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

# ယဉ်ကျေးမှုအဆင့်မြင့်မား

မြန်မာနိုင်ငံသည် သမိုင်းမတင်မီခေတ်ကာလမှစတင်၍ ယဉ်ကျေးမှုများ အဆက်မပြတ်တိုးတက်ဖြစ်ထွန်းခဲ့သော နိုင်ငံဖြစ်သည်။ ယဉ်ကျေးမှုတိုးတက်ထွန်းကားလာမှုကို ပြဆိုနိုင်ခြင်းသည် နိုင်ငံ၏အဆင့်အတန်းနှင့် ဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေသည်။ သမိုင်းကြောင်းအစဉ်အလာ မြင့်မားတိုးတက်ခဲ့မှုကိုသိမှ မိမိတို့၏ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားတိုးတက်အောင် ဆက်လက်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုအဆင့်အတန်း အစောဆုံးမြင့်မားတိုးတက်ခဲ့သည့် နိုင်ငံများအနေဖြင့် မိမိတို့၏သမိုင်းကြောင်းအစဉ်အလာကို ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွယ်မှတ်တမ်းတင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်ဆင့်တိုးတက်ဖြစ်ပေါ်မှုတွင် အခြားသောနိုင်ငံများထက် ပိုမိုထူးခြားခဲ့သည်။ မြန်မာ့မြေပေါ်တွင် လူသားမျိုးနွယ်အစ အဆင့်မြင့်ပရိုင်းမိတ်များ ပေါ်ပေါက်ခဲ့သည့် ရုပ်ကြွင်းအထောက်အထားများကို ပုံတောင်ပုံညာဒေသတွင် ရှာဖွေတူးဖော် တွေ့ရှိခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့အစောဆုံးသက်ရှိလူသားများ နေထိုင်ခဲ့ရာဒေသများဖြစ်သော မြန်မာနိုင်ငံတွင် အထောက်အထားခိုင်လုံစွာဖြင့် တည်ရှိခဲ့သည်။ အစောဆုံးကျောက်ခေတ်လူသားများ နေထိုင်ခဲ့သည်ဟု ယူဆရသည့် ရှမ်းပြည်နယ် ရွာငံမြို့နယ်အတွင်း ပြဒါးလင်းဂူတွင် အထောက်အထားများရှိသည်။ ပုံတောင်ပုံညာဒေသတွင်တွေ့ရှိရသည့် ရုပ်ကြွင်းများမှာ လူသားမျိုးနွယ်အစ နှစ်သန်းပေါင်းများစွာကဟုပင် ဆိုထားသည်။

ယခု စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာတွင် ကြေးခေတ်၊ သံခေတ်ကတည်းက တည်ရှိခဲ့သည့် နေရာများအား ရှာဖွေတွေ့ရှိခဲ့သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံမှ ဘူမိဗေဒပညာရှင်များက ယခုလဆန်းပိုင်းမှစတင်ကာ ရှာဖွေတူးဖော်ရေးသုတေသနလုပ်ငန်းများကို လုပ်ဆောင်နေပြီဖြစ်ကြောင်းသိရသည်။ တူးဖော်မှုများမှ ရှေးဦးလူသားတို့၏ အရိုးစုရုပ်ကြွင်းများ၊ အဆိုပါလူသားများ၏ အသုံးအဆောင်ပစ္စည်းများကို ရှာဖွေတွေ့ရှိထားသည်ဟု ဆိုသည်။

ညောင်ကန်ကျေးရွာရှိ ကြေးခေတ်၊ သံခေတ် အထောက်အထားများ တည်ရှိရာနေရာများကို လုပ်ကွက်အမှတ်(၁)နှင့် အမှတ်(၂)ခွဲခြားကာ လေးမီတာပတ်လည် မြေအနက် မီတာ ၅၀ ကျင်းများတူး၍ရှာဖွေခဲ့ကြရာ အရိုးစုရုပ်ကြွင်းများနှင့်အတူ အသုံးအဆောင်ပစ္စည်းနှင့် ကျောက်လက်နက်အပိုင်းအစများ၊ ပုတီးစေ့အပိုင်းအစများကိုပါ တွေ့ရှိရပေရာ မြန်မာ့မြေတွင် ရှေးဦးကာလကတည်းက လူသားယဉ်ကျေးမှုများဖြစ်ပေါ်ခဲ့သည်ကို ခိုင်မာစွာထပ်မံ သက်သေပြနိုင်ခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေတွေ့ရှိ၍ ထိန်းသိမ်းစောင့်ရှောက်ရာတွင် ရှေးဟောင်းဘဝပုံစံကိုထိန်းသိမ်းခြင်းနှင့် ရှေးဟောင်းပစ္စည်းထိန်းသိမ်းခြင်းဟူ၍ သတ်မှတ်ထားရာ တွေ့ရှိသောပစ္စည်းများနှင့် တွေ့ရှိရာနေရာများအားလုံးကို အဆိုပါနည်းနှစ်နည်းဖြင့် သင့်လျော်သလို ထိန်းသိမ်းစောင့်ရှောက်သွားလိမ့်မည်ဟု ယုံကြည်ပါသည်။ ရှေးဟောင်းပစ္စည်းထိန်းသိမ်းခြင်းကို ပြတိုက်အတွင်းသိမ်းဆည်းထားခြင်းဖြစ်၍ အခက်အခဲမရှိနိုင်သော်လည်း ရှေးဟောင်းဘဝများအား ပကတိပုံစံအတိုင်း မပျက်ယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရာ၌ အခက်အခဲများရှိနိုင်ပေသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှုများကို တန်ဖိုးထားမှုအလေ့အကျင့်ကောင်းများ နည်းပါးနေသေးသည်။ အထူးသဖြင့် တွေ့ရှိရာဒေသများမှာ ကျေးလက်ဒေသလူနေရွာများတွင်ဖြစ်၍ အဆိုပါရှေးဟောင်းဘဝပုံစံများမှာ သမိုင်းတန်ဖိုးကြီးမားသဖြင့် ဒေသခံပြည်သူများအား အသိပညာပေးခြင်းနှင့်ပူးပေါင်းပါဝင်ခြင်းတို့ အလေးထားလုပ်ဆောင်ကြရဦးမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရေမြေတောတောင်များတွင် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ်တည်ရှိနေပြီးဖြစ်၍ တွေ့ရှိခဲ့ပြီးဖြစ်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုလက်ရာအမွေအနှစ်များအား အလေးထားထိန်းသိမ်းစောင့်ရှောက်ကြရန်တိုက်တွန်းပါသည်။ ။

# မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်အသင်းက မြန်မာ့သနပ်ခါးကို ကမ္ဘာကသိအောင် ကူညီဆောင်ရွက်ပေးမည်

**မုံရွာ ဖေဖော်ဝါရီ ၂**

မုံရွာခရိုင် အရာတော်မြို့နယ် သနပ်ခါးအသင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရန်နှင့် မြန်မာ့သနပ်ခါးကို ကမ္ဘာကသိအောင် မှတ်ပုံတင်ခြင်း (Registration) လုပ်ငန်းများကို မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၆ ရက်က အရာတော်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံး၌ ကျင်းပသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ Geographical Indication(GI) ဟောပြောပွဲတွင် အသင်းဉက္ကဋ္ဌက ထည့်သွင်းပြောကြားသည်။

"ကျွန်တော်တို့အသင်းနဲ့ ဆက်သွယ်ပြီး အကြံဉာဏ်များရယူဖို့နဲ့ သိသင့်သိထိုက်တဲ့ဥပဒေတွေကို လေ့လာဖို့ ကိုယ့်ပစ္စည်းကို အရည်အသွေးမီအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပြီး ဈေးကွက်ရအောင် ရှာဖွေဖို့လိုပါတယ်။ ရရှိပြီးတဲ့ဈေးကွက်ကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ဖို့လိုသလို အမှတ်တံဆိပ်နဲ့ လိုဂိုများပြုလုပ်ရာမှာ ပညာပါရမှာဖြစ်သလို အများနဲ့မတူအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်" ဟု အသင်းဉက္ကဋ္ဌက ပြောသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များ အသင်းဉက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဦးက အသိဉာဏ်ပစ္စည်းနှင့် ပိုင်ဆိုင်သူ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ဦးသိန်းအောင် (တရားလွှတ်တော်ရှေ့နေ)ကGIအမွေအနှစ်နဲ့ ပျိုမြစ်နေတဲ့ ရွှေမြန်မာခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယဉက္ကဋ္ဌ ဒေါ်တင်ဥမ္မာထွန်းက မမျှတသောယှဉ်ပြိုင်မှု ခေါင်းစဉ်များဖြင့် ဟောပြောခဲ့သည်။

"အသိဉာဏ်ပစ္စည်းဆိုတာ မိမိရဲ့ ကိုယ်ပိုင်တွေးခေါ်မှု၊ အသိဉာဏ်နဲ့ ဖန်တီးတီထွင်ကြံဆထားတဲ့ ပစ္စည်းကို ဆိုလိုပါတယ်။ အသိဉာဏ်ပစ္စည်းမှာ ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်းတီထွင်မှုနဲ့ မူပိုင်ခွင့်တို့ပါဝင်ပြီး မြန်မာနိုင်ငံမှာ ဥပဒေကြမ်းအဖြစ် ကုန်အမှတ်တံဆိပ် ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်ဥပဒေရေးဆွဲပြီး လွှတ်တော်မှာ တင်ပြထားပြီးဖြစ်ပါတယ်။

ကုန်အမှတ်တံဆိပ်ဆိုတာ ကုန်ပစ္စည်း ဒါမှမဟုတ် ဝန်ဆောင်မှုလုပ်ငန်းတွေက ခွဲသိနိုင်ဖို့ အမည်နာမတွေ၊ အက္ခရာတွေ၊ ကိန်းဂဏန်းတွေ၊ ပုံဖော်ထားတဲ့ အစိတ်အပိုင်းတွေ၊ အရောင်အသွေးပေါင်းစပ်မှုတို့ အပါအဝင် မျက်စိနဲ့မြင်နိုင်တဲ့ ထင်ရှားသော အမှတ်အသား တစ်ခုဖြစ်ပါတယ်"ဟု အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဦးက ပြောသည်။

မိမိဖန်တီးထားသော ကုန်အမှတ်တံဆိပ်ကို လူသိများကျော်ကြားလာသောအခါ ကုန်အမှတ်တံဆိပ်သည် တန်ဖိုးရှိလာမည်ဖြစ်သလို ပထဝီဆိုင်ရာ အညွှန်းGIမှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး ထင်ပေါ်ကျော်ကြားမှု(သို့) အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာနိုင်ငံ၏ နယ်မြေဒေသ(သို့)ဒေသန္တရမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်ပြခြင်းဖြစ်သည်။

"GI ဥပဒေမပေါ်သေးခင် တစ်ဦးချင်းစီရဲ့ လုပ်ငန်းဆိုင်ရာ ကုန်အမှတ်တံဆိပ်တွေကို မှတ်ပုံတင်ထားဖို့လိုအပ်ပါတယ်။ ကိုယ့်မြို့နယ်မှာရှိတဲ့ မြို့နယ် လယ်ယာစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဌာနမှာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနဲ့အညီ မှတ်ပုံတင်လိုက်တာနဲ့ ကုန်အမှတ်တံဆိပ်ကို ကာကွယ်နိုင်ပါတယ်။

GI ကို လွှဲပြောင်းလို့မရသလို ပြန်ရောင်းလို့လည်း မရပါဘူး။ ဒေသက ဒါမှမဟုတ် အသင်းအဖွဲ့၊ အဖွဲ့အစည်းက စုပေါင်းပိုင်ဆိုင်ပါတယ်။ GI ရလို့ရှိရင် နိုင်ငံတကာ စံချိန် စံညွှန်းနဲ့ညီအောင် အားလုံးက ဆောင်ရွက်ကြရမှာဖြစ်ပြီး GI ရေရှည်တည်တံ့အောင် ထိန်းသိမ်းရမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❖

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၇၁၀၀၀ | - | ၇၇၁၀၀၀ |
| မန္တလေး(ရွှေဈေး) | ၇၇၁၀၀၀ | - | ၇၇၁၀၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၂၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၈၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၈. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆. ၄၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၃၀၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၉. ၄၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၀၃၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၆၇. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၃၈ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၇. ၉၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၆. ၉၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း




## လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

**မြင်းခြံ ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့် (ဆင့်ပွား) သင်တန်းကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့ရာ သင်တန်းသို့ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့များမှ သင်တန်းသား ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ရန်ကင်းသူ ရန်ကင်းသား Online ပရဟိတအဖွဲ့သို့ ငွေလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကင်းသူ ရန်ကင်းသား Online ပရဟိတအဖွဲ့ ဖွဲ့စည်းခြင်း အထိမ်းအမှတ်ငွေလှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပရာ သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် သုမန (၂)လမ်းမှ ဦးတင်မောင်ဆွေမိသားစုက အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း မင်းသစ်ရိပ်သာမှ ဦးကျော်သိန်းထွန်းမိသားစုတို့က အလှူငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရန်ကင်းသူရန်ကင်းသား Online ပရဟိတအဖွဲ့ ဉက္ကဋ္ဌ ဦးကိုကိုလွင်(ကိုဇွဲထက်)က လက်ခံရယူသည်။

ရန်ကင်းသူရန်ကင်းသား Online ပရဟိတအဖွဲ့ကို ဇန်နဝါရီ ၁ ရက်တွင် မြို့နယ်အတွင်း နေထိုင်ခဲ့သော ရန်ကင်းသူ ရန်ကင်းသားများနှင့် လက်ရှိနေထိုင်လျက်ရှိသော ရန်ကင်းသူ ရန်ကင်းသားများဖြင့် စုပေါင်းဖွဲ့စည်းထားခြင်းဖြစ်ပြီး အဖွဲ့အနေဖြင့် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ နာရေးလုပ်ငန်းများ၊ မြို့နယ်အတွင်း အခြားလိုအပ်သော နေရာများကို လှူဒါန်းသွားမည်ဖြစ်သဖြင့် အဖွဲ့တွင် ပါဝင်လိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများ ဖုန်း ၀၉-၅၄၁၄၃၆၄၊ ၀၉-၉၇၄၀၉၆၆၃၆၊ ၀၉-၅၀၇၃၈၄၁နှင့် ၀၉-၅၅၀၆၁၈၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သာညက်(ရန်ကင်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်၌ ဂေါတမမြတ်စွာဘုရားဓာတ်တော်နှင့် အဂ္ဂသာဝက ရဟန္တာမထေရ်မြတ်ကြီးနှစ်ပါးတို့၏ ဓာတ်တော်များ ပူးမြော်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ဂေါတမမြတ်စွာဘုရား ဓာတ်တော်၊ လက်ယာရံ အဂ္ဂသာဝက ရှင်သာရိပုတ္တရာရဟန္တာမထေရ်မြတ်ကြီး ဓာတ်တော်၊ လက်ဝဲရံအဂ္ဂသာဝက ရှင်မဟာမောဂ္ဂလာန် ရဟန္တာမထေရ်မြတ်ကြီးတို့၏ ဓာတ်တော်များအား အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ပန်ဒစ်နေရူး၏ စီမံဆောင်ရွက်ပေးမှုဖြင့် အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက် ပဿူဝါ စေတီ (ယခုပါကစ္စတန်နိုင်ငံ)မှပင့်ဆောင်ခဲ့ပြီး ၁၉၅၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှစ၍ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။**(ယာပုံ)**

အဆိုပါဓာတ်တော်များအား သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်အတွင်း အများပြည်သူ ဖူးမြော်နိုင်ရေးအတွက် အပတ်စဉ် (ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့များ)တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ ဖူးမြော်နိုင်ရန် ဂေါပကအဖွဲ့မှ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သာသနာရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**






ဦးကျော်ဇေယျ



ဒေါက်တာမောင်အောင်

**○ ရွှေဖုံးမှ**

ဒါက ခြေလှမ်းအစပဲဖြစ်ပါတယ်။ ကျွန်တော်တို့ BRT Lite စနစ်ကိုလုပ်ရတဲ့ရည်ရွယ်ချက်က လိုအပ်ချက်ရှိခဲ့တဲ့ ဘတ်စ်ကားလောကစနစ်ကို ပြင်တာပဲဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုတွေနဲ့ သယ်ယူပို့ဆောင်ရေးစနစ်တွေအရ BRT စနစ်ကို အကောင်အထည်ဖော်ဖို့ အသင့်တော်ဆုံးပါပဲ။ သီးသန့်လမ်းကြောင်းနဲ့ သွားလာပြီး တကယ်ကို ဝန်ဆောင်မှု၊ အဘက်ဘက်က ကောင်းမွန်စိတ်ချရတဲ့စနစ်တွေနဲ့ဆိုရင် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍဟာ ပိုပြင်လာမှာဖြစ်ပြီး တစ်ဖက်ကလည်း ယာဉ်ကြောပိတ်ဆို့နေတာတွေကို နည်းလမ်းပေါင်းစုံနဲ့ တစ်ပြိုင်နက်ဆောင်ရွက်သွားမယ်ဆိုရင် အများပြည်သူအားထားတဲ့ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ဖြစ်လာမှာပါ။ BRT စနစ် စစ်စစ်ကို အကောင်အထည်ဖော်နိုင်တဲ့အထိ တဖြည်းဖြည်းလုပ်ဆောင်သွားရမှာပါ”ဟု ဒေါက်တာမောင်အောင်က ရှင်းပြသည်။

စတင်ပြေးဆွဲသွားမည့် လမ်းကြောင်း(၁)အပြင် ဖေဖော်ဝါရီလကုန်တွင် ပြည်ပမှ ကားသစ် အစီး ၄၀ ထပ်မံရောက်ရှိလာမည်ဖြစ်ရာ အဆိုပါကားသစ်များ ထပ်မံရောက်ရှိလာပါက လမ်းကြောင်း(၂)ဖြစ်သည့် ကမ္ဘာအေးဘုရားလမ်းကို အခြေပြုပြေးဆွဲမည့်ခရီးစဉ်ကို စတင်ပြေးဆွဲသွားမည်ဟု သိရသည်။ လမ်းကြောင်း(၂)ခရီးစဉ်မှာ ထောက်ကြန့်လမ်းဆုံမှ ၈ မိုင်အထိ၊ ယင်းမှ နဝဒေးရုပ်ရှင်ရုံ၊ ချော်တွင်းကုန်းမှတ်တိုင်များကို ဖြတ်သန်းကာ ကမ္ဘာအေးဘုရားလမ်းအတိုင်းမောင်းနှင်ရန် ရွှေဂုံတိုင်၊ ဗဟန်း ၃ လမ်းမှတ်တိုင်တို့ကိုဖြတ်ပြီး ဗိုလ်ချုပ်လမ်းနှင့် ဆူးလေဘုရားလမ်းဆုံ၊ ထိုမှတစ်ဆင့် ပန်းဆိုးတန်းမှတ်တိုင်ကိုဖြတ်ရန် ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်ဘုရားလမ်းဆုံမှ တစ်ဆင့် ကမ်းနားလမ်းအတိုင်းမောင်းနှင်ကာ ကမ်းနားလမ်းနှင့် ဘုန်းကြီးလမ်း လမ်းဆုံတို့မှတစ်ဆင့် ပြည်လမ်းမကြီးပေါ်သို့ ပြန်လည်ဆက်သွယ်ကာ ပြည်လမ်းအတိုင်း မြေနီကုန်း၊ လှည်းတန်း၊ ၈ မိုင်တို့ကို ဖြတ်သန်းပြီး ထောက်ကြန့်လမ်းဆုံသို့ မောင်းနှင်မည့် ခရီးစဉ်ကို စတင်ပြေးဆွဲမည်ဟု သိရသည်။

အဆိုပါ ဘတ်စ်ကားခရီးစဉ်များကို အကောင်အထည်ဖော်ပြေးဆွဲရာတွင် ယာဉ်နောက်လိုက်များ ထားရှိမည်မဟုတ်ဘဲ နိုင်ငံတကာသုံး ကတ်စနစ်ဖြင့် ယာဉ်ပေါ်အတက်တွင် ယာဉ်စီးနင်းခ စက်တွင်ပိုင်းဖြတ်သွားသည့်စနစ်ကို ကျင့်သုံးသွားမည် ဖြစ်သည်။

“ဒီကတ်စနစ်ဟာ စင်ကာပူမှာ သုံးနေတဲ့ စနစ်လိုပါပဲ။ ကျွန်တော်တို့က ကတ်ကို Any Pay Card လို့ အမည်ပေးထားပါတယ်။ နောက်ပိုင်းမှာ ဘတ်စ်ကားမှာသာမက ရထား၊ ဈေးဝယ်တဲ့နေရာတွေမှာ ဒီကတ်နဲ့ အသုံးပြုလို့ရတဲ့အထိကို ရည်မှန်းထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ကတ်ဖိုးကောက်ခံမှာမဟုတ်ဘဲ ယာဉ်စီးနင်းခအဖြစ် ငွေဖြည့်ပြီး စီးနင်းရမှာ ဖြစ်ပါတယ်။ စစချင်းမှာ ဒီစနစ်နဲ့ ကျွမ်းဝင်မှုရှိအောင် ပညာပေးဆောင်ရွက်တာတွေ လုပ်ပါမယ်။ နေရာတိုင်းမှာ ငွေဖြည့်နိုင်တဲ့စက်တွေ ထားရှိသွားမယ့်အစီအစဉ်တွေ ရှိပါတယ်။ တန်းစီတဲ့စနစ်နဲ့ ဘတ်စ်ကားပေါ်တက်ပြီး စီးနင်းခကို ကားပေါ်က စက်မှာ ကပ်လိုက်ရုံနဲ့ ယာဉ်စီးခ ၃၀၀ ကျပ်ကို ပိုင်းဖြတ်သွားမှာ ဖြစ်ပါတယ်။ အချိန်အားဖြင့်လည်း စက္ကန့်ပိုင်းလေးပဲ ရှိပါတယ်။ ကားပေါ်အတက် ညာဘက်အခြမ်းမှာ တပ်ဆင်ထားတာ ဖြစ်ပါတယ်။ အဆင်းကတော့ နောက်က ဆင်းရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားမှာလိုတော့ အတက်၊ အဆင်း ကတ်ဖြတ်စရာမလိုပါဘူး။ ပုံသေယာဉ်စီးခ သတ်မှတ်ထားတာဖြစ်တဲ့အတွက် အတက်မှာပဲ လုပ်ဆောင်ရမှာပါ။ ယာဉ်စီးခကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီက သတ်မှတ်ထားတဲ့ ယာဉ်စီးခပါပဲ”ဟု BRT Lite စနစ်ဖြင့် ဘတ်စ်ကားအခြေပြု သီးသန့်အမြန်ယာဉ်လိုင်းတွင် အသုံးပြုသွားမည့် ကတ်စနစ်နှင့်ပတ်သက်၍ လုပ်ငန်းတင်ဒါအောင်မြင်ခဲ့သည့် Integrated Smart Solutions ကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်ဇေယျက ရှင်းပြသည်။

ယင်းသို့ ဘတ်စ်ကားပြေးဆွဲရန်အတွက် သီးသန့်ယာဉ်ရပ်မှတ်တိုင်များကိုလည်း တည်ဆောက်ပြီးပြီဖြစ်ပြီး မှတ်တိုင်များတွင် အဆိုပါကတ်စနစ်အသုံးပြုပုံ၊ ဘတ်စ်ကားပြေးဆွဲမည့် လမ်းကြောင်းခရီးစဉ်များကို ဖော်ပြပေးထားကာ BRT Lite စနစ် ယာဉ်လမ်းကြောင်းအတွက် ယာဉ်ရပ်မှတ်တိုင်ပေါင်း ၃၇ ခု တည်ဆောက်ထားရှိပေးထားသည်ဟု သိရသည်။

ရန်ကုန်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် တစ်ဦးတစ်ယောက်ချင်းပိုင် မော်တော်ယာဉ်များကို စုစည်းကာ သယ်ယူပို့ဆောင်ရေးကို နှစ်ပေါင်းများစွာ ဆောင်ရွက်လာခဲ့ပြီး ခရီးသည်တင်ယာဉ်မဟုတ်သည့် ယာဉ်များဖြင့်လည်း ပြေးဆွဲမှုများရှိခဲ့သည်။ အများပြည်သူ ဝန်ဆောင်မှုပေးသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အားနည်းချက်များစွာရှိခဲ့ပြီး အစိုးရမှ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိဘဲ ပုဂ္ဂလိကတစ်ဦးတစ်ယောက်ချင်း ယာဉ်များကိုသာအားကိုးခဲ့ရ၍ ယာဉ်လမ်းကြောင်းများလည်း စနစ်ကျမှုမရှိကာ ခရီးစဉ်တူညီနေမှုများ၊ လမ်းကြောင်းရှုပ်ထွေးမှုများလည်း ကြုံတွေ့နေရသည်ဟု သိရသည်။ ယင်းအပြင် စည်းကမ်းပိုင်းဆိုင်ရာများ၊ ပြိုင်မောင်း၊ လုမောင်းခြင်းနှင့် အချိန်ကြာမြင့်စွာ ရပ်တန့်ခြင်း၊ ဝန်ဆောင်မှုတစ်ခုအသွင်မဟုတ်ဘဲ ဝင်ငွေရှာဖွေမှုဆိုင်ရာ အဓိကလမ်းကြောင်းတစ်ခုအဖြစ် ဆောင်ရွက်နေရခြင်းတို့ကြောင့် အားနည်းချက်များစွာရှိခဲ့သည်ဟု သိရသည်။ ယင်းသို့သော အခြေအနေမှ စည်းကမ်းတကျ သီးသန့်ယာဉ်လမ်းကြောဖြင့် မောင်းနှင်ပြေးဆွဲမည့် BRT Lite စနစ်မှ အခြားယာဉ်များ ဝင်ရောက်မောင်းနှင်နိုင်ခြင်းမပြုနိုင်သည့် သီးသန့်ယာဉ်ကြော၊ သီးသန့်မှတ်တိုင်များဖြင့် နိုင်ငံတကာတွင် ကျင့်သုံးနေသော BRT စနစ် စစ်စစ်ပုံစံအထိ ရောက်ရှိဆောင်ရွက်သွားနိုင်ရန် လာမည့်အစိုးရသစ်ကိုလည်း ဆက်လက်တင်ပြသွားမည်ဟု အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

**(ဆုနှင်းလဲ့)**




ယာဉ်စီးခဖြတ် ကတ်စနစ်ဖြင့် ဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

# မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဖေဖော်ဝါရီ ၄ ရက် စတင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

Asian Tour & Japan Tour မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၆ Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲဝင်မည့် ကစားသမားများနှင့် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ယင်းအခမ်းအနားကို မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးကစားသမား ဇော်ဇော်လတ် အပါအဝင် တောင်ကိုရီးယား ဂေါက်သီးကစားသမားများဖြစ်သည့် ယောင်ဟန်ဆောင်နှင့် ကင်မ်၊ သီရိလင်္ကာဂေါက်သီးကစားသမား ပီရီရာတို့ တက်ရောက်ကြပြီး ၂၀၁၆ Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချီးမြှင့်မည့် ဆုဖလားနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ တောင်ကိုရီးယား ဂေါက်သီးကစားသမား ယောင်ဟန်ဆောင်မှာ ဇန်နဝါရီလ နောက်ဆုံးပတ်က ကျင်းပခဲ့သည့် စင်ကာပူအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိ ကမ္ဘာ့နံပါတ် (၁) အမေရိကန်နိုင်ငံသား ဂျော်ဒန်စပိသ်ကို အနိုင်ယူကာ ချန်ပီယံဆုရရှိခဲ့သူဖြစ်ပြီး ယခုပြိုင်ပွဲကို ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။ ယောင်ဟန်ဆောင်က “မြန်မာနိုင်ငံမှာ ပထမဆုံးလာရောက်ယှဉ်ပြိုင်ဖူးတာပါ။ နောက်ဆုံးယှဉ်ပြိုင်ခဲ့တဲ့ စင်ကာပူအိုးပင်းပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့သလို အခုပြိုင်ပွဲမှာလည်း ဗိုလ်စွဲချင်ပါတယ်။ လောလောဆယ်တော့ မြန်မာအိုးပင်းပြိုင်ပွဲအတွက် အာရုံစိုက်ထားပါတယ်” ဟု ပြောကြားသည်။ ၂၀၁၅ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုကြေးငွေအများဆုံးရရှိပြီး Order of Merit ဆုရရှိခဲ့သည့် ဇော်ဇော်လတ်က “နာမည်ကြီးကစားသမားတွေ လာရောက်ယှဉ်ပြိုင်ကြမှာဖြစ်လို့ ပိုပြီးကြိုးစားရမှာပါ။ လေ့ကျင့်ပြင်ဆင်နေပါတယ်”ဟု ပြောကြားခဲ့သည်။

၂၀၁၆ မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ ရွှေ့ရယ်မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ ဂေါက်သီးကစားသမား ၁၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ လက်ရှိ ကမ္ဘာ့နံပါတ်(၁)ဂေါက်သီးကစားသမား ဂျော်ဒန်စပိသ်ကို အနိုင်ယူထားသည့် တောင်ကိုရီးယားဂေါက်သီးကစားသမား ယောင်ဟန်ဆောင်အပါအဝင် လက်ရှိမြန်မာအိုးပင်းချန်ပီယံချာဝါလစ်ပလာဖိုလ် (ထိုင်း)နှင့် တောင်အာဖရိက ဂျိမ်းကင်စတန်၊ အမေရိကန်မှ အန်တိုနီကင်းသြစတြေးလျမှ ဘီရန်ပရတ်၊ ထိုင်းနိုင်ငံမှ ဘွန်ချူးရန်ကစ်သောင်ချိုင်းဂျိုက်ဒီနှင့် ပရာယတ် တို့ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဂေါက်သီးအကျော်အမော်များလည်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။ **(ရှိုင်းထက်ဇော်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲစတင်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ကြေညာ



**ဂျီနီဗာ ဖေဖော်ဝါရီ ၂**

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်မှစ၍ တရားဝင်စတင်ကျင်းပလျက်ရှိကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ကြေညာသည်။

ဆီးရီးယားနိုင်ငံ၌ အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ကြိုးပမ်းအားထုတ်ကြရန်လည်း ကုလသမဂ္ဂက တိုက်တွန်းသည်။ ထိုစဉ်အတွင်း ဆီးရီးယားနိုင်ငံအလက်ပိုမြို့မြောက်ဘက်၌ ရုရှား၏လေကြောင်းပစ်ကူပေးမှုနှင့်အတူ အစိုးရတပ်ဖွဲ့များက အကြီးဆုံးသောထိုးစစ်ကို ဆင်နွှဲလျက်ရှိသည်။

အစိုးရတပ်ဖွဲ့များနှင့် ယင်းနှင့်မဟာမိတ်ပြုထားသော တိုက်ခိုက်ရေးသမားများသည် အလက်ပိုမြို့အနီးတောင်ကုန်းထူထပ်သော ကျေးလက်ဒေသများကို ဖေဖော်ဝါရီ ၁ ရက်က သိမ်းယူခဲ့သည်။ အတိုက်အခံတပ်ဖွဲ့များက အသုံးပြုသော အဓိကထောက်ပံ့ရေးလမ်းကြောင်းကို ထိန်းချုပ်နိုင်ရေးအတွက် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတိုးတက်စေရန် ကြိုးပမ်းအားထုတ်မည်ဟု ဆီးရီးယားအစိုးရအဖွဲ့က ကတိပြုခဲ့သော်လည်း အစိုးရတပ်ဖွဲ့များက အတိုက်အခံတပ်ဖွဲ့များကို ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။

လေကြောင်းမှဗုံးကြဲတိုက်ခိုက်ခြင်း၊ မြို့များကို ပိတ်ဆို့ထားခြင်းမှ ရုပ်သိမ်းပေးခြင်း၊ အကျဉ်းသားများကို ပြန်လည်လွှတ်ပေးခြင်းတို့မရှိပါက ကုလသမဂ္ဂက ဂျီနီဗာမြို့၌ကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်မည်မဟုတ်ကြောင်း အတိုက်အခံများက ပြောကြားကြသည်။ **ရိုက်တာ။**

## တရုတ်ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာစည်းမျဉ်းများ မလေးရှားဖျက်သိမ်းမည်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂**

တရုတ်နိုင်ငံမှ အလည်အပတ်လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအားလုံးအတွက် ဗီဇာစည်းမျဉ်းများအားလုံးကို မတ်လမှစ၍ ဖျက်သိမ်းပေးရန် မလေးရှားအစိုးရအဖွဲ့က သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ကျဆင်းမှုကြောင့် အစိုးရအဖွဲ့ဝင်ငွေ ထိခိုက်ရခြင်း၊ စားသုံးသူများသုံးစွဲမှုလျော့ချခြင်း စသည့်အကြောင်းတရားများအရ စီးပွားရေးတိုးတက်မှုထိခိုက်ခြင်း မရှိစေရေးအတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန် အစိုးရအဖွဲ့က ရည်မှန်းကြောင်း သတင်းတွင်ဖော်ပြသည်။

လွန်ခဲ့သည့် ၁၈ လတာကာလပတ်လုံး မလေးရှားအစိုးရအဖွဲ့က တရုတ်ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာကြေးသက်ညှာခွင့်ပေးခဲ့သည်။ မလေးရှားနိုင်ငံသို့ အုပ်စုလိုက်အလည်အပတ်လာရောက်သူ ကမ္ဘာလှည့်များသည် ဗီဇာရယူရန် လိုအပ်တော့မည်မဟုတ်ကြောင်း၊ အီး-ဗီဇာစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် မတ်လက မလေးရှားလေကြောင်းဌာနမှ ခရီးစဉ်အမှတ် အမ်အိပ်ချ်-၃၇၀ လေယာဉ်တစ်စင်း ပျောက်ဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် မလေးရှားနိုင်ငံသို့ တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုကျဆင်းခဲ့ရသည်။ ယင်းဖြစ်စဉ်တွင် တရုတ်ခရီးသည် ၁၅၄ ဦး သေဆုံးခဲ့ရသည်။ **ရိုက်တာ။**



## ထိုင်းနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရမှုဖြစ်ပွား

**ဗန်ကောက် ဖေဖော်ဝါရီ ၂**

ထိုင်းကျန်းမာရေးတာဝန်ရှိသူများက ထိုင်းနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုတစ်ခုဖြစ်ပွားကြောင်း အတည်ပြုပြောကြားသည်။ အသက် (၂၂) နှစ်ရှိအမျိုးသားတစ်ဦးကို ခြင်မှတစ်ဆင့် ကူးစက်ပြန့်ပွားသည့် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း ထိုင်းကျန်းမာရေးတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဖျားဝေဒနာနှင့် အခြားသော ရောဂါလက္ခဏာများခံစားရသည့်အတွက် အဆိုပါအမျိုးသားသည် ဗန်ကောက်မြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးကုသမှုခံယူခဲ့ပြီး အခြေအနေကောင်းမွန်လာသည့်အခါ နောက်နှစ်ရက်တွင် ဆေးရုံမှဆင်းခဲ့သည်ဟု သိရသည်။

ကျန်းမာရေးတာဝန်ရှိသူများက အဆိုပါအမျိုးသားတွင် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားပြီး ၎င်း၏အခြေအနေကို သီတင်းတစ်ပတ်ကြာစောင့်ကြည့်လေ့လာသွားမည်ဟု ဆိုသည်။

အဆိုပါအမျိုးသားသည် မကြာသေးမီကာလများအတွင်း ပြည်ပသို့သွားရောက်ခဲ့ခြင်းမရှိသည့်အတွက် ဇီကာဗိုင်းရပ်စ်ပိုးကို ထိုင်းနိုင်ငံတွင်း၌ပင် ကူးစက်ခံရခြင်းဖြစ်သည်။ လွန်ခဲ့သည့် ဇန်နဝါရီ ၁၀ ရက်တွင်လည်း ထိုင်းအမျိုးသားတစ်ဦးတွင် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။ အဆိုပါအမျိုးသားသည် ထိုင်းနိုင်ငံမြောက်ပိုင်းမှ ထိုင်ဝမ်သို့ရောက်ရှိလာစဉ် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ရပြီး တိုင်ပေတွင် ဆေးကုသမှုခံယူခဲ့ရသည်။ ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုမှာ ထိုင်းနိုင်ငံတွင် နှစ်စဉ်လိုလိုဖြစ်ပွားလျက်ရှိသည်။

ထိုင်းအစိုးရက နိုင်ငံတစ်ဝန်း ခြင်ခိုအောင်းရာနေရာများရှင်းလင်းရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ **(အပေါ်ပုံ)**ထို့ပြင် အဖျားဝေဒနာနှင့် အခြားသော ရောဂါလက္ခဏာများခံစားရသည့်အတွက် ဆေးရုံများသို့ ရောက်ရှိလာသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုလည်း ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုရှိ၊ မရှိ စစ်ဆေးသွားမည်ဖြစ်သည်။

ဇီကာဗိုင်းရပ်စ်ပိုးသည် ယခုလောလောဆယ် တောင်အမေရိကတိုက်တွင် အများအပြားကူးစက်ဖြစ်ပွားလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ဖြစ်ပွားနိုင်မှုနှင့် ပတ်သက်၍ နိုင်ငံတကာလူထုကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

## ဂင်းနစ်စံချိန်ဝင် ကမ္ဘာ့အရှည်ဆုံး ကြိုးသုံးချောင်း ကေဘယ်လ်ကားစနစ် ဗီယက်နမ်နိုင်ငံ၌ ဖွင့်လှစ်

**ဟန်နွိုင်း ဖေဖော်ဝါရီ ၂**

ကမ္ဘာ့အရှည်ဆုံး ကြိုးသုံးချောင်းကေဘယ်လ်ကားစနစ်ကို ဗီယက်နမ်နိုင်ငံမြောက်ပိုင်း လောင်ကိုင်ပြည်နယ်၌ ဖေဖော်ဝါရီ ၂ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

စုစုပေါင်းအရှည် ၆၂၉၂ ဒသမ ၅ မီတာရှိသော အဆိုပါစနစ်ကို ကမ္ဘာ့အရှည်လျားဆုံး ကြိုးသုံးချောင်းအသုံးပြုထားသည့် ကေဘယ်လ်ကားလမ်းကြောင်းအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့က အသိအမှတ်ပြုခဲ့ပြီး ယင်းကေဘယ်လ်ကားများ ထွက်ခွာရာစခန်းနှင့် ဆိုက်ရောက်စခန်းများကြား ကမ္ဘာ့အကြီးဆုံးအမြင့်ကွာဟချက်မှာ ၁၄၁၀ မီတာရှိသည်။ မောင်ဟိုအာချိုင့်ဝှမ်းနှင့် ဟန်နွိုင်းမြို့တော်အနောက်မြောက်ဘက် ၂၅၀ ကီလိုမီတာခန့်အကွာ လောင်ကိုင်ပြည်နယ်ရှိ ဖန်စီပန်တောင်ကိုဆက်သွယ်ပေးသော အဆိုပါကြိုးသုံးချောင်းကေဘယ်လ်ကားစနစ်မှာ အခန်းငယ်တစ်ခုလျှင် ခရီးသည် ၃၅ ဦးတင်ဆောင်၍ တစ်နာရီလျှင် ခရီးသည် ၂၀၀၀ သယ်ဆောင်နိုင်ကြောင်း သိရသည်။

ကြိုးသုံးချောင်းသုံးကေဘယ်လ်ကားစနစ်က အင်ဒိုချိုင်းနားကျွန်းဆွယ်ခေါင်မိုးဟု အမည်တစ်မျိုးပေးထားသည့် အမြင့် ၃၁၄၃ မီတာရှိ ဖန်စီပန်တောင်ထိပ်သို့သွားရောက်သည့်အချိန်ကို ၁၅ မိနစ်ထိ သက်သာစေသည်။ ကေဘယ်လ်ကားစနစ်တည်ဆောက်မှုကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး ယင်းစနစ်က လောင်ကိုင်ပြည်နယ်ဆာပါမြို့သို့ လာရောက်လည်ပတ်သည့် ခရီးသွားအရေအတွက်ကို နှစ်စဉ် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ မြင့်တက်စေမည်ဖြစ်ပြီး ၂၀၂၀ ခုနှစ်မတိုင်မီ ခရီးသွားဦးရေ သုံးသန်းဝန်းကျင် ရောက်ရှိမည်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံပိုင်သတင်းဌာန VNA က ရေးသားဖော်ပြသည်။ **ဆင်ဟွာ။**


ဂျော်ဒန်နိုင်ငံရှိ ဒုက္ခသည်စခန်းကို တွေ့ရစဉ်။

## ဆီးရီးယားဒုက္ခသည်ပြဿနာဖြေရှင်းနိုင်ရေး နိုင်ငံတကာကို ဂျော်ဒန်တိုက်တွန်း

**အမ္မန် ဖေဖော်ဝါရီ ၂**

ဆီးရီးယားဒုက္ခသည်များအလုံးအရင်းဖြင့်ဝင်ရောက်လာနေမှုပြဿနာကို မိမိနိုင်ငံအနေဖြင့် ကိုင်တွယ်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာထံမှ ကာလရှည်အကူအညီရရှိရန်လိုအပ်ကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာက ဘီဘီစီသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

ဒုက္ခသည်ပြဿနာသည် ဂျော်ဒန်နိုင်ငံ၏ လူမှုဝန်ထမ်းဌာနများအပေါ် ဖိစီးနေပြီး ဒေသတည်ငြိမ်ရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ဂျော်ဒန်နိုင်ငံသည် ကုလသမဂ္ဂကမှတ်ပုံတင်ထားသော ဆီးရီးယားဒုက္ခသည် ၆၀၀၀၀၀ ကျော်ကို လက်ခံထားရပြီးဖြစ်ကြောင်း ဂျော်ဒန်ဘုရင်က ပြောကြားသည်။

လန်ဒန်တွင် မကြာမီက ကျင်းပခဲ့သော နိုင်ငံတကာအလှူရှင်များညီလာခံတွင် ဥရောပသမဂ္ဂက ဂျော်ဒန်၊ လက်ဘနွန်နှင့် အီရတ်နိုင်ငံတို့ရှိဒုက္ခသည်များအတွက် ယူရို ၂ ဘီလီယံခန့် (ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ)ထောက်ပံ့ပေးရန် ကတိပြုခဲ့သည်။ **ရိုက်တာ။**

# မြန်မာ့အသံ၏ နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် ဂုဏ်ပြုအစီအစဉ်များအပါအဝင် ဇာဂနာဦးဆောင်သည့်အငြိမ့်သုံးခုနှင့် အင်ပါယာတေးဂီတအဖွဲ့တို့ ပါဝင်ဖျော်ဖြေတင်ဆက်မည်

သတင်းနှင့် ဓာတ်ပုံ
စန္ဒာဝင်း၊ နိုင်လင်းကြည်၊
နေဇာထွန်း




နှစ်(၇၀)ပြည့် အခမ်းအနားအတွက် ဖျော်ဖြေမည့် မြပုဏ္ဏမာအငြိမ့်အတွက် အဖွင့်ယိမ်း လေ့ကျင့်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂**

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာ့အသံ၏ သက်တမ်းသည် ယခု ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် နှစ်(၇၀) ပြည့်မြောက်ခဲ့ပြီဖြစ်သောကြောင့် နှစ်(၇၀) ပြည့် နှစ်ပတ်လည် အခမ်းအနားအဖြစ် ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ ရေဒီယိုအစီအစဉ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဂုဏ်ပြုအစီအစဉ်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဂုဏ်ပြုအစီအစဉ် (Special week)စသည့် အစီအစဉ်များဖြင့် စည်ကားစွာကျင်းပသွားမည်ဖြစ်သည်။

ထိုသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်များတွင် မြန်မာ့အသံမှ အနုပညာလောကသို့ ရောက်ရှိအောင် မွေးထုတ်ပေးလိုက်သည့် (ဦး)ဇာဂနာ ဦးဆောင်သည့် အငြိမ့်အဖွဲ့များက ဦးဆောင်ခဲ့သည်။ ယခုအခမ်းအနားနှင့် ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်၊ (ဦး)ဇာဂနာ၊ (ဦး)ကင်းကောင်၊ (ဦး)ညောင်ညောင်တို့အား မေးမြန်းဖြစ်ခဲ့သည်။



(ဦး)ဇာဂနာ



(ဦး)ညောင်ညောင်



(ဦး)ကင်းကောင်



ဦးမျိုးမြင့်အောင်

"ကျွန်တော်တို့က တက္ကသိုလ်ကနေစပြီး လူရွှင်တော်လုပ်ခဲ့ကြတာပါ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ၁၉၈၀ စမ်းသပ်ကာလကတည်းက ကျောင်းသားတွေအဖြစ်နဲ့ ဝင်ရောက်လုပ်ခဲ့တာပါ။ တစ်ညကို နာရီဝက်အငြိမ့် ကကြတယ်။ ကျွန်တော်တို့ကျောင်းတိုင်းမှာလည်း ဒေသကောလိပ် (၁)၊ (၂)၊ (၃) စတဲ့ အငြိမ့်အဖွဲ့တွေရှိတယ်။ ကျွန်တော်တို့ကောလိပ်မှာဆို ပုလဲသွယ်အငြိမ့်ရှိတယ်။ ဒေသ(၁)က တစ်ခိုင်လုံးရွှေအငြိမ့်ရှိတယ်။ ဒေသ(၂)က ပိတောက်ရွှေဝါအငြိမ့်ရှိတယ်။ အဲဒီအချိန်မှာ မြန်မာ့အသံ ဦးဝင်းကြည်က တက္ကသိုလ်ပေါင်းစုံ မြကျွန်းသာအငြိမ့်ဆိုပြီး လုပ်ချင်တယ်။ အဲဒီမှာ တက္ကသိုလ်ပေါင်းစုံက လူရွှင်တော်တွေ၊ မင်းသမီးတွေကို ရွေးထုတ်လိုက်တာပါ။ ကျွန်တော်ရယ်၊ ကိုမေတ္တာရယ်၊ ကိုအရိုင်းရယ်၊ ကိုချွန်စက်ရယ်၊ ကိုစုတ်ချွန်းရယ်စသဖြင့် ပါသွားတယ်။ ဒီအုပ်စုကြီးက မြန်မာ့အသံရဲ့ စမ်းသပ်ကာလထဲမှာ တောက်လျှောက်ဆိုသလို ကကြတယ်။ တစ်လကို နှစ်ခါလောက်ကတယ်"ဟု လူရွှင်တော်၊ သရုပ်ဆောင်၊ ဒါရိုက်တာ (ဦး)ဇာဂနာက မြန်မာ့အသံနှင့် ချိတ်ဆက်ပြီး အငြိမ့်လောကသို့ ရောက်ရှိလာခဲ့ပုံနှင့် စပ်လျဉ်း၍ ရှင်းပြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၁၉၈၃ ခုနှစ် ဇန်နဝါရီလတွင် တစ်နိုင်ငံလုံးကို အမြဲတမ်းအစီအစဉ်အနေဖြင့် စပြီးထုတ်လွှင့်ခဲ့ရာ အဆိုပါညက မိုးနတ်သူဇာအငြိမ့်ကို စတင်ထုတ်လွှင့်ခဲ့ပြီး မိုးနတ်သူဇာအငြိမ့်တွင် မင်းသမီး သီတာဝင်းဖြစ်ကြောင်း သိရသည်။ ၁၉၈၅ ခုနှစ်တွင် မိုးနတ်သူဇာအငြိမ့်အပြင် 'မြပုဏ္ဏမာအငြိမ့်'ကို မျိုးဆက်သစ်များခေါ်ယူကာ ဆက်လက်တင်ဆက် ကပြခဲ့သည်။ အဆိုပါ မြပုဏ္ဏမာအငြိမ့်တွင် ကင်းကောင်၊ ငှက်ပျောကြော်၊ ဝေါ်ဇီလာ စသည့် တက္ကသိုလ်ကျောင်းသားများ ပါဝင်လာခဲ့ကြောင်း သိရသည်။

"သူတို့ကို ကျွန်တော်နဲ့ အရိုင်းက ဦးဆောင်ပြီးတော့ မင်းသမီးဝင်းသိင်္ဂီနဲ့ မြပုဏ္ဏမာအဖွဲ့ဖြစ်လာတယ်။ အခုမြန်မာ့အသံက နှစ်ပတ်လည်လုပ်တော့မယ်ဆိုတော့ အဖွဲ့သုံးဖွဲ့လုံးကို ပြန်ခေါ်ထားတယ်။ ဖေဖော်ဝါရီ ၃ ရက်မှာ မိုးနတ်သူဇာ စလွှင့်မယ်။ ၄ ရက်၊ ၅ ရက်မှာ တစ်ခိုင်လုံးရွှေလွှင့်မယ်။ ၆ ရက်မှာ မြပုဏ္ဏမာ လွှင့်မယ်။ ဒီမှာ မြပုဏ္ဏမာတစ်ခုတည်းလာကရတာက မိုးနတ်သူဇာက လူတွေဖြစ်တဲ့ ကိုပိန်ပိန်၊ ကိုစုတ်ချွန်း၊ ကိုချွန်စက်တို့က လုပ်ငန်းကိုယ်စီနဲ့ ဖြစ်တာက တစ်ကြောင်း၊ အနုပညာနဲ့ နှစ် ၃၀ လောက်အဆက်ပြတ်သွားတာက တစ်ကြောင်းကြောင့်ပါ။ တစ်ခိုင်လုံးရွှေကျပြန်တော့လည်း ကိုလေးမောင်တို့အဖွဲ့တွေက ကွယ်လွန်ကုန်ကြပြီ။ တကယ်အနုပညာမှာ မြပုဏ္ဏမာတစ်ခုပဲ ကျန်ရစ်ခဲ့တာပါ။ မြပုဏ္ဏမာအငြိမ့်က လူတွေကတော့ အခုထက်ထိ အလုပ်လုပ်နေကြတုန်းပါ။ တစုတစည်းတည်းရှိတာ ဒီတစ်ဖွဲ့ပဲရှိတယ်"ဟု (ဦး)ဇာဂနာက မြန်မာ့အသံ၏ နှစ်ပတ်လည်အခမ်းအနားကျင်းပမည့် နေပြည်တော်တပ်ကုန်းမြို့သို့ မြပုဏ္ဏမာအငြိမ့်တစ်ခုတည်း လာရောက်ကပြခဲ့ရသည့်အကြောင်းရင်းကို ရှင်းပြသည်။

"ကျွန်တော်တို့ကိုယ်တိုင်ကလည်း မြန်မာ့အသံက မွေးထားတဲ့ သားသမီးတွေလို့ ကိုယ့်ကိုယ်ကိုယ်ခံယူထားတဲ့အတွက် ကိုယ့်မိခင်ဌာနကို ပြန်လာရတဲ့ သဘောမျိုးပါ။ ကျွန်တော်တို့အတွက်ကတော့ မြန်မာ့အသံမှာ ဒီလိုလုပ်နိုင်ခဲ့လို့ ဂုဏ်ယူမိပါတယ်။ အားလုံးကလည်း ဂုဏ်ယူပြီးတော့ လာကြတာပါ။ ဘယ်သူမှ မလုပ်သေးတာတစ်ခုရှိတယ်။ Channel Zero ဆိုတဲ့ ဇာတ်လမ်းတွဲ၊ ရင်တွင်းရေးပြဿနာ ဇာတ်လမ်းတွဲတွေ ရိုက်ထားပါတယ်။ Channel Zero ကတော့ လွှင့်ပြီးသွားပြီ။ ရင်တွင်းရေးပြဿနာကတော့ မကြာခင် ထုတ်လွှင့်တော့မှာပါ"ဟု လက်ရှိမြန်မာ့အသံနှင့် တွဲဖက်လုပ်ဆောင်နေမှုနှင့် စပ်လျဉ်း၍ (ဦး)ဇာဂနာက ပြောသည်။

"မြန်မာ့အသံကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှာ Burma Broadcasting Service 'BBS' ဆိုပြီး တည်ထောင်ခဲ့တယ်။ အင်္ဂလိပ်အစိုးရအုပ်ချုပ်ခဲ့တဲ့ ခေတ်ကတည်းက BBS ကို တည်ထောင်ခဲ့တယ်။ ရုပ်မြင်သံကြားကို ၁၉၈၀ ခုနှစ်မှာ စတင်ထုတ်လွှင့်ခဲ့တယ်။ ၂၀၀၈ ခုနှစ်မှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို နေပြည်တော် တပ်ကုန်းကနေ ပြောင်းလဲထုတ်လွှင့်တယ်။ အခု ၂၀၁၆ ခုနှစ် ဖေဖေဝါရီ ၁၅ ရက်ဆိုရင် နှစ်(၇၀) ပြည့်ပါပြီ။ နှစ်(၇၀) ပြည့် အထိမ်းအမှတ်အနေနဲ့ ရုပ်မြင်သံကြား ရက်သတ္တပတ် ထုတ်လွှင့်မှုနဲ့ ရေဒီယိုရက်သတ္တပတ်ဆိုပြီး ထုတ်လွှင့်မှု အစီအစဉ်တွေရှိတယ်"ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၇၀) ပြည့်အထိမ်းအမှတ် ကြိုတင်ပြင်ဆင်နေမှုများနှင့် ပတ်သက်ပြီး ပြောကြားသည်။

"နှစ်ပတ်လည်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၅ ရက်မှာ ညနေ ၄ နာရီကစပြီး မြန်မာ့အသံ နေပြည်တော် တပ်ကုန်းမှာ ဂုဏ်ပြုအခမ်းအနားတွေ၊ အင်ပါယာတေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေတင်ဆက်မှုတွေလည်း ပါပါမယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ပရိသတ်တွေအတွက် MRTV News Channel နဲ့ Entertainment Channel တွေမှာ တိုက်ရိုက်ထုတ်လွှင့်သွားမှာပါ။ ရုပ်မြင်သံကြား၊ ရေဒီယို ရက်သတ္တပတ်ထုတ်လွှင့်မှု ကြိုတင်ပြင်ဆင်မှုအနေနဲ့ အဆိုတော်ပေါင်း ၂၉ ဦးရဲ့ တေးသီချင်းတွေနဲ့ ပြင်ဆင်ထားပါတယ်။ အရင်ခေတ်က အဆိုတော်တွေပါသလို ခေတ်ပေါ်အဆိုတော်တွေနဲ့ ရိုက်ကူးပြီး တေးသီချင်းပေါင်း အပုဒ် ၄၀ ကို ရိုက်ကူးထားတာရှိပါတယ်။ ဒါကတော့ ရန်ကုန်မှာပဲ ရိုက်ကူးခဲ့တာပါ။ နေပြည်တော် တပ်ကုန်းမှာဆိုရင် အဆိုတော်ကြီး ဒေါ်မာမာအေး၊ အဆိုတော်ကြီး ဒေါ်လဲ့လဲ့နဲ့ အရင်ခေတ် တေးသီချင်းတွေကို အခုခေတ်အခြေအနေနဲ့ စပ်ဆိုပြီးတော့ ရိုက်ကူးထားတာတွေကို ထုတ်လွှင့်သွားဖို့ ရှိပါတယ်။ မြပုဏ္ဏမာအငြိမ့်ဟာ မြန်မာ့ရုပ်မြင်သံကြားကနေ စတင်ပေါက်ဖွားလာတာဖြစ်တဲ့အတွက် တစ်ခါပြန်လည်ခေါ်ယူရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ မြန်မာ့ရုပ်မြင်သံကြားမှာ ပါဝင်ခဲ့တဲ့ (ဦး)ဇာဂနာ၊ (ဦး)အရိုင်း၊ (ဦး)ငှက်ပျောကြော်တို့ပါတဲ့ မြပုဏ္ဏမာအငြိမ့်ကို ထုတ်လွှင့်ပြသဖို့ပြင်ဆင်ခဲ့တာပါ"ဟု ၎င်းက ပြောသည်။

လူရွှင်တော်၊ သရုပ်ဆောင် ညောင်ညောင်ကလည်း "ကျွန်တော်က မြပုဏ္ဏမာအငြိမ့် ရိုက်ကူးရေးမှာ ကြီးကြပ်တဲ့ ဒါရိုက်တာသဘောမျိုးနဲ့ပါဝင်ဖြစ်တာပါ။ မြန်မာ့အသံမှာရှိနေတဲ့ အတတ်ပညာရှင်တွေနဲ့ ကျွန်တော်တို့ဆီမှာရှိတဲ့ အတတ်ပညာရှင်တွေ ပူးပေါင်းပြီးတော့ ဆောင်ရွက်ကြမှာပါ။ ကျွန်တော်တို့ဆီကလည်း အသံပိုင်းဆိုင်ရာ၊ ကင်မရာပိုင်းဆိုင်ရာတွေလည်း ပါဝင်ကြမှာပါ။ အဖွင့်မှာ (ဦး)ဇာဂနာ စီစဉ်ထားတာက မင်းသမီးနှစ်ယောက်အပြင် ယိမ်းနဲ့မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေမှာပါ။ ဘေးကမင်းသမီးနှစ်ဆယ်ကျော်လောက်နဲ့ ယိမ်းထွက်မှာပါ။ မြပုဏ္ဏမာအငြိမ့်မှာ အရင်ကပါခဲ့တဲ့လူတွေပဲ ပါဝင်ဖြစ်မှာပါ။ (ကို)ဇာဂနာ၊ (ကို)အရိုင်း၊ (ကို)ငှက်ပျောကြော်၊ (ကို)ကင်းကောင်၊ (ကို)ဖိုးဖြူ၊ (ကို)ဝေါ်ဇီလာတို့ ခြောက်ယောက်ပါမယ်။ မင်းသမီးက ဝင်းသိင်္ဂီပါမယ်။ နောက်ပြီး ဝင်းသပြေထွန်းပါမယ်။

ယဉ်ကျေးမှုဆိုတာ ထိန်းသိမ်းဖို့အရေးကြီးပါတယ်။ အမှန်အတိုင်းပြောရရင်တော့ ပရိသတ်အလိုကို ဇာတ်ခုံပေါ်ကလိုက်လိုက်၊ ဇာတ်ခုံပေါ်ကအလိုကို ပရိသတ်ကကြိုက်လိုက်နဲ့၊ နောက်ပိုင်းဇာတ်ထုပ်တွေကပြန်တော့လည်း ပရိသတ်က မကြည့်၊ ပရိသတ်မကြည့်တော့ နောက်ပိုင်း မကကြတော့ဘူး။ ဘယ်လောက်ဝမ်းနည်းစရာ ကောင်းလိုက်သလဲ။ တကယ့်ဇာတ်သဘင်အနှစ်သာရဆိုတာ နောက်ပိုင်းဇာတ်ထုပ်တွေမှာ ပိုများများပါဝင်တယ်။ ဒါ့ကြောင့် အားလုံးက ကိုယ့်ယဉ်ကျေးမှုကိုချစ်ပြီး ထိန်းသိမ်းတတ်မှဖြစ်မယ်။ ဇာတ်ခုံပေါ်ကလူတင်မကဘူး၊ ပရိသတ်တွေအားလုံး လူတိုင်းလူတိုင်းက တစ်ပြေးညီ ထိန်းသိမ်းဖို့ လိုအပ်တယ်။ စတိတ်ရှိုးတုန်းက လူအုန်းအုန်းထပြီး နောက်ပိုင်းဇာတ်ထုပ်ကျတော့ လူမရှိတော့ အဆင်မပြေဘူး ဖြစ်နေတယ်။ ကျွန်တော့်အနေနဲ့ ပြောရရင်တော့ ခေတ်ပေါ်သံစဉ်တွေ၊ သီချင်းတွေအားပေးလို့ရပါတယ်။ ဒါပေမယ့် ကိုယ့်ရိုးရာ ယဉ်ကျေးမှုကိုလည်း စိတ်ဝင်စားပြီး ထိန်းပေးကြပါ။ ထိုင်းနိုင်ငံမှာဆိုရင်တော့ ရာမဇာတ်ကြီးတွေကို ခံ့ခံ့ထည်ထည် သေချာကပြကြတာ သူ့လူမျိုးတင်မကဘူး၊ နိုင်ငံခြားသားတွေပါ အမြတ်တနိုးလာရောက်ကြည့်ရတယ်။ ကျွန်တော်တို့လည်း အဲဒီလိုဖြစ်အောင် ဆက်ပြီးကြိုးစားကြမှာပါ"ဟု ပြောသည်။

လူရွှင်တော်၊ သရုပ်ဆောင် ကင်းကောင်ကလည်း "မြပုဏ္ဏမာအငြိမ့်ဆိုတာ လွန်ခဲ့တဲ့ ၁၉၈၄-၁၉၈၅ လောက်ကတည်းက တက္ကသိုလ်ကျောင်းသားတွေနဲ့ စခဲ့တာပါ။ အခုလို မြန်မာ့အသံမှာ ကျင်းပတဲ့ ဒီလိုပွဲမှာ ကျွန်တော့်အနေနဲ့ ပါဝင်ကူညီရမှာပါ။ ဘာလို့လဲဆိုတော့ အခုခေတ်လူငယ်တွေက အငြိမ့်ဆိုတာ မသိကြတော့ဘူး။ လူငယ်လူရွယ်တွေ သိအောင်၊ နားလည်အောင် အခုလိုထုတ်လွှင့်တင်ဆက်ပေးတာပါ။ လူငယ်တွေကို ပြောချင်တာကတော့ လူငယ်တွေ စာဖတ်ကြပါ။ ဘယ်စာမဆိုဖတ်ပါ။ စာဖတ်ခြင်းအားဖြင့် အငြိမ့်ဆိုတာ သိလာမယ်။ ရုပ်ရှင်ဆိုတာ သိလာမယ်။ ပြဇာတ်ဆိုတာတွေကို သိလာမယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု ပြောသည်။

မိုးနတ်သူဇာ၊ မြပုဏ္ဏမာနှင့် တစ်ခိုင်လုံးရွှေ အငြိမ့်အဖွဲ့များကို မြန်မာ့အသံက မွေးထုတ်ပေးလိုက်ခြင်းဖြစ်သည်။ လက်ရှိတွင် (ဦး)ဇာဂနာ ဦးဆောင်၍ မိုးနတ်သူဇာနှင့် တစ်ခိုင်လုံးရွှေအငြိမ့်ကို ရန်ကုန်တွင် ရိုက်ကူးခဲ့ကာ ဖေဖော်ဝါရီ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ထုတ်လွှင့်မည်ဖြစ်ပြီး မြပုဏ္ဏမာအငြိမ့်ကို နေပြည်တော် တပ်ကုန်းတွင်သာ ကပြထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အသံ၏ နှစ်(၇၀) ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် အင်ပါယာတေးဂီတ ဖျော်ဖြေမှုအစီအစဉ် ပါဝင်မည်ဖြစ်ပြီး အင်ပါယာတေးဂီတနှင့်အတူ အဆိုတော် ဇော်ပိုင်၊ ရင်ဂို၊ ဝေလ၊ နီနီခင်ဇော်၊ ချမ်းချမ်း၊ ဆုန်သင်းပါရ်၊ သားစိုးနှင့်အဖွဲ့တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

# ဆေးပညာသတင်းဆန်းများ (၁၂၄)



ဒေါက်တာကံညွန့်

ယခုဖော်ပြလိုတဲ့ သတင်းကတော့ ဆေးပညာလောကမှာဖြစ်ပေါ်နေတဲ့ ဆေးယဉ်ပါးမှုပြဿနာကို အတော်အသင့်ဖြေရှင်းနိုင်မယ့် ပိုးသေဆေး (Antibiotic)ဆေးအသစ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့ပြီဆိုတဲ့ သတင်းပါ။ ဒီလိုဖော်ထုတ်နိုင်ခဲ့သူတွေကတော့ ဂျာမဏီနိုင်ငံ Bonn Universiry နှင့် အမေရိကန်နိုင်ငံ Boston မြို့ Northestern University က ဆေးပညာရှင်တွေပဲဖြစ်ပါတယ်။ ဒီဆေးကို TEIXOBACTIN လို့ အမည်ပေးထားပြီး ဒီဆေးဟာ ဆေးယဉ်ပါးမှုပြဿနာနှင့် ကြုံတွေ့နေရတဲ့ T.B,Pneumonia အပါအဝင် ရောဂါပိုးများကို သေစေနိုင်တဲ့အစွမ်းရှိတယ်လို့ ဆိုပါတယ်။

ယခုလောလောဆယ်မှာ ဆေးမတိုးတော့တဲ့ TB(Multiple Drug Resistant TB) (MDRT) ခံစားနေရသူဝေဒနာရှင်ပေါင်း ကိုးသန်းခန့်ရှိတယ်လို့ ဆိုပါတယ်။ ယခု ဒီဆေးပေါ်လာတာဟာ ဆေးယဉ်ပါးမှုပြဿနာကို ရင်ဆိုင်နေရတဲ့ အခြားဝေဒနာရှင်တွေအတွက်လည်း ဝမ်းသာစရာဖြစ်ပြီး ဒီဆေးဟာ နောက်နှစ်အနည်းငယ်အတွင်း ဈေးကွက်ထဲဝင်ရောက်လာတော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သားဖွားမှုနှင့်သက်ဆိုင်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေ ကလေးမွေးတဲ့အခါ ၃၈ ပတ်မတိုင်မီ မွေးတဲ့ကလေးကို လမစေ့ဘဲမွေးတဲ့ကလေးလို့ အများအားဖြင့် သတ်မှတ်ထားကြပါတယ်။ ဒီလို Premature ကလေးတွေဟာ များသောအားဖြင့် ဦးနှောက်သွေးယိုရောဂါနဲ့ သေဆုံးရတတ်ပါတယ်။ ဒီလိုသေဆုံးရတာကို ကာကွယ်နိုင်တဲ့နည်းလမ်းတစ်ခုကို ဆေးပညာရှင်တွေ တွေ့ရှိခဲ့ပါတယ်။

ဒါကတော့ ဒီလိုကလေးမျိုးမွေးပြီး ချက်ချင်းမှာ ချက်ကြိုး (Umblical Cord)ကိုမဖြတ်ဘဲ ၄၅ စက္ကန့်ခန့် စောင့်ဆိုင်းပြီးမှဖြတ်တာဟာ ဒီလိုကလေးသေဆုံးမှုနှုန်းကို လျော့သွားစေတယ်လို့ဆိုပါတယ်။ ဒီလေ့လာချက်ကို ပြုလုပ်ခဲ့သူတွေကတော့ အမေရိကန်နိုင်ငံ Dallas မြို့ အခြေပြု Baylor Research Institute က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့အဆိုအရ ဒီလိုပြုလုပ်ခြင်းဖြင့် ဦးနှောက်သွေးယိုမှုကြောင့် ကလေးသေဆုံးရခြင်းက ၅၀ ရာခိုင်နှုန်း ကာကွယ်နိုင်တယ်လို့ဆိုပါတယ်။ ကလေးတွေလက်တွေ့မွေးထုတ်ပေးနေရတဲ့ ဆေးပညာရှင်တွေနဲ့ သားဖွားဆရာမတွေအတွက် အပန်းမကြီးဘဲ လုပ်နိုင်တဲ့ အလုပ်တစ်ခုဖြစ်လို့ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလို့တဲ့သတင်းတစ်ပုဒ်ကတော့ ကလေးတွေ သကြားဓာတ်ဘယ်လောက်စားသင့်တယ်ဆိုတဲ့အကြောင်းပါ။ အင်္ဂလန်နိုင်ငံက ကလေးတွေကို လေ့လာကြည့်တဲ့အခါ လေးနှစ်မှ ၁၀ နှစ်အရွယ် ကလေးတွေဟာ တစ်နှစ်မှာ သကြားဓာတ် 22 Kilogram စားသုံးနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါဟာများနေပြီး ကလေးတွေမှာ Tooth Decay လို့ခေါ်တဲ့ သွားပိုးစားခြင်း၊ အဝလွန်ခြင်းတို့ကို ဖြစ်ပေါ်စေတယ်လို့ဆိုပါတယ်။ များသောအားဖြင့် ကလေးတွေဟာ အချိုရည်၊ ဘီစကွတ်၊ ချောကလက်၊ ကိတ်မုန့်စတာတွေကို စားသုံးတာများနေတဲ့အတွက် အခုလိုသကြားဓာတ် ပိုနေရတာဖြစ်တယ်လို့ ဆိုပါတယ်။ အင်္ဂလန်နိုင်ငံက အာဟာရဆိုင်ရာ ကျန်းမာရေးအရာရှိချုပ် Chief Nutritionist of Public Health ရဲ့ အဆိုအရ ငါးနှစ်အရွယ်ကလေးဟာ တစ်နေ့မှာ သကြားဓာတ် 19 gram၊ ၇ နှစ်မှ ၁၀ နှစ်အရွယ်ကလေးဟာ 24 Gram၊ အသက် ၁၁ နှစ်နှင့်အထက်ကြီးတဲ့ ကလေးတွေဟာ 30 gram ထက်ပိုပြီး မစားသုံးသင့်ဘူးလို့ဆိုပါတယ်။ အင်္ဂလန်နိုင်ငံမှာတော့ ကလေးမိဘတွေကို ဒီအကြောင်းပညာပေးဖို့ Sugar Smart Campaign ဆိုပြီး ပြုလုပ်ဖို့ စီစဉ်နေကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်က အဆုတ်အစားထိုးခွဲစိတ်ကုသမှုခံယူကြမယ့်သူတွေအတွက်သတင်းတစ်ပုဒ်ပါ။ နာတာရှည်အဆုတ်ရောင်ရောဂါရှိသူတွေ၊ အဆုတ်ကင်ဆာဝေဒနာရှင်တွေမှာ အဆုတ်အစားထိုးကုသတော့မယ်ဆိုရင် ဒီလိုအစားထိုးကုသနေစဉ်အတွင်း သာမန်လူအဆုတ်လိုပဲ အလုပ်လုပ်ပေးနိုင်မယ့် အဆုတ်စက်တစ်ခုကို တီထွင်နိုင်ခဲ့ပြီလို့ဆိုပါတယ်။ ဒီအဆုတ်ဟာ ၁၁ နာရီကြာမြင့်အောင် အဆုတ်တာဝန်ကို လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အဆုတ်အစားထိုးကုသမှုခံယူသူတွေအတွက် ခွဲစိတ်ကုသမှုဆောင်




ရွက်ရာမှာ များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ဒါကို တီထွင်နိုင်သူတွေကတော့ Belgium နိုင်ငံ Leuven University Hospital က ဆေးပညာရှင်တွေဖြစ်ပြီး ထုတ်လုပ်သူတွေကတော့ အမေရိကန်နိုင်ငံက Transmedics ကုမ္ပဏီတို့ပဲဖြစ်ပါတယ်။ ဒီစက်ပေါ်လာတာဟာ အဆုတ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ရာမှာ လူနာအတွက်ရော ဆရာဝန်တွေအတွက်ပါ အထူးအဆင်ပြေစေမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ကျူးဘားနိုင်ငံက ဆေးပညာရှင်တွေဖော်ထုတ်လိုက်တဲ့ ကင်ဆာရောဂါကာကွယ်ဆေးတစ်ခုအကြောင်းပါ။ သူတို့ကတော့ ဒီဆေးကို CIM AVAX-EGF လို့ အမည်ပေးထားပါတယ်။ ကျူးဘားနိုင်ငံတွေ့ရှိခဲ့တဲ့ ဒီဆေးကိုအသုံးပြုခဲ့တဲ့ New York မြို့ Roswell Park Cancer Institute က ကင်ဆာဆရာဝန်ကြီးတစ်ဦးကတော့ အဆင့်(၄) ရောက်နေတဲ့ Non Small Cell Lung Cancer (NSCLC) ဝေဒနာရှင်တစ်ဦးဟာ ဒီဆေးကြောင့် မှန်းထားတာထက် အချိန်များစွာပိုပြီး အသက်ရှင်နေထိုင်ခဲ့တယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ ဒီဆေးဟာ ကင်ဆာ Cellတွေကြီးထွားအသက်ရှင်နေထိုင်ဖို့လိုအပ်တဲ့ EGF လို့ အတိုကောက်ခေါ်တဲ့ (Epithelial Growth Factor)ကို ဟန့်တားထားနိုင်တာကြောင့်လို့ ဆိုပါတယ်။ ဒီဆေးဟာ လောလောဆယ်မှာ ဖော်ပြခဲ့တဲ့ အဆုတ်ကင်ဆာမျိုးမှာသာ ထိရောက်စွာအသုံးပြုနေပြီဖြစ်သော်လည်း တခြားကင်ဆာတွေဖြစ်တဲ့ ရင်သား၊ အူမကြီး၊ ဆီးကျိတ်၊ ပန်ခရိယပ်နဲ့ ဦးခေါင်း၊လည်ပင်းကင်ဆာတွေမှာပါ အသုံးပြုနိုင်မလားဆိုတာ စမ်းသပ်မှုတွေဆောင်ရွက်နေကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ တရုတ်ဆေးပညာရှင်တွေက သက်ကြီးအမေ့လွန်ရောဂါ (Alzherimer)ကို ကုသနိုင်ဖို့ ဆေးတစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့တယ်ဆိုတဲ့သတင်းပါ။ ဒါကိုတွေ့ရှိခဲ့တဲ့ ဆေးသိပ္ပံပညာရှင်တွေကတော့ Chimese Academy of Science မှာရှိတဲ့ Xinjang Technical Institute က သိပ္ပံပညာရှင်တွေပဲဖြစ်ပါတယ်။ သူတို့ဟာ ဂွမ်းရဲ့ပန်းပွင့်လွှာမှာပါတဲ့ Flavonoidsကို အသက်ကြီးလို့ Alberiner,Dementia ဖြစ်နေတဲ့ ကြွက်အိုတွေနဲ့ ဒီလိုဖြစ်အောင်ပြုလုပ်ထားတဲ့ ကြွက်တွေကို ၂၀၀၃ ခုနှစ်ကပဲ စမ်းသပ်လာခဲ့တာ အောင်မြင်မှုရခဲ့တယ်လို့ဆိုပါတယ်။ ဒီဂွမ်းပန်းပွင့်လွှာမှာ Flavonoid အမျိုး ၂၀ ခန့်ပါရှိပြီး ယခုအခါ လူတွေမှာ စတင်သုံးပြုဖို့ ဆေးဝါးအဖြစ်စတင်ထုတ်လုပ်နေပြီလို့ဆိုပါတယ်။ Xinjiang ပြည်နယ်ဟာ ဝါဂွမ်းအကြီးအကျယ်စိုက်ပျိုးတဲ့ ပြည်နယ်ဖြစ်ပြီး ယခင်က ဒီပန်းပွင့်တွေကို တန်ဖိုးရှိမှန်းမသိဘဲ လွှင့်ပစ်ခဲ့ကြသော်လည်း ယခုအခါ ဒီဆေးဝါးထုတ်လုပ်တဲ့ ကုမ္ပဏီက 1 Kilogram ကို ၁၅ ယွန်းပေးပြီး ဝယ်နေကြပြီဆိုတာ တင်ပြလိုက်ရပါတယ်။ ။

## မြို့နယ်အတွင်းရှိ လူဦးရေနှစ်သောင်းကျော်အား တိုက်ရိုက်အကျိုးပြုမည့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံကိန်းလုပ်ငန်း ညှိနှိုင်းဆွေးနွေး

**ကနီ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ကျေးရွာအခြေပြု ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ် Save The Children ရုံး၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာသန့်ရှင်းမှုများ၊ ကျေးရွာများတွင် ရေပေးဝေရေးနှင့် ကျန်းမာခြင်းဆိုင်ရာသန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာများ ဆောင်ရွက်မှုများကို အကြံပြု ဆွေးနွေးတင်ပြခဲ့ကြပြီး အဆိုပါ ဆွေးနွေးအကြံပြုချက်များအပေါ် နည်းပညာအကြံပေး ဦးကျော်ရွှေက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ Save The Children မှ စီမံကိန်းအရာရှိ ဦးမျိုးဇော်ဦးက ကနီမြို့နယ်အတွင်းရှိကျေးရွာများတွင် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိသော ကျေးရွာများမှ တက်ရောက်လာသည့် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာလုပ်ငန်းကော်မတီဝင်များက မိမိတို့ကျေးရွာများတွင် လုပ်ငန်းဆောင်ရွက်မှုများကို ထပ်မံဆွေးနွေးတင်ပြသည်။

အဆိုပါ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာလုပ်ငန်းများကို ဩစတြေးလျနိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် ကနီမြို့နယ်အတွင်း၌ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကျေးရွာပေါင်း ၄၀ တွင် ဆောင်ရွက်မည်ဖြစ်ပြီး အိမ်ထောင်စု ၅၀၄၉ စုနှင့် လူဦးရေ ၂၆၉၆၃ ဦးတို့အား တိုက်ရိုက်အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

၀၀၀

## သိုင်းပညာတိုးတက်ပြန့်ပွားရေး သိုင်းဆပ်ကော်မတီစည်းဝေး

**မုံရွာ ဖေဖော်ဝါရီ ၂**

သိုင်းပညာသည် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ် ကိုယ်ခံပညာတစ်ခုဖြစ်သလို ကာယနှင့် စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက် အဓိကထားသည့် ရိုးရာကိုယ်ခံအတတ်ပညာလည်းဖြစ်ရာ အဆိုပါသိုင်းပညာတိုးတက်ပြန့်ပွားရေးအတွက် သိုင်းဆပ်ကော်မတီ အစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက်က မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ သိုင်းဆပ်ကော်မတီရုံးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး သိုင်းဆပ်ကော်မတီဒု-ဥက္ကဋ္ဌ ဦးတေဇာအေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၏ လမ်းညွှန်ချက်ဖြစ်သော ဖော်ထုတ်၊ ထိန်းသိမ်း၊ ဖြန့်ဖြူးရေးနှင့် သိုင်းအားကစား လက်တွေ့ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးဇော်လင်းက သိုင်းဆပ်ကော်မတီ၏ လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီး အား/ကာ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်က သိုင်းနှင့်လူငယ်၊ လူငယ်နှင့် မူးယစ်ဆေးဝါးကင်းဝေးစေရေးနှင့် ဆက်စပ် ပြီး အကောင်အထည်ဖော်နိုင်ရေး ပူးပေါင်းဆောင်ရွက်မည့် အကြောင်းအရာများကို လည်းကောင်း အသီးသီးဆွေးနွေးကြပြီး နာယကကြီး ဦးစိန်မောင်က ဗန်တိုအတိုက် ပြိုင်ပွဲတွင် လူငယ်မောင်မယ်များအတွက် သင်ထောက်ကူပစ္စည်းများ အရေးတကြီး လိုအပ်ကြောင်း အခြေခံပစ္စည်းများရှိမှသာ လျှင် လေ့ကျင့်သင်ကြားရာတွင် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ သိုင်းဆပ်ကော်မတီ နာယကကြီးများဖြစ်ကြသည့် ဦးအောင်သောင်း (အောင်နေလင်း သိုင်းအဖွဲ့)၊ ဦးစိန်မောင်(သီဟသိုင်းအဖွဲ့)၊ တိုင်းဒေသကြီး အား/ကာမှ တာဝန်ရှိသူများ၊ သိုင်းဆပ်ကော်မတီ ဒု-ဥက္ကဋ္ဌဦးတေဇာအေး၊ အတွင်းရေးမှူး ဦးဇော်လင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ သိုင်းနည်းပြဆရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## သမိုင်းဝင်အညာသီဟတော ဘုရားအဝင်လမ်း ကတ္တရာနှင့် ကွန်ကရစ်လမ်းခင်း

**ခင်ဦး ဇန်နဝါရီ ၂။** ။အညာသီဟတော ဘုရားအဝင်လမ်းကို အမှတ်(၃) ခရိုင်ချင်းဆက်လမ်းမှ အရှည် ပေ ၁၂၃၀၀၊ အကျယ် ၁၂ ပေကိုကတ္တရာလမ်းအဖြစ် လည်းကောင်း၊ သီဟတောဘုရား အဝင်ထိပ် ကုန်းဆင်းလမ်းအရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေကိုကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၄ ရက်ကစတင်၍ ခင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

သမိုင်းဝင်အညာသီဟတောဘုရားပွဲကို နှစ်စဉ် တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ ကျင်းပပူဇော်လျက်ရှိရာ ဘုရားပွဲအမီ လမ်းခင်းခြင်းလုပ်ငန်းအားလုံး ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လျာဒါန်းကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**


ဦးမြင့်လွင်
(ပုဗ္ဗန်တောင်မဲဆန္ဒနယ်)


ဦးထွန်းထွန်း
(ပွင့်ဖြူမဲဆန္ဒနယ်)


ဦးလှထွန်းကျော်
(မောင်တောမဲဆန္ဒနယ်)


ဦးလာမာလေး
(ဆော့လော်မဲဆန္ဒနယ်)


ဦးသန်းစိုး
(သာစည်မဲဆန္ဒနယ်)


ဦးအေးမောင်
(ဘော်လခဲမဲဆန္ဒနယ်)

**❖ လွှတ်တော်အသစ်မှ**

အပြောင်းအလဲတွေနဲ့ပတ်သက်ပြီး ပြေပြေလည်လည်၊ ပျော့ပျော့ပြောင်းပြောင်း နည်းလမ်းတွေနဲ့ ပြောင်းလဲသွားလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒီနေ့ဆိုရင်လည်း ကျွန်တော်တို့က မဲတွေပေးရဦးမယ်လို့ ထင်ထားတယ်။ ဒါပေမယ့် အားလုံးသောသူတွေက ထီးလိုမင်းလိုပဲ အပေးအယူ မျှမျှတတနဲ့ ကစားသွားကြတယ်။ ကျွန်တော်တို့ဆိုရင် မဲတောင်မပေးခဲ့ရဘူး။ အားလုံးပြေလည်သွားပါတယ်။ သမိုင်းအရ အလွန်ကောင်းတဲ့၊ အလွန်နူးညံ့တဲ့ ပြောင်းလဲမှုတစ်ခုပါ။

**ဒေါက်တာဒေါ်သက်သက်ခိုင် (ဒဂုံမဲဆန္ဒနယ်)**

တကယ်ကို ဆီလျော်တယ်။ သင့်လျော်တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အနိုင်ရပါတီဖြစ်လာတဲ့အချိန်မှာ ကိုယ့်ပါတီကမဟုတ်ဘဲ တခြားပါတီက ကိုယ်စားလှယ်တစ်ယောက်ကို ဒုဥက္ကဋ္ဌအနေနဲ့ တင်တယ်ဆိုတာ ကျွန်မတို့ ပါတီအဖွဲ့ချုပ်ကနေပြီးတော့ ကြေညာထားတဲ့ အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်ပြီး သွားနေတယ်ဆိုတာ ပထမဦးဆုံးပြလိုက်တဲ့ Message ပါ။ ပြည်သူကိုပြောလိုက်တဲ့ ကောင်းမွန်တဲ့ သတင်းစကားဖြစ်ပါတယ်။ ဒါပြည်သူတွေရဲ့ အောင်ပွဲနေ့ဖြစ်ပါတယ်။ ဒီလိုမျိုး လွှတ်တော်အလှဲအပြောင်း ပထမနေ့ခေါ်တာကို ပြည်သူတွေက ဝမ်းမြောက်ဝမ်းသာ၊ စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်နေလိမ့်မယ်လို့ ကျွန်မထင်ပါတယ်။

**ဦးထွန်းထွန်း (ပွင့်ဖြူမဲဆန္ဒနယ်)**

အတတ်နိုင်ဆုံး ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်သွားမှာပါ။ ပြည်သူမျှော်လင့်ထားတဲ့အတိုင်း အတာတစ်ခုကို ကွက်တိမဖြစ်ရင်တောင် အနီးစပ်ဆုံး ကြိုးစားသွားမှာပါ။ လုံးလုံးအကောင်အထည်ဖော်နိုင်မှု၊ မဖော်နိုင်မှုဆိုတာထက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားမှာပါ။

**ဦးလှထွန်းကျော် (မောင်တောမဲဆန္ဒနယ်)**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှာ ရခိုင်တိုင်းရင်းသားတွေဟာ နှစ်ရာခိုင်နှုန်းပဲရှိတယ်။ နိုင်ငံသားမဟုတ်တဲ့သူတွေက ၉၈ ရာခိုင်နှုန်းရှိနေတော့ ရှိသမျှအခွင့်အရေးတွေကအကုန်လုံး ဆုံးရှုံးနေတယ်။ ဆုံးရှုံးနေတဲ့ အခွင့်အရေးတွေကိုရအောင် တိုင်းရင်းသားတွေ လုံခြုံစိတ်ချစွာနေနိုင်အောင် ဥပဒေတစ်ရပ်အနေနဲ့ ထုတ်ပြန်နိုင်ဖို့ ရည်မှန်းချက်ရှိတယ်။ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ အတတ်နိုင်ဆုံးရည်မှန်းချက်ကို ရအောင်ဆောင်ရွက် ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးလာမာလေး (ဆော့လော်မဲဆန္ဒနယ်)**

အခုလွှတ်တော်ရဲ့ကိုယ်စားလှယ်အများစုက NLD လွှတ်တော်ကိုယ်စားလှယ်တွေပါ။ အဲဒီလွှတ်တော်ကိုယ်စားလှယ်တွေထဲမှာ တိုင်းရင်းသားတွေလည်းပါတယ်။ ဒါပေမယ့်လည်း လက်ရှိကျွန်တော်မြင်ရတဲ့ အနေအထားအရ ပြောရမယ်ဆိုရင် NLD ပါတီကမဟုတ်ဘဲ အခြားပါတီက လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လွတ်လပ်မှုမရှိတာကို တွေ့ရပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး လက်ရှိအခြေအနေမှာဆိုရင် ကြည့်နေတုန်း၊ သုံးသပ်နေတုန်းပါပဲ။ လွှတ်တော်ကလည်း ဒီနေ့မှစတာဆိုတော့ ကျွန်တော်တို့အနေနဲ့ ဘာမှမပြောနိုင်သေးဘူး။ လောလောဆယ်တော့ စောင့်ကြည့်ရမယ့်အနေအထားပဲ ရှိဦးမှာပါလို့ ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ တပ်မတော်သား ကိုယ်စားလှယ်တွေကလည်း အရေးကြီးတဲ့ အခန်းကဏ္ဍမှာပါတယ်လို့ ကျွန်တော်မြင်ပါတယ်။ NLD ခေါင်းဆောင်တွေ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်တွေ ပူးပေါင်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ဆောင်ကြမယ်ဆိုရင်တော့ ထာဝရငြိမ်းချမ်းရေးအထိ ရနိုင်တဲ့ အလားအလာကိုလည်း မြင်ရပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားပါမယ်။ လွှတ်တော် ဒုတိယသက်တမ်းအတွင်းမှာ တောင်ပေါ်ကျေးရွာတွေ မီးလင်းရေးနဲ့ လမ်းပန်းဆက်သွယ်ရေးကို အဓိကထား ဆောင်ရွက်သွားပါမယ်။ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ မင်းလှကန် ပြန်လည်တူးဖော်ရေးကိုလည်း ဆက်လက်ကြိုးစားဆောင်ရွက်သွားမှာပါ။ ဒါ့အပြင် မြို့နယ်အတွင်း ကျန်းမာရေးကဏ္ဍကိုယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးအေးမောင် (ဘော်လခဲမဲဆန္ဒနယ်)**

ကျွန်တော့်အနေနဲ့ အခုလွှတ်တော် ဒုတိယသက်တမ်းကာလအတွင်းမှာ ရပ်ရွာရဲ့ လိုအပ်ချက်တွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတွေကို ပြည်သူတွေရဲ့ဆန္ဒအတိုင်း လွှတ်တော်ကနေဖော်ဆောင်သွားမှာဖြစ်ပါတယ်။

မေး/ရေး - ညီမျိုးထက်
ဓာတ်ပုံ - ညီနော်

## စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဖေဖော်ဝါရီ ၈ ရက်တွင် စတင်ကျင်းပမည်

**မုံရွာ ဖေဖော်ဝါရီ ၂**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို မုံရွာမြို့ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ ၈ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အစည်းအဝေး စတင်ကျင်းပတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်အသစ်တွေအနေနဲ့ တည်းခိုနေထိုင်ရေးအတွက် ဇေယျာသိဒ်ရိပ်သာမှာစီစဉ်ပေးထားပါတယ်။ အရင်ကကျင်းပခဲ့တဲ့ ပထမအကြိမ်မှာတော့ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်မပါပေမယ့် ဒုတိယအကြိမ်လွှတ်တော်မှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးအထိ ပါဝင်လာတယ်။ ပထမအကြိမ်လွှတ်တော်က ကိုယ်စားလှယ် နှစ်ဦးပဲ ပြန်ပါတယ်။ ကျန်တဲ့ကိုယ်စားလှယ်တွေက အသစ်တွေပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

လာမည့် ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် ငါးဦး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် ၆၉ ဦး၊ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၊ တပ်မတော်သားကိုယ်စားလှယ် ၂၅ ဦး စုစုပေါင်း ၁၀၁ ဦးတို့ပါဝင်ပြီး အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များထဲတွင် ချင်းတိုင်းရင်းသားကိုယ်စားလှယ်နှင့် ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ် နှစ်ဦးတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ထောက်ပံ့

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံချက် အသေးစားစီးပွားရေးလုပ်ငန်းအတွက် စည်းကမ်းသတ်မှတ်ချက်ဖြင့် ငွေသားထောက်ပံ့ပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် က မိုးမောက်မြို့နယ် မံပုံ RC ယာယီ စစ်ရှောင်စခန်း၌ ပြုလုပ်သည်။

အဆိုပါ ပေးအပ်ပွဲတွင် ကချင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီတွဲဖက်အတွင်းရေးမှူး ဦးဂဲနက်စ်က ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားပေးပြီး ပါမောက္ခ ဒေါက်တာမြသူက အသေးစား စီးပွားရေးလုပ်ကိုင်မည့်သူများအား စာရင်းရေးသွင်းပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဝက်မွေးမြူခြင်းလုပ်ကိုင်မည့် အိမ်ထောင်စု ၃၉ စုအတွက် တစ်ဦးလျှင် ကျပ် ၂၅၀၀၀၀၊ ကုန်စိမ်းဆိုင်ဖွင့်မည့် အိမ်ထောင်စု တစ်စုအတွက် ၂၄၀၀၀၀ ကျပ်၊ မော်တော်ဆိုင်ကယ်ပြုပြင်ဆိုင် ဖွင့်မည့် အိမ်ထောင်စု တစ်စုအတွက် ၁၆၀၀၀၀ ကျပ် စုစုပေါင်း အိမ်ထောင်စု ၄၁ စုအတွက် ငွေကျပ်သိန်းပေါင်း ၁၀၁၅၀၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ (မြစ်ကြီးနား)**

## အင်းတော်နှင့် ဗန်းမောက်မြို့ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းရေး တောင်သူများနှင့် ညှိနှိုင်းဆွေးနွေး

**ဗန်းမောက် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နှင့် ဗန်းမောက်မြို့သို့ သွယ်တန်းမည့် ၃၃ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းတိုင်များ စိုက်ထူရာတွင် ပါဝင်မည့် တောင်သူများနှင့် ဖေဖော်ဝါရီ ၂ ရက်က ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။



"အခုတည်ဆောက်မယ့် လျှပ်စစ်ဓာတ်အားလိုင်းက ၃၃ ကေဗွီဖြစ်ပါတယ်။ ကွန်ကရစ်တိုင်တွေက ပေ ၄၀ ရှည်ပြီး ဓာတ်တိုင်တွေစိုက်တဲ့အခါမှာလည်း လယ်ကန်သင်းဘေးတွေကို အနီးစပ်ဆုံးရနိုင်အောင် လုပ်ဆောင်ထားပါတယ်။ တကယ်တော့ အကွာအဝေးအညီ စိုက်ထူရတာက ပိုကောင်းပါတယ်။ ကျွန်တော်တို့ မီးတိုင်စိုက်ထူသွားမယ့် မြေပဲစိုက်ပျိုးထားတဲ့ တောင်သူစာရင်းကို ကောက်ယူနေပါတယ်။ ပြီးရင် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများကို တွေ့ဆုံညှိနှိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု အင်းတော်-ဗန်းမောက် လျှပ်စစ် ဓာတ်အားလိုင်း တည်ဆောက်ရေးဦးစီး ဦးအောင်သန်းထိုက်က ပြောသည်။

ယခု တည်ဆောက်နေသော လမ်းကြောင်းသည် (၁၀၃၃)နှင့် (၁၀၃၄)ကွင်း လက်ပံကုန်းကွင်းဖြစ်ပြီး ကွင်းနှစ်ကွင်းလုံးတွင် တောင်သူ ၄၀ ကျော်၏ ဆောင်းသီးနှံစိုက်ပျိုးပြီး မြေများအတွင်း ဖြတ်သန်းသွားရမှာဖြစ်သောကြောင့် တောင်သူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းပေးသွားမှာဖြစ်ကြောင်း နန့်ခင့်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ပြောသည်။

"ကျွန်တော် ပဲစိုက်ထားတဲ့ လယ်ကွက်ထဲကို ဖေဖော်ဝါရီ ၁ ရက်က ပိုင်ရှင်ခွင့်ပြုချက် မရရှိသေးဘဲ ဓာတ်တိုင်တွေကို ဆင်နဲ့ဆွဲသွင်းခဲ့တဲ့အတွက်(**အပေါ်ပုံ**)မြေပဲပင်တွေ တချို့ပျက်စီးသွားတယ်။ လုပ်ငန်းမလုပ်ခင် သက်ဆိုင်ရာ တောင်သူတွေနဲ့ အရင်တွေ့ဆုံဆွေးနွေးပြီး နှစ်ဦးနှစ်ဖက် ခွင့်ပြုချက်လေးတွေ ရယူပြီး လုပ်ဆောင်မယ်ဆိုရင် ပိုမိုကောင်းမွန်ပါတယ်"ဟု (၁၀၃၃)ကွင်းမှ တောင်သူဦးထွန်းပေါက ပြောသည်။

အဆိုပါ ဓာတ်အားလိုင်းမှာ အင်းတော်ဓာတ်အားခွဲရုံမှ ဗန်းမောက်မြို့သို့ သွယ်တန်းထားသော သစ်သား ဓာတ်တိုင်များနှင့် ပို့လွှတ်ထားသော ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ဖြုတ်သိမ်းပြီး ၃၃ ကေဗွီ ဓာတ်အားလိုင်းအဖြစ် လျှပ်စစ်ဓာတ်အားများ တိုးမြှင့်တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**(မောင်ချစ်လင်း)**

## နိုင်ငံခြားသားနှစ်ဦး ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ အချိန်မီလာရောက်ကူညီ

**ငွေဆောင် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေတွင် ဖေဖော်ဝါရီ ၂ ရက်မွန်းလွဲ ၁ နာရီက ငွေဆောင်မြို့တွင်းမှ ရွှေဟ်သာဟိုတယ်သို့ ပြင်သစ်နိုင်ငံသားနှစ်ဦး မောင်းနှင်လာသော ၄၄ယ/---- TARYAN ဆိုင်ကယ်နှင့် တစ်ဖက်ယာဉ်ကြောမှ ယာဉ်မောင်း ထင်ကျော်မောင်းနှင်လာသော ယာဉ်အမှတ် 4D/ ---- HIGER ကားတို့ ဆက်သွယ်ရေးကွေ့တွင် မျက်နှာချင်းဆိုင်တိုက်မိရာ နိုင်ငံခြားသူမှာယာပေါင်ကျိုးပြီး ဝဲမျက်ခုံးနှင့်နှုတ်ခမ်းပေါက်ပြဲဒဏ်ရာများရခဲ့ကာ နိုင်ငံခြားသားတွင် ယာလက်ကောက်ဝတ်နှင့် ဝဲယာတံတောင်ဆစ်များတွင် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါအခင်းဖြစ်ပွားရာသို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ ဧရာဝတီမှုစုမှူး ဒုရဲမှူးရဲထွန်းဦးနှင့် နယ်မြေခံရဲတပ်ဖွဲ့များ၊ ဟိုတယ်ဝန်ထမ်းများ အချိန်မီရောက်ရှိလာပြီး အမြန်ဆုံး ဆေးကုသမှုခံယူနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မူမူ(Iprd)**

❑

# မြန်မာ့စက်မှုဖွံ့ဖြိုးမှုစီမံကိန်းနှင့် ဒုတိယကာလတို (၅)နှစ် စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော်　ဖေဖော်ဝါရီ　၂**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့စက်မှုဖွံ့ဖြိုးမှုစီမံကိန်းနှင့် ဒုတိယကာလတို(၅)နှစ် စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ မြို့တော်ဝန် ဦးအောင်မောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် စက်မှုဇုန်များမှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမျိုးသားဘက်စုံဖွံ့ဖြိုးမှုစီမံကိန်းကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးဖြစ်ပေါ်လာစေရေးနှင့် ပြည်သူအားလုံးရရှိခံစားနိုင်မည့် တိုးတက်မှုများဖြစ်ပေါ်လာစေရေးဟူသည့် ရေရှည်ဖွံ့ဖြိုးမှု မူဝါဒ (၂) ရပ်နှင့် ဖွံ့ဖြိုးမှုအတွက် အဟန့်အတားဖြစ်နေသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ကမ္ဘာ့နိုင်ငံများသို့ ဝင်ဆံ့နိုင်မည့်ဖွံ့ဖြိုးမှုကိုအထောက်အကူပြုသော အုပ်ချုပ်မှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းစေခြင်း၊ စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးခြင်း၊ ပြည်တွင်း၊ ပြည်ပဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများချဲ့ထွင်ခြင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကဏ္ဍများကို အားပေးမြှင့်တင်ခြင်း၊ ပြည်တွင်းစီးပွားရေးအလားအလာကောင်းများ ဖြစ်ထွန်းလာစေခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဟူသော မဟာဗျူဟာ(၇)ရပ်တို့ဖြင့် ရေးဆွဲထားပါကြောင်း၊ ရန်ကုန်နှင့် မန္တလေးဒေသတို့ကို ဖွံ့ဖြိုးမှုဝင်ရိုးထားရှိပြီး အခြားဒေသများသို့ ပျံ့နှံ့အကျိုးသက်ရောက်မှု၊ ဖိတ်လျှံအကျိုးသက်ရောက်မှုများရရှိရေးတို့ကို အလေးထားရေးဆွဲထားပါကြောင်း။

မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများ ဒုတိယအများဆုံးရှိပြီး ဖွံ့ဖြိုးမှုဗဟိုဆုံချက်ကျရာ နေရာဖြစ်သောကြောင့် လက်ရှိအခြေခံကောင်းများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရရှိအောင်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် စာတမ်းခြောက်စောင်သည် မန္တလေးတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ဂျပန်နိုင်ငံ GRIPS တက္ကသိုလ်မှ ပါမောက္ခ Dr. Toshihiro KUDO တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်က Growth Strategy and Programs of the 2nd Five year Plan of Myanmar (with special reference to Mandalay Regional Development) ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာ့ဈေးကွက်သုတေသနနှင့် ဖွံ့ဖြိုးမှု (MMRD)ကုမ္ပဏီတို့က စာတမ်းခြောက်စောင်ကို ဖတ်ကြားတင်ပြကြပြီး မန္တလေးတိုင်းဒေသကြီး စီမံကိန်းမှူးက ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက မြစ်ငယ်ကုန်တွင်းဆိပ်ကမ်း (Dry Port)စီမံကိန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။

**(သတင်းစဉ်)**

**❋ ကျောဖုံးမှ**

ငွေကြေးအလုံးအရင်းနှင့် ပင်လယ်ပြင်တွင် အဆောက်အအုံတစ်ခုကို အခိုင်အမာတည်ဆောက်ထားရကြောင်း၊ တခြားရေလုပ်ငန်းများကဲ့သို့ မိုးတွင်းကာလရေလုပ်ငန်းများ စခန်းသိမ်းချိန်သို့ ရောက်ရှိလာပါကလည်း အခြားရေလုပ်ငန်းများကဲ့သို့ နေရာရွှေ့ပြောင်းလုပ်ကိုင်၍မရသလို ကမ်းကပ်ပြီးလည်းလုပ်၍မရသည့်လုပ်ငန်းဖြစ်သည်။ ပင်လယ်ပြင်တွင် မိုးရာသီ၌ လေကြမ်းတွေတိုက်ခတ်ခြင်း၊ လှိုင်းတွေ အလွန်ကြီးခြင်းများရှိနေသော်လည်း ပင်လယ်သားများအနေဖြင့် ပင်လယ်၏ အတွေ့အကြုံများ၊ ရေလုပ်ငန်းလုပ်သက်များကြောင့် ကြောက်ရွံ့ခြင်းမရှိဘဲ လုပ်ကိုင်လျက်ရှိသည်။ “ရေလုပ်သားကြီးတွေမှာ ဒီလေတိုက်ရင် မုန်တိုင်းလာနိုင်မယ်၊ ဘယ်လောက်အထိ ဖြစ်လာနိုင်တယ်။ နောက်ပြီး ကောင်းကင်းကိုကြည့်ပြီးလည်း ခန့်မှန်းကြတယ်။ ရေလုပ်သားကြီးတွေက ညဘက် မိုးသက်မုန်းတိုင်းကျလို့ ကမ်းမမြင်၊ လမ်းမမြင်နဲ့ ဖြစ်နေရင်တောင်သံလိုက်အိမ်မြှောင်တွေ၊ ရေဒါတွေမပါဘဲ လိုရာခရီးကို သွားနိုင်တဲ့ အတွေ့အကြုံတွေရှိပါတယ်။ နောက်ပြီး ကျွန်တော်တို့မှာ ဓာတ်မီး၊ သောက်ရေနဲ့ ရေဒီယိုစက်တွေကို ဂရုတစိုက်ထားရှိပါတယ်။ ဒါပေမယ့် ပင်လယ်ဆိုတော့ အန္တရာယ်တော့ အချိန်မရွေး ဖြစ်လာနိုင်တဲ့နေရာပါ။ လှိုင်းလေပြင်းထန်မှုကြောင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ဖို့ အခက်အခဲတွေရှိတယ်။ အန္တရာယ်များစွာရှိတယ်။ ဒါ့အပြင် စက်လှေနစ်မြုပ်နိုင်တယ်။ တစ်ခါတစ်ရံမှာ အသက်အန္တရာယ်ပါ ထိခိုက်လာနိုင်ပါတယ်”ဟု စန္ဒားလုပ်ငန်းပိုင်ရှင် ဦးကျော်ဝင်းကဆိုသည်။

ယခင်က စန္ဒားလုပ်ငန်းလုပ်ကိုင်သူ အများပြားရှိခဲ့ပြီး နောက်ပိုင်းတွင် တဖြည်းဖြည်းတိမ်ကောပြီး ပျောက်ကွယ်လာကာ ယခုအခါ တစ်ပြည်လုံးတွင် မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများဖြစ်သော အရှေ့ဘက်ဟိုင်းကြီးကျွန်းမှ အနောက်ဘက် ဖျာပုံမြစ်ဝပင်လယ်ပြင်တစ်ခွင်နှင့် ကဒိုကနိပင်လယ်ပြင်မှာ လုပ်ငန်းများလုပ်ကိုင်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများ တဖြည်းဖြည်းတိမ်ကောလာခြင်းမှာ နိုင်ငံခြားတိုင်းပြည်များ၏ နည်းပညာအသစ်များ ဝင်ရောက်လာခြင်းကြောင့်လည်းဖြစ်နိုင်ပြီး ရေလုပ်ငန်းအသစ်များ ပေါ်ထွက်လာခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ ယင်းလုပ်ငန်းသည် “ရေ”အခြေအနေပေါ်မူတည်ကာ လုပ်ကိုင်ကြရပြီး စွန့်စား၍လုပ်ကိုင်ရသည့် လုပ်ငန်းတစ်ခုလည်းဖြစ်သလို ကံတရားနှင့်လည်း သက်ဆိုင်နေကြောင်းသိရသည်။ “နောက်ပိုင်းတွင် ပင်လယ်ပြင်ငါးဖမ်းတဲ့ လုပ်ငန်းကိုဂျပ်(ငါးဖမ်းစက်လှေ)တွေနဲ့ ခေတ်မီပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းတွေက ဝင်ပြီးတော့ နေရာယူလာကြတယ်။ အခုဆိုရင် သူတို့ကြီးပဲ ကျွန်တော်တို့လုပ်ငန်းတွေက ရှားပါးသွားပြီးလို့ ပြောလို့ရတယ်။ ဒီလုပ်ငန်းကတော်တော်လေးကို တွင်ကျယ်တဲ့လုပ်ငန်းပါ။ အနောက်ဘက် ဟိုင်းကြီးကျွန်းကနေ စတင်ခဲ့တဲ့ တရုတ်ငါးဖမ်းနည်းတစ်ခုလည်းဖြစ်တယ်။ ဒီလုပ်ငန်းကို မြန်မာနိုင်ငံမှာလုပ်ကိုင်လာတာဆိုရင် အခုနှစ်နဲ့တွက်ရင် နှစ်ပေါင်းတစ်ရာကျော်နေပြီ။ ခုနှစ်အတိအကျတော့ မမှတ်မိတော့ပါဘူး။ စီးပွားဖြစ်လုပ်ကိုင်တဲ့ရေလုပ်ငန်းတွေထဲမှာတော့ ထင်ပေါ်တဲ့လုပ်ငန်းပဲ။ ပိုက်ဆံတတ်နိုင်တဲ့ ရေလုပ်ငန်းရှင်တွေမှန်ရင် မလုပ်ဖူးတဲ့သူ တော်တော်ရှားတယ်။ အခုကျတော့ သိပ်မရှိတော့ဘူး။ တော်တော်ရှားနေပြီ။ ကျွန်တော်တို့ပဲရှိတော့တယ်”ဟု စန္ဒားလုပ်ငန်းပိုင်ရှင် ဦးကျော်ဝင်းကဆိုသည်။

အဆိုပါ စန္ဒားလုပ်ငန်းလုပ်ကိုင်ရန်အတွက် အတောင် ၂၆ တောင်မှ ၂၈ တောင်အထိရှိသည့် အုန်းပင်များနှင့် ကွမ်းပင်များ၊ ခြောက်တိုင်ဟုခေါ်သည့် ပင်လယ်ပြင်မှ ငါးများကိုခြောက်လှန့်သော ဝါးတိုင်များ၊ အဆောက်အအုံတည်ဆောက်ရန်အတွက် ပလတ်စတစ်ကြိုးများအသုံးပြုလုပ်ကိုင်ကြရသည်။

“စတင်တည်ဆောက်ပြီးဆိုရင်တော့ အလွန်ကို ကြည့်ကောင်းပါတယ်။ မမြင်ဖူးတဲ့သူတွေအတွက်ကတော့ ရင်တုန်သဲတုန်ပဲ။ ပင်လယ်ထဲက ရေအစီးဆုံးနေရာမှာ အုန်းပင်ကို ရေအောက်မြေကြီးထဲရောက်ဖို့ ဆိုက်ထူရတာကတော်တော်လေးကို ခက်ခဲပါတယ်။ လူအားနဲ့ပဲစိုက်တာ။ ဘာစက်ပစ္စည်းမှ မပါဘူး။ လူအားနဲ့ တည်ဆောက်တဲ့အတွက် အချိန်တော်တော်ယူရသလို ရေစီးကြောင်းကိုလည်း ကြည့်ရပါတယ်။ ရေစီးကြောင်းကိုလိုက်ပြီးတော့ ရေအောက်ကို ထိုးချတဲ့အခါမှာ ရေစီးအားနဲ့ အုန်းပင်က အောက်ကိုစိုက်ဆင်းသွားတဲ့အချိန်မှာ လူအားနဲ့ တအားဆောင့်ချရတာ။ အားလုံး အုန်းပင် ၂၀ ဆိုက်ထူရပါတယ်။ ပြီးရင် ကွမ်းပင်တွေကို ဘေးကနေကပ်ပြီးတော့ စိုက်ရတယ်။ ဒီလိုဆိုက်တဲ့နေရာမှာ အောက်ခံမြေသားကို သေချာလေ့လာပြီးတော့ မလုပ်ဘူးဆိုရင် ဒီအဆောက်အအုံက ရေရှည်မခံဘဲနဲ့ ပြိုကျပျက်စီးသွားနိုင်ပါတယ်။ စန္ဒားတစ်ခုလုံးပြီးစီးဖို့က အချိန်တစ်လကျော်လောက်ကြာမြင့်ပါတယ်။ အားလုံးပြီးသွားပြီဆိုတာနဲ့ ခြောက်တိုင်လို့ခေါ်တဲ့ ငါးတွေဒီဘက်ကိုလာအောင် ပြုလုပ်တဲ့ဝါးတိုင်လေးတွေကို ဖောင်တွေနဲ့ ထပ်ပြီးတော့ စိုက်ထူရပါတယ်။ ဒီလို စိုက်ထူတဲ့နေရာမှာ ကန်တော့ပုံစံလိုက်ပြီးတော့ စိုက်ရပါတယ်။ များများစိုက်နိုင်လေ ငါးရလေပဲ။ ငါးတွေက ရေစီးကြောင်းနဲ့ ပါလာတဲ့အချိန်မှာ ရေစီးကြောင်းကြောင့် ဒီခြောက်တိုင်တွေက အောက်မှာ တဝေါဝေါနဲ့ ငါးတွေကို ခြောက်ထုတ်ပေးတာ။ ငါးတွေအဲဒီခြောက်တိုင်တွေထဲ မဖြတ်ရဲဘူး။ ဖြတ်ရင် အသေပဲလေ”ဟု ဦးကျော်ဝင်းကဆိုသည်။

ယင်းလုပ်ငန်းသည် ပင်လယ်ရေထွက်ကုန်များဖြစ်သော ပုစွန်ခြောက်၊ ငါးခြောက်၊ မွခြောက်၊ ရေကျိုငါးပိများအပြင် ပြည်ပပို့ကုန်များဖြစ်သော ပုစွန်၊ ငါးမုန့်၊ ငါးတန်နှင့် အခြားသော ပြည်ပပို့ကုန်ရေထွက်ကုန်ပစ္စည်းမျိုးစုံကို ဖမ်းဆီးရမိကြောင်း၊ ယင်းလုပ်ငန်း၏ ထူးခြားချက်မှာ ပင်လယ်ရေကြောင်းကျွမ်းကျင်မှုဖြစ်ပြီး ပင်လယ်ရေကြောင်း မကျွမ်းကျင်ဘဲ ရမ်းလုပ်၍မရသောလုပ်ငန်းဖြစ်ပြီး ရေကြောင်းမကျွမ်းကျင်ပါက ထည့်ထားသောအရင်းအနှီးမှန်သမျှ သဲထဲရေသွန်သလိုဖြစ်ရကြောင်း၊ လုပ်ငန်းစတင်လုပ်ကိုင်တော့မည်ဆိုပါက ပင်လယ်ပြင်တွင် တစ်လခန့်ထွက်၍ လှေလာရေးလုပ်ငန်းများ လုပ်ကိုင်ကြရကြောင်း၊ ယင်းသို့လုပ်ကိုင်ရခြင်းမှာ ပင်လယ်ရေရှိ ရေတက်ရေကျ၏ ရေလမ်းကြောင်းသည် တစ်ရက်လျှင် သုံးကြိမ်ပြောင်းလဲနေသောကြောင့် ဖြစ်ကြောင်း၊ သို့သော် ထိုသို့ပြောင်းလဲနေသော်လည်း ပင်လယ်ပြင်၏ တစ်နေရာတည်းမှာပင် ပြန်ပြီးဆုံစည်းကြကြောင်း၊ ယင်းသို့ဆုံစည်းသည့်နေရာကို ရှာဖွေရခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

“အဲဒီနေရာမှာ ရေစီးအားကလည်း အလွန်သန်တယ်။ အခြားနေရာတွေမှာ ရေစီးကြောင်းက သိပ်မသန်ဘူး။ ရေမျက်နှာပြင်ကို ကြည့်ရင်တော့ အတူတူပဲတွေ့ရမယ်။ ဒါက ပင်လယ်ရေမျက်နှာပြင်ကို ကျွမ်းကျင်မှုရတာ။ ရေအနက်ကို တိုင်းရတယ်။ ပြီးရင် အောက်ခံမြေသားကို တွက်ချက်ရတယ်။ ရေကျရင်လည်း ဒီလမ်းကြောင်းကပဲဖြစ်ရမယ်။ တက်ရင်လည်း ဒီလမ်းကြောင်းက ဖြစ်ရမယ်။ ဒီအချက်တွေက စန္ဒားရဲ့ထူးခြားချက်ပဲ။ နောက်ထပ်ထူးခြားချက်က အဆောက်အအုံ တည်ဆောက်တဲ့နေရာမှာ သံရာတစ်ချက်မပါတာပဲ။ ကြိုးနဲ့ပဲ တည်ဆောက်ရတာ။ သံရာပါရင် အဆောက်အအုံက မခိုင်ဘူး။ လှိုင်းဒဏ်၊ လေဒဏ်ကိုမခံနိုင်ဘူး။ ကြိုးနဲ့ တည်ဆောက်တာက တစ်ရာသီခံတယ်။ နောက်ပြီးတော့ မြန်မာ့ရိုးရာ တည်ဆောက်နည်းတွေကိုလည်းသုံးတယ်။ ဘယ်လို တည်ဆောက်နည်းလဲဆိုတော့ အဆောက်အအုံကို တည်ဆောက်ပြီဆိုရင် ပထမဆုံးစိုက်တဲ့ ကွမ်းသီးပင်မှာ ပုလင်းတစ်လုံး ချည်ပြီးတော့ ရေထဲမျှောလိုက်တယ်။ ရေစီးကြောင်းအတိုင်းတန်းနေတဲ့ ကြိုးကိုလိုက်ပြီးတော့ တိုင်စိုက်ရတယ်။ ဒီလိုမှ မစိုက်ဘူးဆိုရင် စန္ဒားပြီးသွားရင် ရေလမ်းကြောင်းနဲ့ လွဲသွားလိမ့်မယ်။ ရေလမ်းကြောင်းနည်းနည်းလွဲတာနဲ့ ဘာငါးမှ မရတော့ဘူး။ ရေစီးကြောင်းအတိုင်း မျောပါလာတဲ့ ငါးတွေကို ကြမ်းခင်းထိ အဖျားပိုင်းချထားပြီးတော့ အရင်းပိုင်းကို ရေပေါ်ကို တင်ထားတဲ့ ပိုက်တွေက ငါးတွေကို အရင်းမှာ လာစုအောင်လုပ်ပေးတာကြောင့် ရေစီးကြောင်း လွဲလို့မရတာပါ” ၎င်းကဆိုသည်။

ပင်လယ်ရေလုပ်သားများသည် မြန်မာလကိုကြည့်၍ ငါးကိုဖမ်းဆီးကြရာ အဓိက ငါးအများဆုံး ဖမ်းဆီးရမိသည့် ရာသီမှာ ပြာသိုလနှင့် တပို့တွဲလများသည် ငါးအများဆုံးရမိကြောင်း လက်ရှိတွင် စန္ဒားလုပ်ငန်းသည် ယခင်က ပိုက်ဆံရှာဖွေပေးနိုင်ဆုံးသော လုပ်ငန်းဖြစ်သလို နှစ်ပေါင်းအတော်ကြာ တည်တံ့ခဲ့သော လုပ်ငန်းကြီးတစ်ခုလည်းဖြစ်ခဲ့သည်။ ယခုအခါ “မြန်မာ့ပင်လယ်ပြင်မှ ပျောက်ကွယ်တော့မလိုဖြစ်နေလို့ စိုးရိမ်မိပါတယ်။ ရေလုပ်ငန်းထဲမှာ ဒီလုပ်ငန်းက ရေကြောင်းကျွမ်းကျင်ပိုင်နိုင်မှ လုပ်လို့ရတဲ့ အလုပ်တစ်ခုလည်းဖြစ်တော့ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ရှားပါးလာနိုင်တယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ဒီလုပ်ငန်းကို လုပ်ကိုင်တဲ့သူက ကျွန်တော်အပါမှ နှစ်ဦးပဲရှိတော့တယ်။ တော်တော်များများ ဒီလုပ်ငန်းကို မသိတော့ဘူး။ နားလည်းမလည်ကျတော့ဘူး။ တချို့ ပင်လယ်ရေလုပ်သားတွေတောင်မှ ဒီလုပ်ငန်းအကြောင်း ကြားပဲကြားဖူးတယ်။ မမြင်ဖူးတဲ့သူတွေလည်းရှိတယ်”ဟု စန္ဒားလုပ်ငန်းပိုင်ရှင် ဦးကျော်ဝင်းက ထပ်လောင်းပြောကြားသည်။

# ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ သဖန်းဆိပ်ရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေလွှတ်ပေးမည်

**မုံရွာ　ဖေဖော်ဝါရီ　၂**

၂၀၁၅-၂၀၁၆ စိုက်ပျိုးရာသီတွင် နွေစပါးနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးရေရရှိရန် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ သဖန်းဆိပ်ရေလှောင်တမံမှ ရေလွှတ်ပေးရန်စီစဉ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးလှရွှေထံမှ သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက မူးမြစ်အရှေ့ဘက်မှာရှိတဲ့ ကန့်ဘလူ၊ ရွှေဘို၊ ဝက်လက်၊ ခင်ဦးမြို့နယ် စသည့် လေးမြို့နယ်နဲ့ မူးမြစ်အနောက်ဘက်မှာရှိတဲ့ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်းနဲ့ အရာတော်မြို့နယ်တွေမှာရှိတဲ့ တမံရေသောက်ဧရိယာတွေကို စိုက်ပျိုးရေအရောက်ပို့ပေးမှာဖြစ်ပါတယ်။ ဖေဖော်ဝါရီလကနေ ဇွန်လအထိ ရေပေးဝေမှာဖြစ်ပါတယ်။ ရေလိုသလောက်ကို ဆည်မြောင်းဦးစီးဌာနကနေ ထိန်းညှိလွှတ်ပေးမှာဖြစ်ပါတယ်။ ဒီနှစ် ရေသောက်ဧရိယာအဖျားမှာရှိတဲ့ ဒေသတွေအထိ ရေရောက်အောင် ပို့လွှတ်ပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်”ဟု ဦးလှရွှေက ပြောသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် ရေစတင်ဖြန့်ဝေမည့် သဖန်းဆိပ်ရေလှောင်တမံမှ ကန့်ဘလူ၊ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ အရာတော်မြို့နယ် စသည့် ရှစ်မြို့နယ်ရှိ နွေစပါးဧက သုံးသိန်းကျော်နှင့် အခြားသီးနှံ ခုနစ်သောင်းကျော်တို့အား ရေအညီအမျှရရှိရန် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**❍ သဘာဝအလှမှ**

အလွယ်တကူလျှောက်လှမ်းနိုင်ရေးလည်း ပြည်တွင်းခရီးသွားများ အတော်အသင့် သွားလာနိုင်ကြသော ကမ်းခြေအပန်းဖြေစခန်းတစ်ခုဖြစ်ပါသည်။

ချောင်းသာကမ်းခြေအပန်းဖြေစခန်းမှာ ဟိုတယ်များကို အစီအရီဖြင့် တန်းလျက်မြင်တွေ့နိုင်သည်။ ကမ်းခြေဟိုတယ်များနှင့် ကုန်းတွင်းဟိုတယ်များ အလွယ်တကူတွေ့မြင်ရ၍ စိတ်တိုင်းကျရွေးချယ်တည်းခိုနိုင်သော အခွင့်အရေးရရှိသည်။ ကမ်းခြေမှာ လှိုင်းလျှောစောက်နက်ခြင်းမရှိဘဲ အလွန်ပြေပြစ်သောကြောင့် ကလေးငယ်များအတွက်ပါ လုံးဝအန္တရာယ်မဖြစ်နိုင်ပါ။ ပင်လယ်လှိုင်းလုံးများမှာလည်းကြီးမားခြင်းမရှိပါ။ ကမ်းခြေအနီးတွင်လည်း သဘာဝကတည်ဆောက်ပေးထားသော ရေအောက်သန္တာကျောက်တန်းတည်ရှိနေ၍လည်း သားငါးကြီးများ၏ အန္တရာယ်မှ ကင်းဝေးလျက်ရှိပါသည်။ ကမ်းခြေအလျားမှာ တစ်မိုင်ကျော်ကျော်သာရှိ၍ ကမ်းခြေသို့ လာရောက်အပန်းဖြေသူများဖြင့် အစဉ်အမြဲစည်ကားလျက်ရှိသည်။ ဟိုတယ်များမှာ ကမ်းခြေတစ်လျှောက် ခပ်စိပ်စိပ်တည်ဆောက်ထားခြင်းကြောင့် ညပိုင်းတွင် ကမ်းခြေအလှမှာ သဘာဝကို ပိုမိုပေါ်လွင်နေသောကြောင့် ချောင်းသာကမ်းခြေကို " သဘာဝ၏ သမီးပျို" ဟုတင်စားခေါ်ဝေါ်ထိုက်ခြင်း ဖြစ်ပေသည်။

ချောင်းသာကမ်းခြေ ဟိုတယ်ဇုန်အသင်း၏ ဒေသအကျိုးသယ်ပိုးဆောင်ရွက်မှုတစ်ရပ်ကို အထင်အရှားတွေ့မြင်ရသည်မှာ ကမ်းခြေဟိုတယ်ဇုန်သွား ပင်မလမ်းကြီးကို ပေ ၄၀ အကျယ် လမ်းမကြီးအဖြစ် ထပ်မံတိုးချဲ့၍ ပြုပြင်စီမံနေခြင်းကြောင့်ပင်ဖြစ်သည်။ အမာခံမြေသားရရှိရေး စတင်ဖောက်လုပ်နေသော လုပ်ငန်းဆောင်ရွက်ချက်များကို စာရေးသူရောက်ရှိချိန် မျက်ဝါးထင်ထင်တွေ့မြင်နေရသည်။ ၂၀၀၀ ပြည့်နှစ်က နှစ်လမ်းမောင်းကတ္တရာလမ်းဖြစ်မြောက်စေရေး ဆောင်ရွက်နိုင်သကဲ့သို့ ယခုလည်း လေးလမ်းသွားလမ်းမကျယ်ကြီးအဖြစ်သို့ မကြာမီတွေ့မြင်လာကြရတော့မည်ဖြစ်သည်။

ကမ်းခြေအလှသဘာဝကို ဒေသခံပြည်သူများသာမက ခရီးသွားဧည့်သည်များကလည်း ရောက်တုန်းရောက်ခိုက် ဝိုင်းဝန်းကူညီကြစေလိုကြောင်း ဗီနိုင်းထောင်လျက် ဖော်ပြထားသည်ကို ချောင်းသာကမ်းခြေအဝင် ရွှေဟသ်ာဟိုတယ်ရှေ့တွင်တွေ့မြင်ရသည်။ ကမ်းခြေတစ်လျှောက် သဘာဝအလှတရားများကို ပိုမိုတင့်တယ်စေရန်မှာ လူသားတို့၏ စွန့်ပစ်သောအမှိုက်များကို သမုဒ္ဒရာက လက်မခံပါ။ အမှိုက်များကို ကမ်းခြေသို့သာ ပြန်လည်ပေးပို့လျက်ရှိပါသည်။ လူသားတို့က ပင်လယ်ပြင်သို့လည်းကောင်း၊ ကမ်းခြေသဲသောင်ပြင်ပေါ်သို့လည်းကောင်း အမှိုက်များကို အလွယ်တကူ စွန့်ပစ်ခြင်းမျိုး မပြုလုပ်ဘဲ စနစ်တကျ စွန့်ပစ်နိုင်ရန် အလေ့အကျင့်ရှိစေချင်သည်။ ဟိုတယ်ဇုန်အစီအစဉ်ဖြင့် ဟိုတယ်တိုင်းတွင် အမှိုက်ပုံးများ ပြုလုပ်ထားရှိကြသည်ကို တွေ့မြင်ရသည်။

ချောင်းသာကမ်းခြေဟိုတယ်ဇုန်၏ဦးဆောင်မှုဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းသည် ဟိုတယ်အသီးသီးမှ ဝန်ထမ်းများစုပေါင်းလျက် ကမ်းခြေတစ်ခုလုံး သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည်။ ကမ်းခြေသဲသောင်ပြင်ကို သန့်ရှင်းစေလိုသော ရည်ရွယ်ချက်ဖြင့် "သဲဆန်ခါချ" အမှိုက်ကင်းစင်အောင် ဆောင်ရွက်ခြင်းကို တစ်လတစ်ခါ ပုံမှန်ပြုလုပ်နေကြောင်း ရွှေဟသ်ာဟိုတယ်မှ ဦးလှိုင်မွန်က လက်တွေ့ဆောင်ရွက်နေသည်များနှင့်အတူ ရှင်းလင်းပြောပြသည်။

ချောင်းသာဟိုတယ်ဇုန်ကြီးတွင် ယခုအခါ ရွှေသောင်ယံသို့ သွားသောကားလမ်းပေါ် ပေါက်လာပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် မြေသားလမ်းကို အမာခံကျောက်ချောလမ်းဖြစ်ရေး ကြိုးပမ်းနေကြသည်။ ချောင်းသာဟိုတယ်ဇုန်တွင် ဟိုတယ်အလုံးပေါင်း ၂၀ အထိရှိနေကြောင်း Golden Beach ဟိုတယ် မန်နေဂျာ ဦးသန်းထွန်းအောင်ထံမှ သိရသည်။

ချောင်းသာကမ်းခြေအပန်းဖြေစခန်းတွင် ဟိုတယ်သစ်များကို တိုးချဲ့တည်ဆောက်ခွင့်များ ရရှိနေပြီဖြစ်၍ သဘာဝ၏ သမီးပျိုအလှမှာ နှစ်စဉ်ပင်ဆန်းသစ်ကာ လှပသစ်လွင်လျက်ရှိနေပါသည်။ မကြာမီက အသစ်ဖွင့်လှစ် ကာ ဧည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိနေသော New Chaung Tha ဟိုတယ်၏ သုံးထပ်ဆောင်ကြီးကိုလည်း ရောက်တုန်းရောက်ခိုက် ဝင်ရောက်လေ့လာမိသည်။ ကမ်းခြေအလှနှင့်အတူ သုံးထပ်ဆောင်ကြီးများဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် ဟိုတယ်သစ်များ၏ တည်ဆောက်မှုများကိုလည်း ပိုမိုပြည့်စုံစွာ တွေ့မြင်လာရတော့မည် ဖြစ်သည်။

ချောင်းသာကမ်းခြေ အပန်းဖြေစခန်းနှင့် ချောင်းသာကျေးရွာ၏ အဓိကအားကိုးအားထားဖွယ်ရာဖြစ်သော "ဥတို" တံတားကြီးကို ပိုမိုခိုင်ခံ့ကောင်းမွန်အောင် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းမစတင်မီ ကုန်းပတ်ကုန်းလမ်းမှာ အပန်းဖြေစခန်းသို့ ယာဉ်ငယ်များသာမက ခရီးသွားပို့ဆောင်ရေးယာဉ်ကြီးများ၊ Express များ၊ လိုင်းကားများပါ အဆင်ပြေ ချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရန် စိတ်ချရသည့်ကားလမ်းအဖြစ် ဆောင်ရွက်ကြမည်။ လမ်းတံတားတည်ဆောက်ရေး၏ လိုအပ်ချက်များကို ချောင်းသာဟိုတယ်ဇုန်ရှိ လုပ်ငန်းရှင်များအသင်းက ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ကြားသိရသည်။

ချောင်းသာကမ်းခြေ၏ အဓိကမင်းသားဖြစ်သော "ဥတို" တံတားကြီးကို တစ်လခွဲအချိန်အတွင်း အကောင်းဆုံးနှင့် အဆင့်မီမီ ပိုမိုခိုင်ခံ့သော တံတားဖြစ်စေရေးဌာနနှင့်အသင်းတို့က ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ကြားသိရသည်။ "ဥတို"တံတားသစ်ကြီး တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းပြီးစီးသွားပါက မူလပုံမှန်လမ်းကြောင်းအတိုင်း ကမ်းခြေသို့ အလွယ်တကူပင်ဝင်ထွက်သွားလာနိုင်မည်ဖြစ်သည်။ မကြာမီကာလတွင် တည်ဆောက်ဆဲ ဖွင့်လှစ်ရန် ပြင်ဆင်နေသော ဟိုတယ်သစ်များနှင့် တိုးချဲ့အဆောင်ကြီးများနှင့်အတူ ပိုမိုသစ်လွင်သော "သဘာဝ၏ သမီးပျိုဟိုတယ်များနှင့် မင်းသားကြီး ဥတို" တံတားတို့ကို တွေ့မြင်လာတော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။

❐❐

# ရန်ကုန်-မန္တလေး ရထားစီးခရီးသည်များအတွက် တစ်နိုင်လက်ဆွဲတန်ဆာများ အခမဲ့တင်ဆောင်သယ်ယူခွင့်ပြု

**ရန်ကုန် ဖေဖော်ဝါရီ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူတင်သွင်းခဲ့သော အဆင့်မြင့် ခေတ်မီလေအိတ်စနစ် ပါဝင်သည့် ရန်ကုန်-မန္တလေးလမ်း (အမှတ်(၅) အဆန်)နှင့်မန္တလေး-ရန်ကုန်လမ်း အမှတ်(၆)အစုန် အမြန်ရထားကို တွဲဆိုင်းအသစ်များဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အစားထိုး ပြေးဆွဲပေးခဲ့ပြီးနောက် ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် တစ်ပိုင်တစ်နိုင် လက်ဆွဲတန်ဆာများအားအခမဲ့ တင်ဆောင်သယ်ယူခွင့်ပြုထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖေဖော်ဝါရီ ၂ ရက်က ထုတ်ပြန်ထားသည်။

အမြန်ရထားစီးနင်းကြသူများ အဆင်ပြေစေရေးအတွက် ရိုးရိုးတန်း၌ရထားစီးခရီးသည် တစ်ဦးလျှင် အခမဲ့လက်ဆွဲတန်ဆာ ၂၅ ပိဿာနှင့် အထက်တန်း၌ ရထားစီးခရီးသည် တစ်ဦးလျှင် လက်ဆွဲတန်ဆာ ၃၅ ပိဿာထိ အခမဲ့တင်ဆောင်သယ်ယူခွင့်ပြုထားကြောင်း၊ ထိုပစ္စည်းများမှာလည်း ရောင်းဝယ်ဖောက်ကားကြသော ကုန်ပစ္စည်းများမဟုတ်ဘဲ ခရီးသည်များ၏ တစ်ပိုင်တစ်နိုင်လူသုံးကုန်ပစ္စည်းများသာ ဖြစ်ရမည်ဖြစ်ကြောင်း၊ ရထားစီးခရီးသွားပြည်သူများကလည်း လိုက်နာဆောင်ရွက်စေချင်ကြောင်း၊ မြန်မာ့မီးရထားမှ အမြန်ရထားစီးခရီးသည်များအတွက် တစ်ပိုင်တစ်နိုင်လူသုံးကုန်ပစ္စည်းများ တင်ဆောင်သယ်ယူခွင့်ပြုခဲ့သည်မှာ ယခုမှမဟုတ်ဘဲ ယခင်ကာလကတည်းက ဖြစ်ကြောင်းဖြင့် မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ လက်ထောက်အထွေထွေမန်နေဂျာ (ပို့ဆောင်ရေး) ဦးကျော်စိုးလင်းက ရှင်းပြသည်။

"အတွဲတွေကလည်း အသစ်ဖြစ်နေပါပြီ။ ထိုင်ခုံတွေနဲ့သန့်စင်ခန်းတွေက အစအကုန်ကောင်းမွန်နေပြီ ဆိုတော့ ခုဆိုရထားစီးခရီးသည်တွေအတွက် သက်သောင့်သက်သာဖြစ်နေပါပြီ။ တချို့ခရီးသည်တွေဆို ရထားပြတင်းပေါက်ပေါင်ပေါ်မှာ ခြေထောက်တင်စီးကြတယ်။ မျက်နှာချင်းဆိုင်ရှေ့ခုံရဲ့ အမှီပေါ်မှာ ခြေထောက်တင်စီးကြတာတွေကိုတွေ့ရတော့ စနစ်တကျလေး လိုက်ပါစီးနင်းကြစေချင်ပါတယ်။ ဟိုးယခင်ကတည်းက တစ်ပိုင်တစ်နိုင် လက်ဆွဲတန်ဆာပစ္စည်းများကိုလည်း တင်ဆောင်သယ်ယူခွင့်ပြုထားခဲ့ပါတယ်။ နောက်ပြီး ကြီးတဲ့ ပစ္စည်းတွေဖြစ်တဲ့ အိပ်ရာလိပ်တွေကိုလည်း ကိုယ့်အနား မထားချင်ဘူးဆို ရထားထိန်းတွဲမှာ အခမဲ့ထားလို့ ရပါသေးတယ်။ လက်မှတ်ခနှုန်းထားကလည်း ရိုးရိုးတန်းထိုင်ခုံအတွက် ငွေကျပ် ၄၆၅၀၊ အထက်တန်းထိုင်ခုံအတွက် ငွေကျပ် ၉၃၀၀ ဖြစ်ပြီး တွဲဆိုင်းအသစ်ဖြစ်သွားလို့ဈေးနှုန်းမတက်ပါဘူး။ အရင်ဈေးနှုန်းဟောင်းအတိုင်းပါပဲ။ လူစီးတစ်တွဲကို ဒေါ်လာလေးသိန်း တန်ဖိုးရှိတာဆိုတော့ ရထားစီးပြည်သူတွေအနေနဲ့ စည်းကမ်းတကျလေးအသုံးပြုပေးဖို့ မေတ္တာရပ်ခံချင်တာပါ"ဟု ၎င်းကဆိုသည်။



လက်ရှိအနေအထားအရရန်ကုန်ဘူတာကြီးမှတစ်ဆင့် ပြေးဆွဲပေးနေသော ရန်ကုန်-မန္တလေးလမ်းပိုင်း ခရီးစဉ်များအရ ရထားတွဲဆိုင်း (၁) အဆန်ကို နံနက် ၄ နာရီ၊ (၃)အဆန်ကို ညနေ ၅ နာရီ၊ (၅)အဆန်ကို ညနေ ၃ နာရီနှင့် (၁၁)အဆန်ကို နံနက် ၆ နာရီတွင်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ဇန်နဝါရီ ၁ ရက်ညနေ ၃ နာရီက ရန်ကုန်ဘူတာကြီးမှ ပြေးဆွဲခဲ့သော ရန်ကုန်-မန္တလေးလမ်း(အမှတ်(၅) အဆန်)အမြန်ရထားတွဲဆိုင်း၌လိုက်ပါစီးနင်းကြသော ရထားစီးခရီးသည်များစာရင်းအရ ရိုးရိုးတန်း၌ ၂၈၇ ဦး၊အထက်တန်း၌ ၇၀ ရှိပြီးလမ်းပိုင်းခရီးစဉ်ဘူတာများမှ လိုက်ပါစီးနင်းကြသောခရီးသည်များ အပါအဝင် လူဦးရေ ၅၀၀ နီးပါးထိရှိကြောင်း၊ လက်ရှိတွဲဆိုင်းသစ်အစားထိုးပြေးဆွဲပြီးနောက် ရထားစီးခရီးသည်မှာ ဆယ်ဂဏန်းထိစံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ထို့ပြင် မြန်မာ့မီးရထားမှ ရထားစီးခရီးသည်များ သက်သောင့်သက်သာ သွားလာနိုင်ကြစေရေးအတွက် စက်ခေါင်းအသစ်၊ တွဲဆိုင်းအသစ်များဖြင့် အစားထိုးပြေးဆွဲလျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော စက်ခေါင်းအသစ် ခြောက်ခေါင်းနှင့် လူစီးတွဲအသစ် ၁၁ တွဲ မှာလည်း ဇန်နဝါရီ ၃၁ ရက်က အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့ပြီဖြစ်သဖြင့် လက်ရှိရထားတွဲများကို ချနေပြီဖြစ်ကြောင်းနှင့် အဆိုပါတွဲများကိုလည်းလိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ကာ ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ ရထားတွဲများ၌ပင် အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းရထားပို့ဆောင်ရေးဝန်ကြီးဌာနမှသိရသည်။

**(စိုးဝင်း-MLA)**

**❐ အင်းတော်ကြီးမှ**

အရေးအပါဆုံး ရေတိမ်ဒေသဖြစ်တဲ့ အင်းတော်ကြီးကန်ကို ရေရှည်ထိန်းသိမ်းရေးနဲ့ စနစ်တကျအသုံးပြုနိုင်ရေးတို့အတွက် များစွာအထောက်အကူဖြစ်ပါတယ်။ မိုးယွန်းကြီး ရမ်ဆာရေတိမ်ဒေသပြီးရင် အင်းတော်ကြီးဟာ မြန်မာနိုင်ငံရဲ့ ဒုတိယမြောက် ရမ်ဆာရေတိမ်ဒေသဖြစ်ပါတယ်။ အစိုးရအနေနဲ့ နိုင်ငံတာဝန် ကာကွယ်ထိန်းသိမ်းထားတဲ့ ရေတိမ်ဒေသကွန်ရက်တည်ထောင်ဖို့ ရမ်ဆာ ရေတိမ်ဒေသတွေ ပိုမိုသတ်မှတ်နိုင်ရေးအတွက် စီစဉ်နေပါတယ်" ဟု သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က ဆိုသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံး သဘာဝရေချိုကန်ဖြစ်သော အင်းတော်ကြီးကန်တွင် ကမ္ဘာတစ်ဝန်း ခြိမ်းခြောက်ခံနေရသော အခြားမျိုးစိတ်များ အပါအဝင် ငှက်မျိုးပေါင်း ၁၀၀ ကျော် နေထိုင်ကျက်စားပြီး နိုဝင်ဘာလမှ မတ်လအတွင်း ဆောင်းခိုငှက်နှင့် ဌာနေငှက် စုစုပေါင်း အနည်းဆုံးကောင်ရေ ၂၀၀၀၀ ခန့်ကို ပုံမှန်တွေ့ရှိရသည်။ ဤဒေသတွင် တွေ့ရသော ရှားပါးကြိုးကြာခေါင်းနီကို ငှက်ကြည့်သူများနှင့် ခရီးသွားဧည့်သည်များက အထူးစိတ်ဝင်စားကြသည်။ ကမ္ဘာတစ်ဝန်းတွင် မျိုးသုဉ်းရန် ခြိမ်းခြောက်ခံနေရသော လိပ်မျိုးစိတ် ငါးမျိုးကိုလည်း အင်းတော်ကြီးကန်၌ တွေ့ရှိရသည်။ ကန်အတွင်းရှိ ငါးမျိုးစိတ်များမှာ စုံလင်ကွဲပြားလှကာ မျိုးစိတ်အရေအတွက် ၉၃မျိုးအထိ တွေ့ရှိမှတ်တမ်းတင်ထားပြီး ယင်းတို့အနက် ခုနစ်မျိုးမှာ မကြာသေးမီကမှ တွေ့ရှိထားခြင်းဖြစ်ကာ သိပ္ပံပညာတွင် မှတ်တမ်းတင်ထားခြင်း လုံးဝမရှိသေးသော ဒေသရင်း မျိုးစိတ်များဖြစ်သည်။

ဤရေတိမ်ဒေသတွင် လူဦးရေ ၃၀၀၀၀ ခန့်ရှိပြီး အများစုမှာ ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် တောထွက်ပစ္စည်းများ ထုတ်ယူခြင်းလုပ်ငန်းများ လုပ်ကိုင်ကာ အသက်မွေးကြသည်။ ထိုလုပ်ငန်းများမှာ အများအားဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိသော်လည်း အင်းတော်ကြီးကန်အတွင်း ငါးအလွန်အကျွံ ဖမ်းခြင်း၊ ပတ်ဝန်းကျင် ရေဝေရေလဲသစ်တောများမှာ ထင်းအလွန်အကျွံထုတ်ခြင်းကဲ့သို့ ရေရှည်တွင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သော နည်းလမ်းများလည်း လုပ်ကိုင်လာကြသည်။

"ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် ကျွန်တော်တို့ဟာ ၂၀၁၀ ခုနှစ်ကစတင်ပြီး ဒေသခံတွေအပါအဝင် သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့နဲ့ ပူးပေါင်းကာ အင်းတော်ကြီးကန်မှာ ထိန်းသိမ်းရေးလုပ်ငန်းတွေဖော်ဆောင်ခဲ့ပါတယ်" ဟု နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI) ၏ မြန်မာနိုင်ငံ အစီအစဉ် ဒါရိုက်တာ ဖရန့်မွန်းဘတ်က ဆိုသည်။

ထင်းသုံးစွဲမှုနည်းသောမီးဖိုများ ဖြည့်ဆည်းပေးခြင်းနှင့် ရပ်ရွာအခြေပြုသစ်တောလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချလာနိုင်ခဲ့သည်။ ငါးကောင်ရေများထိန်းသိမ်းရေးအတွက်လည်း ဒေသခံများ၏ပူးပေါင်းပါဝင်မှုဖြင့် ငါးသားပေါက် ကြီးထွားရာနေရာများတွင် ငါးထိန်းသိမ်းရေးဇုန်များ သတ်မှတ်လာနိုင်ခဲ့သည်။ ငါးလုပ်ငန်းဦးစီးဌာနက အင်းတော်ကြီးကန်အတွင်း ငါးထိန်းသိမ်းရေးဇုန် ကိုးဇုန်ကို မကြာသေးမီက အတည်ပြုပေးခဲ့ပြီး အင်းတော်ကြီး၏ အထိမ်းအမှတ်ဖြစ်သော ရွှေမဥ္ဇူရေလယ်ဘုရား ပတ်လည်ရှိ "ငါးမဖမ်းရဇုန်" လည်းအပါအဝင် ဖြစ်သည်။

အင်းတော်ကြီးကန်၏ ထူးခြားလှသော ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များက ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိကာ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်သူဦးရေ တိုးတက်လာလျက်ရှိသည်။ ရေရှည်တည်တံ့၍ ဒေသခံများအား အကျိုးပြုသော ခရီးသွားလုပ်ငန်းပေါ်ပေါက်လာရေးအတွက် FFI က ရပ်ရွာအခြေပြု သဘာဝခရီးသွားလုပ်ငန်း စီမံကိန်းတစ်ရပ် စတင်ခဲ့ရာ ကယက်လှေလှော်ခြင်း၊ စက်ဘီးစီးခြင်းနှင့် ခြေလျင်ခရီးထွက်ခြင်း စသည့် စိတ်ဝင်စားဖွယ်အစီအစဉ်များလည်း လုပ်ဆောင်လာနိုင်ပြီး ဒေသခံလူငယ်များလည်း အလုပ်အကိုင်များ ရရှိလာသည်။

"ရေတိမ်ဒေသတွေဟာ လူသားတွေအတွက် သောက်သုံးဖို့နဲ့ စိုက်ပျိုးဖို့ ရေအရင်းအမြစ်ပေးတဲ့ အပြင် ငါးအစရှိတဲ့အစားအစာတွေလည်း ဖြည့်ဆည်းပေးတဲ့အတွက် အရေးပါလှပါတယ်။ ဒါကြောင့် ရေတိမ်ဒေသတွေကို စနစ်တကျအသုံးချနိုင်ဖို့နဲ့ ဒေသခံတွေနဲ့ ညှိနှိုင်းပြီး ဒီဒေသတွေကို ထိန်းသိမ်းစီမံဖို့က အလွန်အရေးကြီးပါတယ်"ဟု ဖရန့်မွန်းဘတ်က ဆိုသည်။

ရမ်ဆာ ရေတိမ်ဒေသအဖြစ် နိုင်ငံတကာ အသိအမှတ်ပြုခံရမှုနှင့်အတူ ဒေသတွင်း ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကောင်းစွာတိုးတက်မှုရရှိနေသော်လည်း အကြီးစားစိန်ခေါ်မှုများ ကျန်ရှိနေပါသေးသည်။ အဓိကအားဖြင့် အင်းတော်ကြီးကန်တောင်ပိုင်းရှိ ချောင်းလက်တက်များတွင် တရားမဝင်ရွှေတူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်နေခြင်းကြောင့် နုန်းကျခြင်းနှင့် ရေထုညစ်ညမ်းခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

**(ကြေးမုံ)**

❐❐

# အင်းလေးကန်ပတ်လည် တောင်များကိုထိန်းသိမ်းခြင်းဖြင့် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုစေမည်



**အင်းလေး ဖေဖော်ဝါရီ ၂**

အင်းလေးကန်သည် တောင်တန်းများဖြင့် ဝန်းရံလျက်ရှိပြီး သဘာဝဌာနေ ငါးအမျိုးပေါင်း ၆၁ မျိုး၊ ကုန်းနှင့် ဌာနေရေပျော်ငှက်မျိုးပေါင်း ၃၅၀ ခန့် ကျက်စားလျက်ရှိပြီး ဟိုတယ် ၁၄ လုံး၊ ကျေးရွာပေါင်း ၂၈၁ ရွာမှာ အင်းလေးကန် ဘေးမဲ့တောအတွင်း တည်ရှိကြောင်း အင်းလေးကန် သားရဲတိရစ္ဆာန်နှင့် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

အင်းလေးကန်သည် ၁၀ နှစ်တစ်ကြိမ်ခန့် ရေနည်းသည့် အစဉ်အလာရှိခဲ့သည်ကို ၁၉၉၀ ခုနှစ်မှ သတိပြုမိခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် တစ်ကြိမ် ရေနည်းခဲ့သည့်အပြင် အင်းအတွင်း ကျေးရွာအချို့မှာလည်း နှစ်စဉ် သောက်သုံးရေလိုအပ်မှုနှင့် ကြုံတွေ့နေရသည်။ ၂၀၁၆ ခုနှစ်တွင်လည်း အယ်လ်နီညိုရာသီဥတုကြောင့် ထိန်းသိမ်းရန် များစွာလိုအပ်လျက်ရှိသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်နှင့် ပင်လောင်း၊ ဖယ်ခုံမြို့နယ်တို့တွင် ပါဝင်ပြီး ယခင်က အင်းလေးကန်သည် အိုးပုံရှိသော်လည်း ယခုအခါ နုန်းပို့ချ၍လည်းကောင်း၊ အင်းပတ်လည်တောင်တန်းများ၊ သစ်တောပြုန်းတီးလာသဖြင့်လည်းကောင်း ရေဝေ၊ ရေလဲဒေသများ အားနည်းကာ ပန်းကန်ပြားပုံသို့ တဖြည်းဖြည်းပြောင်းလဲလာကာ ရေတိမ်လာပြီး ၁၀ နှစ်လျှင် တစ်ကြိမ်ခန့် ရေနည်းမှုနှင့် ကြုံရလေ့ရှိကြောင်း အင်းလေးကန်ပြုပြင်ထိန်းသိမ်းရေး လုပ်ဆောင်နေသည့် ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

အင်းလေးကန်၏ ရေဝေ၊ ရေလဲဧရိယာသည် ကြိုးဝိုင်းတောရှစ်ခု (၂၀၃ ဒသမ ၆၂ စတုရန်းမိုင်)၊ ကြိုးပြင်ကာကွယ်တောများ ခုနစ်ခု (၉၅ ဒသမ ၉၀ စတုရန်းမိုင်)၊ သဘာဝနယ်မြေတစ်ခု (၂၄၇ ဒသမ ၄၅ စတုရန်းမိုင်)ပါဝင်ပြီး စုစုပေါင်း ၅၄၆ ဒသမ ၉၇ စတုရန်းမိုင်ခန့်ရှိပြီး အင်းလေးကန် ရေပြင်မှာ အလျား (၁၇ ဒသမ ၇ ကီလိုမီတာ - ၅၇ ဒသမ ၉ ကီလိုမီ တာ)၊ အကျယ် (၆ ဒသမ ၄ ကီလိုမီတာ - ၁၂ ဒသမ ၉ ကီလို မီတာ)၊ ရေအနက်(အနက်ဆုံး) (၄ ဒသမ ၃ မီတာ - ၆ ဒသမ ၁ မီတာ)၊ ပျမ်းမျှ (၃ ဒသမ ၇) မီတာ၊ ထုထည် (၁၅၈ ဒသမ ၂ ၁၀၆) ကုဗမီတာရှိကြောင်း ၂၀၁၅ ခုနှစ်တွင် ဖော်ပြသည့် အင်းလေးကန်၏ Environmental Improvement တွင် ဖော်ပြထားသည်။

အင်းလေးကန် သတ်မှတ်ဧရိယာအတွင်း ကျေးရွာပေါင်း ၂၄၀ ကျော်ရှိပြီး၂၀၀၉ ခုနှစ်တွင် အိမ်ထောင်စု ၃၄၀၂၆ စု၊ လူဦးရေ ၁၅၁၃၁၁ ဦးမှ ၂၀၁၃ ခုနှစ်တွင် အိမ်ထောင်စု ၃၄၅၇၈ စု၊ လူဦးရေ ၁၆၅၆၄၈ ဦး၊ ၂၀၁၄ ခုနှစ် သန်းခေါင်းစာရင်းအရ အိမ်ထောင်စု ၃၅၉၆၂၊ လူဦးရေ ၁၇၂၃၉၇ ဦး အထိများပြားလာပြီး အင်းအတွင်း ရေပေါ်ဥယျာဉ်ခြံများလည်း တိုးချဲ့လာသည်။

အင်းလေးကန်ထဲသို့ ကလောချောင်း၊ နယ်ခြားချောင်း(သို့)ရေပယ်ချောင်း၊ ဘီလူးချောင်း၊ နန့်လတ်ချောင်းတို့ အဓိကစီးဝင်ပြီး ၂၀၁၀ ခုနှစ်တွင် အင်းလေးကန် ရေအမှတ်မှာ (-၃ ဒသမ ၂) သို့ ကျဆင်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အနိမ့်ဆုံးရေအမှတ် (-သုည ဒသမ ၆) နှင့် အမြင့်ဆုံးရေအမှတ်မှာ (၂ ဒသမ ၈) သာ ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ရေအမှတ် (-သုည ဒသမ ၅) ခန့်သာ ကျဆင်းခဲ့ပြီး ယမန်နှစ်ရေ အမှတ်နီးပါးတွင်သာ ရှိနေကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။ (ပင်လယ်ရေအမှတ် ၂၈၉၇ ဒသမ ၅ ကို Zero Gate ထားသတ်မှတ်ပြီး ၎င်းအမှတ်အောက် ရောက်ပါက (-)ဖြင့် ဖော်ပြသည်)

အင်းလေးကန်ကို ၂၀ ရာစုနှစ်အတွင်း ဆန်းစစ်ချက်အရ ဧရိယာစတုရန်းမိုင် ၁၀၀ ဒသမ ၂၄၊ တောင်နှင့်မြောက်အလျား ၃၆ မိုင်၊ အရှေ့နှင့်အနောက် အနံ ရှစ်မိုင်၊ ရေအနက် ပေ၂၀ အထိ လိုအပ်ပြီး ၂၀၀၇ ခုနှစ်တွင် ဧရိယာစတုရန်းမိုင် ၆၃ မိုင်၊ အလျား ၁၁ မိုင်၊ အနံလေးမိုင်၊ အနက် ၁၂ ပေသာ ရှိခဲ့သည်ဟု UNHABITAT ဦးဆောင်၍ အင်းလေးကန်ပြန်လည် ထူထောင်ရေးနှင့် ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေး ရေရှည်စီမံချက်ကို ပူးတွဲထုတ်ပြန်ထားသည်။

အင်းလေးကန် ရေဝေ၊ ရေလဲဒေသမှာ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ၂၁၀၀ ဒသမ ဝဝ စတုရန်းမိုင်သာ တူညီစွာရှိခဲ့သည်။ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၀ ခုနှစ်မှစ၍ ငါးနှစ်စီမံကိန်းဖြင့် ဇုန်သုံးဇုန်သတ်မှတ်ပြီး အဓိကလုပ်ငန်း ငါးရပ်ဖြင့်ဆောင်ရွက်ခဲ့ရာ ရေဝေ၊ ရေလဲဒေသများ ထိန်းသိမ်းရေးနှင့် မြေပြိုတိုက်စားမှုနှင့် နုန်းပို့ချမှုကာကွယ်ရန် ဒေသခံပြည်သူများအသိပညာပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကို ဌာနဆိုင်ရာ ၁၂ ခုကဆောင်ရွက်လျက်ရှိပြီး အင်းလေးကန်ဇုန်ဝင်ကြေးမှ ကျပ်သိန်း ၁၀၆၅၀ အပါအဝင် အင်းလေးကန် ရေရှည်တည်တံ့ရေး Rust Fund ကျပ် ၁၂၅၅၄ သိန်းဖြင့် ဆောင်ရွက်ခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းပေါင်း ၂၅ ဖွဲ့ကျော်က ကြိုးပမ်းလျက်ရှိပြီး မူဝါဒကောင်းများလည်း လိုအပ်နေသဖြင့် ဘက်စုံလွှမ်းခြုံနိုင်သော အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းရေးကို ကြိုးပမ်းလျက်ရှိကြောင်း တက်ကြွစွာလှုပ်ရှားသူ ညောင်ရွှေမြို့ခံ ဦးသာဒိုးထံမှ သိရသည်။

ရေဝေရေလဲစိုက်ခင်း ဧက ၂၂၀ ကျော်ရှိသည်။ ရေဝေရေလဲဧရိယာပြဿနာများမှာ သစ်ကိုင်း၊ သစ်ပင်ခုတ်လှဲခြင်း၊ ထွန်ယက်တူးဆွခြင်း၊ စီးဝင်ချောင်းများမှနုန်းပို့ချခြင်း၊ အင်းဧရိယာအတွင်း လူနေထူထပ်လာသည်နှင့်အမျှ စိုက်ပျိုးမြေများချဲ့ထွင်လာခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများလာခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် မြေဆီလွှာတိုက်စားမှုများပြားလာခြင်းနှင့် သားရဲတိရစ္ဆာန်များနေထိုင်ရာ ရှားပါးလာခြင်း၊ ရေလွှာများနှင့် စမ်းရေခမ်းခြောက်လာခြင်းတို့ကြောင့်လည်းကောင်း၊ ကျွန်းမျော စိုက်ခင်းများချဲ့ထွင်ခြင်းကြောင့် အင်းရေပြင် လျော့နည်းလာသည့်အပြင်ဓာတ်မြေသြဇာနှင့် ဓာတုဆေး၊ ပိုးသတ်ဆေးများသုံးစွဲမှုကြောင့် ငါးနှင့် ရေနေသတ္တဝါများလျော့နည်းလာပြီး လူများနှင့်ကျေးငှက်များ၏ အသက်အန္တရာယ် ဖြစ်စေလာသည်။

အင်းလေးကန်အတွင်း ၁၉၈၀ ခုနှစ်ခန့်မှစ၍ ကျွန်းမျောစိုက်ခင်းများကို ဧရိယာ သတ်မှတ်စိုက်ပျိုးစေခဲ့သော်လည်း ပိုမိုတိုးပွားလာရာ ယခုနှစ်တွင် မင်းကင်းရွာပိုင် ကျွန်းမျောစိုက်ခင်းပင် ဧက ၂၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အင်းလေးရေဝေ၊ ရေလဲဒေသတွင်း နေထိုင်သူများ၏ စီးပွားရေးအဆင့်အတန်းသည် အင်းလေးကန်၏ ဂေဟစနစ်တည်ငြိမ်မှုကို သက်ရောက်မှုရှိနေသဖြင့် လူဦးရေတိုးပွားသော်လည်း အသက်မွေးလုပ်ငန်းများ ပြောင်းလဲမှုမရှိခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ထိန်းညှိပေးရန်လိုအပ်နေကြောင်း၊ အင်းလေးကန်အနီးတောင်များပေါ်တွင် သစ်ခုတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာများလာခြင်း၊ ကန်စပ်များတွင် အခြေချနေထိုင်လုပ်ကိုင်သူများလာခြင်း၊ ခရီးသွားများလာခြင်း၊ စွန့်ပစ်ရေဆိုးနှင့် မိလ္လာရေများ ပိုစီးဝင်လာခြင်း၊ တစ်နှစ်လျှင် နုန်းတန်ချိန်ပေါင်း ၂၆၄၁၃၀ အထိ ပို့ချလာ၍ တူးဖော်နေရသော်လည်း စက်လှေသွား ရေလမ်းကြောင်းများကိုသာ ဆည်မြောင်းဦးစီးဌာနက အဓိကတူးဖော်လျက်ရှိသည်။

အင်းလေးကန်သည် ၁၉၈၅ ခုနှစ်တွင် သားရဲတိရစ္ဆာန်ဘေးမဲ့တောအဖြစ်ပြဋ္ဌာန်းခဲ့ရာ ၂၀၁၅ ခုနှစ်က အရှေ့တောင်အာရှ နိုင်ငံများ အာဆီယံအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံခဲ့ရပြီး လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် မကြာသေးမီက သတ်မှတ်ခြင်းခံခဲ့ရသည်။

အင်းလေးကန် ရေဝေ၊ ရေလဲဒေသများနှင့် Peakland များ အားကောင်းလာစေရန် အင်းပတ်လည်ရှိ တောင်တန်းများ စိမ်းလန်းစိုပြည်ရေးကိုလည်း အလေးထားဆောင်ရွက်ပါက အင်း၏ရေလိုအပ်ချိန်တွင် ပြန်လည် ဖြည့်ဆည်းပေးနိုင်ပါကြောင်း ဖေဖော်ဝါရီ ၂ ရက်တွင် ကျရောက်သည့် World Wetlands ၂၀၁၆ ကမ္ဘာ့ရေဝေ၊ ရေလဲနေ့ကို ဂုဏ်ပြုအပ်ပါသည်။

**(သန့်ဇင်ဝင်း)**

# မုံရွာမြို့ရှိရှေးဟောင်းမြန်မာစာပေရေးရာဌာနမှာ ပိတ်ထားသည်ကများသောကြောင့် လေ့လာလိုသူများအနေဖြင့် အခွင့်အရေးများဆုံးရှုံးနေ

**မုံရွာ ဖေဖော်ဝါရီ ၂**

မြန်မာ့လူနေမှုဘဝတွင် နေရာအလိုက် ဌာနအလိုက် စနစ်တကျတီထွင်ဖန်တီးသုံးစွဲတတ်ကြောင်း ဂုဏ်ယူဖွယ်ရာသက်သေပစ္စည်းများဖြင့် ရှေးဟောင်းမြန်မာစာပေရေးရာဌာနကို မုံရွာမြို့ရပ် အမှတ်(၂)အထက်တန်းကျောင်း၏တောင်ဘက်တွင် စုဆောင်းထားရှိသော်လည်း အမြဲပိတ်ထားသဖြင့် လေ့လာလိုသူများ၏အခွင့်အရေးများ ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။




"မြန်မာ့စိတ်ကူးအနုပညာကို တသိမ့်သိမ့်ကြည်နူးရလောက်အောင် ဇာတိမာန်စိတ်ကိုနိုးကြားလာစေတဲ့ ရှေးဟောင်းပစ္စည်းအနုလက်ရာတွေရှိတယ်လို့ ဆရာတွေပြောထားလို့သိရတယ်။ ဒါပေမယ့် တကယ်သွားလေ့လာတော့ ရှေးဟောင်းမြန်မာစာပေရေးရာဌာနက ပိတ်ထားတယ်။ နောက်ထပ်သွားကြည့်လည်း ပိတ်ထားတာကိုပဲတွေ့ရတယ်။ လူငယ်တွေ ကိုယ့်ယဉ်ကျေးမှုအပေါ် စိတ်ဝင်စားတာ နည်းနေတယ်ဆိုတာလည်း စိတ်ဝင်စားစေမယ့်နေရာတွေ ဝင်ထွက်လေ့လာခွင့်တွေ ဆုံးရှုံးနေသမျှဝေးနေဦးမှာပဲ" ဟု နယ်မှရောက်ရှိ လေ့လာလိုသော မြန်မာစာမြတ်နိုးသူတစ်ဦးက ပြောသည်။

ရှေးဟောင်း မြန်မာစာပေရေးရာဌာန (RCAMM)ကို အဖွဲ့အစည်းဖြင့်လာရောက်လေ့လာသူများသည် အသင်းများအနေဖြင့် ကြိုတင်အကြောင်းကြားမှသာ လေ့လာနိုင်ပြီး ကျန်အချိန်များတွင် အမြဲပိတ်ထားသည့်အတွက် လေ့လာလိုသူများအနေဖြင့် အချိန်ယူ ချိတ်ဆက်ဆောင်ရွက်မှသာ အတွင်းသို့ ဝင်ရောက်လေ့လာနိုင်မည့် အနေအထားတွင်ရှိနေကြောင်း သိရသည်။

မုံရွာရှေးဟောင်း မြန်မာစာပေရေးရာဌာနသည် နှစ်ထပ်အဆောက်အအုံကြီးဖြစ်ပြီး မြေပြင်ထပ်တွင် ကျောက်စာပြခန်းရှိ ပြသထားသော လှည်းယဉ်အပါအဝင် ၅၂ မျိုးကို ပြသထားသလို အပေါ်ထပ်ပြခန်းတွင် မြန်မာ အနုလက်ရာပစ္စည်း ၁၀၅ မျိုးကို ပြသထားရှိကြောင်း သိရသည်။ အဆိုပါအပေါ်ထပ်တွင် ရွှေချည်ထိုး ဗုဒ္ဓဝင်၊ ပဝါရှည်များဖြင့် အလှဆင်ထားသလို ရွှေချည်၊ ငွေချည်၊ ကျောက်မျက်ရတနာများဖြင့် အလှဆင်ထားကြောင်း၊ ဘုရားဆင်းတုများကို ပြခန်းဦးထိပ်ပိုင်းတွင် သီတင်းသုံးထားရှိပြီး နံရံဆေးရေးပန်းချီများ၊ နေမိမင်းသားအားနတ်ပြည်သို့ ပို့ဆောင်ခန်း၊ သစ်သားရဟန္တာပုံတော်၊ တံခွန်တိုင်စသည့် ဘာသာရေးဆိုင်ရာ အနုလက်ရာတို့ကို စနစ်တကျတွေ့မြင်လေ့လာနိုင်အောင် ထားရှိကြောင်း သိရသည်။

ထို့ပြင် ပေစာတင်စင်နှင့် ပေထုပ်သုံးထုပ် ဗျပ်နီဆွမ်းကပ်သွားဟန်ပန်းချီ၊ စာတိုက်၊ ဗီရို၊ ဆွမ်းအုပ်၊ မဟော်ဂနီစားပွဲ၊ ကုလားထိုင်တို့ကို နန်းဆန်ဆန် ကြွားကြွားဝင့်ဝင့် ပြသထားကြောင်းသိရသည်။ ထို့ပြင် ဆင်အံကျောက်ဖြစ်ရုပ်ကြွင်း၊ မိကျောင်းကျောက်ဖြစ်ရုပ်ကြွင်း၊ ဝက်ဝံကျောက်ဖြစ်ရုပ်ကြွင်း စသည်တို့ကိုပြသထားသလို မြန်မာမှုလက်ရာဖြစ်သော ချိန်ခွင်သိမ်းရန်ခွက်နှင့် အဖုံးအုပ်ပါသော သေတ္တာတို့ဖြင့်ဖွဲ့စည်းထားသော ချိန်ခွင်သေတ္တာကိုလည်း ပြသထားကြောင်း သိရသည်။ မြန်မာအက္ခရာသမိုင်းကိုပြသရာတွင် လက်ရေးအက္ခရာပုံသဏ္ဌာန်၊ ဗျည်းအက္ခရာ သင်္ကေတလက်ရေးစာများကို ကျောက်သင်ပုန်းသဏ္ဌာန်ပုံဖော်လျက် မြန်မာအက္ခရာသမိုင်းကို တင်ပြထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဂျပန်နိုင်ငံထုတ် Kawasaki ဆိုင်ကယ်များ ဈေးမြင့်သော်လည်း နှစ်သက်စွာဝယ်ယူစီးနင်း

**မန္တလေး ဖေဖော်ဝါရီ ၂**

ဂျပန်နိုင်ငံထုတ် Kawasaki ဆိုင်ကယ်သစ်များ မိတ်ဆက်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် ည ၇ နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ Max ဟိုတယ်ခန်းမတွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ ဈေးကွက်တွင်းသို့ တင်သွင်းလာသော အမျိုးသားစီး Ninja ZX -6R ဆိုင်ကယ်၊ Vulcan900 Custom ဆိုင်ကယ်၊ Vulcan900 Classic ဆိုင်ကယ်သစ်များနှင့်ပတ်သက်၍ ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းလာသော ဆိုင်ကယ်များသည် အရည်အသွေးကောင်းပြီး ဈေးနှုန်းမြင့်မားသော်လည်း နှစ်သက်သူများက ဝယ်ယူစီးနင်းကြကြောင်း ဂျပန်နိုင်ငံ Kawasaki မော်တော်ဆိုင်ကယ် ကုမ္ပဏီဈေးကွက်မန်နေဂျာက အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

Kawasakiဆိုင်ကယ်များသည် အနိမ့်ဆုံးငွေကျပ် ၄၅သိန်းရှိပြီး နောက်ဆုံးထွက်ဆိုင်ကယ်များမှာ ကျပ်သိန်း ၁၀၀ ဝန်းကျင်ရှိသည်။ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းနှင့် ၅၅ လမ်းထောင့်တွင် Kawasaki ဆိုင်ကယ်ကုမ္ပဏီလာရောက် ဖွင့်လှစ်ထားရာ ဈေးမြင့်သော်လည်း နှစ်သက်သူများလာရောက်ဝယ်ယူစီးနင်းကြကြောင်း ဈေးကွက်မန်နေဂျာထံမှ သိရသည်။

**သီဟကိုကို(မန္တလေး)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၃ - ၂ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့်
-နှောင်းခေတ်တေးပဒေသာ
၆:၂၀ ပြည်သူ့နီတိ "ဝန်"
၆:၄၀ ဝတ်စားဆင်ယင်မှုပြပွဲ(အက)
၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၄)
၇:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"
(အပိုင်း-၉၃) (ဇာတ်သိမ်း)
၈:၄၅ Catch Asia News (Part-28)
၈:၅၅ တေးဂီတအစီအစဉ်
၉:၁၅ ပြန်ကြားရေးဝန်ကြီးဌာန
နိုင်ငံတော်
သံစုံတီးဝိုင်းကြီးနှင့် မြန်မာအသံ
ခေတ်ပေါ်တေးဂီတပူးပေါင်းဖျော်
ဖြေတင်ဆက်မှုအစီအစဉ်
၉:၄၀ မြန်မာရုပ်ရှင်(ဖြူ/မည်း)
"ဆောင်းအိပ်မက်"
[(ဝင်းဦး၊ တင်တင်အေး၊ အေးအေး
သင်း) ဒါရိုက်တာ-ထွန်းထွန်း]

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+
ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၄၀ "Emotion Mangement & Mindful Compassion
တရားပွဲသင်တန်း"(အပိုင်း-၁)
တရားတော်[ပါမောက္ခ ဒေါက်တာ
ဘဒ္ဒန္တ ဓမ္မသာမိ(အောက်စဖို့ဒ်
ဆရာတော်)]
၈:၀၀ "မင်္ဂလာပါ" The Morning Show
၁၁:၂၀ ဟင်းချက်ရအောင်
၁၁:၄၀ MRTV-4 Stage
၁၂:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်" (အပိုင်း-၄)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွှာ" (အပိုင်း-၁၁)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၉၁)
၄:၀၅ Cartoon Series (English Playground)
၅:၀၀ ခေတ်သစ်ပျိုမေ
၅:၄၅ ရန်ကုန်မြင်ကွင်းကျယ်
(MPT Job Fair 2016)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၉၂)
၇:၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွှာ"
(အပိုင်း-၁၂)
၈:၁၀ ရသစုံညွှန်းတမ်းများ
၈:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၁၁)
၉:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်" (အပိုင်း-၅)
၁၀:၁၀ Let's Talk
၁၁:၁၀ World of Knowledge
(Last War Heroes : Breakout From Normandy)
၄:၄၅ တန်ခိုးကြီးမား
ဘုရားစေတီပုထိုးများ
(လေးဆူဓာတ်ပျော် ရွှေဆံတော်
စေတီတော်မြတ်ကြီး)

### News Channel

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇:၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ
စကားဝိုင်း (2016 Myanmar investment outlook Seminar)
(အပိုင်း-၂)
၈:၃၅ ပြည်သူတို့ရဲ့စကားသံများ
၉:၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၀:၃၅ အောင်မြင်သူနှင့်အတူ
(ORCHID Hotel မှ
ဦးဌေးအောင်နှင့် တွေ့ဆုံခြင်း)
၁၁:၃၅ မြန်မာ့ရုပ်မြင်သံကြား
ပညာရေးအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"တောင်းတဲ့ဆု"(အပိုင်း-၈၁)
၁:၂၅ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း
"ရေဒီယိုအငြိမ့်"(အပိုင်း-၂)
၂:၁၀ မဟာဂီတဆယ့်နှစ်လရာသီဘွဲ့
(ပြာသိုလ)
၂:၃၅ မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
(ကိုကိုအောင်နှင့် ခွန်းလင်းထက်)
၄:၃၅ Football မဂ္ဂဇင်း
(ရန်ကုန်ယူနိုက်တက်)
၅:၁၅ "တောင်ပိုင်းပိုးလမ်းမကြီးစတင်ရာ
BAOSHAN Tenschoy "
(အပိုင်း-၃)
၅:၃၅ နည်းပညာမြင့်ခေတ်ကြီးထဲက
ကျွမ်းကျင်လက်မှုပညာရှင်များ
"သံမဏိနန်းကြိုးကျစ်ခြင်း"
၆:၁၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ
"တွယ်ငြိတတ်သည်"
၇:၁၅ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း
"မိုးနတ်သူဇာအငြိမ့်"
၈:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာ
သတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ
"တောင်းတဲ့ ဆု"
(အပိုင်း-၈၂)
-မှတ်မှတ်သားသားပုံပြင်များ
"မော့ဝင်ခါး"
-ဂီတသမားဂီတစကား
(မြဝတီမင်းကြီး၏
ဦးစ၏အထူးထူးငယ်နှင့် ပတ်ပျိုး)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### mitv

07:26 Jade Pagoda: Weirawsana
07:44 The Beauty In The North Of Myanmar
08:26 Discovering Tribes: Pre Kayaw (Their Life and Customs) (Part-2)
08:52 Sagaing: Gold Leaf
09:26 Chef Life "Moe Moe Khaing"
09:36 Strolling Along A Memory Link - U Pein Bridge
09:53 My Life & My Art
10:26 Myanma Agarwood
10:41 Myanmar HR Conference (2015) (Part- III)
10:50 Delicacies From Magwe
07:26 An Oasis Trip to Mt. Popa
07:54 Kid's Home
08:26 Tapestry- A Unique Combination Of Painting and Craftsmanship
08:44 A Simple And Peaceful Life

## မပြေလည်မှုတွေကြားက ဘရက်ဒ်လေးကူးလ်ပါးနဲ့ အီရီနာရှေ့ခ်တို့ လမ်းခွဲတော့မှာလား

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းက ကမ္ဘာတစ်ဝန်းမှာ အောင်မြင်မှုတွေ သိမ်းပိုက်နိုင်ခဲ့တဲ့ရုပ်ရှင်တစ်ခုဖြစ်တဲ့ "American Sniper" ရဲ့ ခေါင်းဆောင်မင်းသားတစ်ဦးဖြစ်သူ ဘရက်ဒ်လေးကူးလ်ပါးနဲ့ ရုရှားအလှမယ် အီရီနာရှေ့ခ်တို့ဟာ လတ်တလောမှာ ရန်ပွဲတွေဆက်တိုက်ဆိုသလိုဖြစ်ခဲ့ကြပြီး လမ်းခွဲကြ



တော့မလားလို့ ထင်ရလောက်အောင်ပင် နှစ်ဦးကြားဆက်ဆံရေး အဆင်မပြေဖြစ်နေရကြောင်း သူတို့နှစ်ဦးနဲ့ ရင်းနှီးသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့တာကို အေ့စ်ရှီးဘေ့စ်ဒေ့ါကွန်းက ကိုးကားဖော်ပြခဲ့ပါတယ်။

သူတို့နှစ်ဦးကြားက အဆင်မပြေမှုတွေနဲ့ ရန်ပွဲတွေရဲ့ အဓိကအကြောင်းရင်းကတော့ ကူးလ်ပါးရဲ့မိခင်ပဲဖြစ်ပါတယ်။ ရှေ့ခ်ဟာ သူနဲ့ဆက်ဆံရေး အဆင်မပြေတာကြောင့် ကူးလ်ပါးနဲ့ပါ ရန်ပွဲတွေဖြစ်ခဲ့ရတာပါ။

သယ်စန်းသတင်းစာက ဖော်ပြခဲ့တာကတော့ သူတို့နှစ်ဦးရဲ့ဆက်ဆံရေးဟာ ခရစ္စမတ်ကာလမတိုင်မီအထိ အဆင်ပြေသာယာခဲ့ကြောင်းနဲ့ ခရစ္စမတ်ကာလမှာ နှစ်ဦးသား လော့စ်အန်ဂျလိစ်မှာ အချိန်ကုန်ကြရင်း ကူးလ်ပါးရဲ့မိခင်နဲ့ ရှေ့ခ်ကြားကဆက်ဆံရေးအကြောင်း ပြောခဲ့ရင်းကနေ ရန်ပွဲတွေစခဲ့ရတာဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။

အသက် (၄၁)နှစ်အရွယ် ကူးလ်ပါးနဲ့ အသက်(၃၀)ရှိပြီဖြစ်တဲ့ ရှေ့ခ်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ဧပြီလအတွင်းက ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြတာပါ။ ကူးလ်ပါးနဲ့ချစ်သူတွေမဖြစ်မီက ရှေ့ခ်ဟာ ဘောလုံးအကျော်အမော် ခရစ်စတီယာနိုရိုနယ်လ်ဒိုနဲ့ လက်တွဲခဲ့ဖူးပါတယ်။ ကူးလ်ပါးရဲ့ ချစ်သူဟောင်းတွေထဲမှာလည်း နာမည်ကျော်မင်းသမီးတွေဖြစ်ကြတဲ့ ရီနေးလ်ဇဲလ်ဝက်ဂါနဲ့ ဇိုးစဲဒ်ဒန်နာတို့ ပါဝင်ပါတယ်။

အေး
ပြည့်
စုစည်း
သည်

## မော်ဒယ်လ်လောကမှ အနားယူတော့မယ့် စင်ဒီကရောဖော့ဒ်



အမေရိကန်ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်ပါ ကျော်ကြားခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့် စင်ဒီကရောဖော့ဒ်က သူဟာမော်ဒယ်လ်လောကမှ အနားယူတော့မှာဖြစ်ကြောင်း အမေရိကန်လေကြောင်းလိုင်းကထုတ်တဲ့ "Rhapsody" မဂ္ဂဇင်းကို ပြောကြားခဲ့တယ်လို့ ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မော်ဒယ်လ်တစ်ဦးအဖြစ် အနုပညာလုပ်ငန်းတွေကို ဆက်လက်မလုပ်ကိုင်လိုတော့တဲ့ အကြောင်းရင်းနဲ့ပတ်သက်ပြီး စင်ဒီက သူရဲ့အသက်အရွယ်ကြောင့် ယခုလိုအနားယူဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ သူဟာ လာမယ့်ဖေဖော်ဝါရီ ၂၀ ရက်မှာ အသက် (၅၀)ပြည့်မှာဖြစ်ပါတယ်။

စင်ဒီက "ကျွန်မအနေနဲ့ ဓာတ်ပုံတွေကို နောက်ဆယ်နှစ်လောက်အထိ ရိုက်ကူးဖြစ်နေဦးမှာပါ။ ဒါပေမယ့် မော်ဒယ်လ်တစ်ယောက်အဖြစ်တော့ မဟုတ်တော့ဘူးပေါ့"လို့ ပြောကြားခဲ့တာကို နယူးယော့ခ်ပို့စ်မှာ ဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီး စင်ဒီက သူ့ဘဝတစ်လျှောက် မော်ဒယ်လ်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုများစွာကို လုပ်ကိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဓာတ်ပုံဆရာများစွာနှင့်လည်း ဓာတ်ပုံများကို ရိုက်ဖူးခဲ့ကြောင်းနဲ့ မော်ဒယ်လ်တစ်ဦးအဖြစ် ဆက်လက်ရပ်တည်နိုင်ရန် ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းပြုပြင်ရခြင်းကို ဆက်လက်မလုပ်ဆောင်လိုတော့ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့လတွေအတွင်းမှာလည်း သူ့ရဲ့စာအုပ်ဖြစ်တဲ့ "Becoming Cindy Crawford" အတွက် အချိန်ပေးပြင်ဆင်ခဲ့ပြီး ယင်းစာအုပ်ဟာ သူ့အတွက် မော်ဒယ်လ်လောကကိုနှုတ်ဆက်တဲ့ အမှတ်တရတစ်ခုဖြစ်လာလိမ့်မယ်လို့လည်း အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့ပါတယ်။

စင်ဒီကရောဖော့ဒ်ကို ၁၉၆၆ ခုနှစ်မှာ မွေးဖွားခဲ့ပြီး သူဟာ အသက် ၁၇ နှစ်မှာ မော်ဒယ်လ်တစ်ဦးအဖြစ် ပထမဦးဆုံးသော "Runner-Up"ဆုကို ရရှိခဲ့ပါတယ်။ ၁၉၈၀ နဲ့ ၁၉၉၀ ပြည့်နှစ်တွေဟာ စင်ဒီအတွက် မော်ဒယ်လ်လောကမှာ အအောင်မြင်ဆုံးသောနှစ်တွေ ဖြစ်ခဲ့ပါတယ်။

## အမေရိကန်မြောက်ပိုင်းမှာတစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ "Kung Fu Panda 3"




ရုပ်သံဖန်တီးမှုရုပ်ရှင်တွေထဲက ပရိသတ်တွေအထူးအားပေးခဲ့တဲ့ ပန်ဒါဝက်ဝံလေး "ပို" ခေါင်းဆောင်ပါဝင်တဲ့ "Kung Fu Panda" ရုပ်ရှင်တွေရဲ့ တတိယမြောက်ရုပ်ရှင်သစ် "Kung Fu Panda 3"ဟာ အမေရိကန်မြောက်ပိုင်းရှိ လက်မှတ်အရောင်းဌာနများ၌ တစ်ပတ်အတွင်းပြသလျက်ရှိသော ရုပ်ရှင်များအနက် ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်ဖြစ်ခဲ့ကြောင်း ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ကို အမေရိကန်နိုင်ငံတစ်ဝန်း ဇန်နဝါရီ ၂၉ ရက်က စတင်ရုံတင်ခဲ့ရာ အမေရိကန်မြောက်ပိုင်း၌ ဝင်ငွေအမေရိကန်ဒေါ်လာ ၄၁ သန်းရရှိခဲ့ပြီး ဝင်ငွေအကောင်းဆုံးရုပ်ရှင်များရဲ့ နံပါတ်တစ်နေရာမှာ ရပ်တည်နေခဲ့ပါတယ်။

အဆိုပါ ဟာသစွန့်စားခန်းအမျိုးအစား 3D ရုပ်ရှင်သစ်ကို အမေရိကန်နဲ့ တရုတ်နိုင်ငံမှ ပူးပေါင်းစီစဉ်တာဖြစ်ပြီး 20th Century Fox က တာဝန်ယူဖြန့်ချိပေးတာပါ။ ယခုရုံတင်လျက်ရှိတဲ့ "Kung Fu Panda 3" ရုပ်ရှင်ဟာ ယခင်ရုံတင်ခဲ့တဲ့ ရုပ်ရှင်ဟောင်းတွေရဲ့အဆက်ဖြစ်ပြီး ယခင်က သိုင်းပညာမတတ်တဲ့ ပန်ဒါလေး "ပို" ရဲ့ ကွန်ဖူးပညာသင်ယူမှုတွေနဲ့အတူ ရန်သူတွေကို တိုက်ခိုက်ပုံတွေကို ရိုက်ကူးတင်ဆက်ထားပါတယ်။ အဆိုပါရုပ်ရှင်မှာ အန်ဂျလီနာဂျိုလီ၊ ဂျက်ကီချန်း၊ ကိတ်ဟန်ဆန်၊ ဂျက်ဘလက်ခ်စတဲ့ နာမည်ကျော်သရုပ်ဆောင်တွေက အသံနဲ့ပါဝင်သရုပ်ဆောင်ပေးထားတာ ဖြစ်ပါတယ်။

ယခုတစ်ပတ်ရဲ့ ဝင်ငွေအကောင်းဆုံးသော နံပါတ်နှစ်နေရာမှာ ရပ်တည်နေတဲ့ရုပ်ရှင်ကတော့ ယခင်တစ်ပတ်က ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ မင်းသားလီယိုနာဒိုဒီကာပရီယိုခေါင်းဆောင်ပါဝင်ထားတဲ့ရုပ်ရှင် "The Revenant"ပဲဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့ရရှိခဲ့တဲ့ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄ သန်းပါ။ လီယိုနာဒိုဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွေဖြစ်တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးနဲ့ "SAG Awards" ဆုပေးပွဲတွေမှာ ဆုတွေရရှိခဲ့ပြီး ဖေဖော်ဝါရီလအတွင်းကျင်းပမယ့် အော်စကာဆုပေးပွဲကြီးမှာ ဆုပေါင်း ၁၂ ဆုအတွက် လျာထားခြင်းခံရပါတယ်။

တတိယနေရာမှာတော့ "Star Wars" ရုပ်ရှင်တွေရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ ရုပ်ရှင်သစ် "Star Wars: The Force Awakens"က နေရာယူထားပါတယ်။ မင်းသားကြီး ဟယ်ရီဆင်ဖော့ဒ်ပါဝင်တဲ့ ကြယ်တာရာတိုက်ပွဲတွေအကြောင်း ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရိုက်ကူးထားတဲ့ ယင်းရုပ်ရှင်ဟာ ယခုတစ်ပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈ သန်းကို ရရှိခဲ့ပါတယ်။

# လာမည့် ဘောလုံးရာသီတွင် မန်စီးတီးကို ဂွါဒီယိုလာ ကိုင်တွယ်သွားမည်



မန်စီးတီးအသင်းသည် လာမည့် နွေရာသီ၌ လက်ရှိနည်းပြ ပယ်လီဂရီနီနေရာတွင် ဘိုင်ယန်နည်းပြ ဂွါဒီယိုလာအား အစားထိုးခန့်အပ်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက် ရက်စွဲဖြင့် အတည်ပြုချက်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။ ဇန်နဝါရီလ ဆန်းပိုင်းကပင် မန်စီးတီးအသင်းမှာ ဂွါဒီယိုလာနှင့် အပြီးသတ်သဘောတူညီမှုရရှိပြီးဖြစ်သည်ဟု အားကစားဝက်ဘ်ဆိုက် အတော်များများက ဖော်ပြခဲ့သော်လည်း ယခုကဲ့သို့ ကလပ်အသင်းဘက်မှ ထုတ်ပြန်ကြေညာခဲ့ခြင်းမှာ ပထမဆုံးအကြိမ်ပင်ဖြစ်သည်။ ဂွါဒီယိုလာသည် ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက ဘိုင်ယန်နှင့် စာချုပ်သက်တမ်းကုန်ဆုံးလျှင် အခြားကလပ်အသင်းတစ်ခုသို့သာ ပြောင်းလဲကိုင်တွယ်တော့မည်ဖြစ်ကြောင်း အတည်ပြုခဲ့ရာ ၎င်းအား မန်ယူ၊ ချယ်လ်ဆီးနှင့် မန်စီးတီးတို့က ခေါ်ယူနိုင်ရန် တောက်လျှောက်ကြိုးပမ်းနေခြင်းဖြစ်သည်။ သို့သော် ဂွါဒီယိုလာမှာ ၎င်းအား ၂၀၁၂ ခုနှစ်ကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့သည့် မန်စီးတီးအား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဂွါဒီယိုလာအား အစားထိုးခန့်အပ်ခဲ့သည်ဟု မန်စီးတီးဘက်မှ ကြေညာခဲ့သော်လည်း လက်ရှိမန်စီးတီးနည်းပြ ပယ်လီဂရီနီမှာ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ ယခုထိမှတ်ချက်တစ်စုံတစ်ရာ မပေးသေးပေ။ မန်စီးတီးအသင်းသည် ပယ်လီဂရီနီနှင့် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းကပင် ၂၀၁၇ ခုနှစ်အထိ သက်တမ်းရှိမည့် တစ်နှစ်သက်တမ်းတိုးစာချုပ်ကို ထပ်မံချုပ်ဆိုခဲ့သော်လည်း ယခုမူ ဂွါဒီယိုလာမှာ လာမည့်နွေတွင် မန်စီးတီးအား ကိုင်တွယ်တော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မန်စီးတီး၏ ကြေညာချက်တွင် "မကြာသေးသော ရက်သတ္တပတ်အတွင်း မန်စီးတီးအသင်းသည် ပတ်ဂွါဒီယိုလာနှင့် ညှိနှိုင်းမှုပြုပြီးနောက် ၎င်းအား ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှစတင်၍ မန်စီးတီးအသင်း၏ နည်းပြချုပ်အဖြစ် ခန့်အပ်နိုင်ရန် သဘောတူညီမှုရရှိခဲ့ပြီဟု အတည်ပြုချက် ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်သည်။ စာချုပ်သက်တမ်းမှာ သုံးနှစ်ဖြစ်ပြီး ယင်းသဘောတူညီမှုသည် ၂၀၁၂ ခုနှစ်အတွင်းက ပြုလုပ်ခဲ့သော ဆွေးနွေးမှုများကို ပြန်လည်စတင်မှုမှ အကောင်အထည်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ပယ်လီဂရီနီနှင့် ကစားသမားများအား ကလပ်အသင်းဘက်မှ လေးစားမှုကိုပြသသည့်အနေဖြင့် မလိုလားအပ်သော ထင်ကြေးပေး သုံးသပ်မှုများကို ဖယ်ရှားရန်အလို့ငှာ သဘောတူညီချက်ကို ယခုကဲ့သို့ အများပြည်သူသို့ ဖွင့်ချလိုက်ခြင်းဖြစ်သည်။ မန်နျူရယ် ပယ်လီဂရီနီ အနေဖြင့်လည်း လက်ကျန်ရာသီကာလတွင် ၎င်း၏ ဦးတည်ချက်အတိုင်း ကလပ်အသင်းအား အကောင်းဆုံး ဦးဆောင်နိုင်မှုပေးနိုင်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးသွားမည် ဖြစ်သည်"ဟု ဖော်ပြပါရှိသည်။

ပယ်လီဂရီနီက ယင်းကိစ္စရပ်နှင့် ပတ်သက်၍ လွန်ခဲ့သည့် တစ်လခန့်ကပင် သူ့အား အသိပေးခဲ့ပြီးဖြစ်ကာ ၂၀၁၃ ခုနှစ်က ပယ်လီဂရီနီနှင့် ချုပ်ဆိုခဲ့သည့်စာချုပ်၏ မူလသက်တမ်းအတိုင်းသာ ကိုင်တွယ်ပေးရန် ကလပ်အသင်းဘက်မှ တောင်းဆိုခဲ့ကြောင်း ဖွင့်ဟခဲ့သည်။

မေလွှဲသင်း ›› ခုစည်းသည်

# နည်းပြဗန်ဟားလ်အား ထုတ်ပယ်ရန် မန်ယူအသင်းပြင်ဆင်လျက်ရှိ

**မန်ယူအသင်းသည် လက်ရှိနည်းပြ ဗန်ဟားလ်အား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ရန်ပြင်ဆင်လျက်ရှိပြီး ချယ်လ်ဆီးအသင်းမှ ထုတ်ပယ်လိုက်သည့် နည်းပြမော်ရင်ဟိုအား နည်းပြအဖြစ် ခန့်အပ်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။**

မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် ဘိုင်ယန်အသင်းနှင့် ရာသီကုန်တွင် လမ်းခွဲတော့မည်ဟု တရားဝင်ကြေညာထားခဲ့သည့် နည်းပြဂွာဒီယိုလာအား ခေါ်ယူရန်အပြိုင်ကြိုးပမ်းလျက်ရှိသော်လည်း နည်းပြဂွါဒီယိုလာကမူ မန်စီးတီးအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ရန် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီထားခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် မန်ယူအသင်းအနေဖြင့် မကြာသေးမီကာလအတွင်းကပင် ဂွါဒီယိုလာနှင့် ပဲရစ်ဟိုတယ်တွင် တွေ့ဆုံထားခဲ့ပြီးဖြစ်သည်ဆိုသည့်သတင်းကို ငြင်းဆိုခဲ့သည်။ မန်ယူအသင်း၏ ဂန္ထဝင်နည်းပြ ဖာဂူဆန်ကမူ ၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်းက နယူးယောက်မြို့၌ ဂွာဒီယိုလာနှင့် တွေ့ဆုံခဲ့သည်ဟု ဆိုသည်။

မြို့ခံပြိုင်ဘက်မန်စီးတီးအသင်းက နွေရာသီကာလအတွင်း လက်ရှိနည်းပြ ပယ်လီဂရီနီနေရာတွင် ဂွါဒီယိုလာအား အစားထိုးခန့်အပ်သွားမည်ဖြစ်ကြောင်း အတိအလင်းပြောကြားခဲ့ခြင်းသည် မန်ယူအသင်းအတွက် ဖိအားတစ်ရပ်တိုးစေခဲ့သည်ဟုလည်း သတင်းများက ဖော်ပြသည်။

လက်ရှိတွင် မန်ယူအသင်း၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝုဒ်ဝက်ဒ်က ယခုနှစ်ဘောလုံးရာသီကုန်ပါက နည်းပြဗန်ဟားလ်နေရာတွင် နည်းပြမော်ရင်ဟိုအား ခန့်အပ်ရန် ဆုံးဖြတ်ချက်ချခဲ့ပြီးဖြစ်ကြောင်း ပြောကြား ခဲ့သည်။

နည်းပြမော်ရင်ဟိုသည် ဒီဇင်ဘာလအတွင်းက ချယ်လ်ဆီးနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသည့် အချိန်မှစတင် ကာ မန်ယူအသင်းနည်းပြ ဗန်ဟားလ်နေရာတွင် အစားထိုးခန့်အပ်မည်ဆိုသည့်သတင်းများဖြင့် ရေပန်းစားနေသူ ဖြစ်ပြီး မော်ရင်ဟိုကလည်း မန်ယူအသင်းနည်းပြတာဝန်ကို ထမ်းဆောင်လိုကြောင်း ဖွင့်ဟဝန်ခံခဲ့သည်။

(ငွေကြယ်)





# ဘော်ဒိုးအသင်းသို့ ဒီဘူချီအငှားဖြင့် သွားရောက်ကစားရန် သဘောတူညီမှုရရှိ

အာဆင်နယ်နောက်ခံလူ ဒီဘူချီအား လီဂူး-၁ ကလပ် ဘော်ဒိုးအသင်းသို့ ယခုနှစ်ဘောလုံးရာသီအကုန်အထိ အငှားဖြင့် သွားရောက်ကစားစေရန် အာဆင်နယ်ဘက်မှ သဘောတူညီမှုပြုခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနမှ ဖော်ပြသည်။ အာဆင်နယ်သည် မန်ယူအသင်းသို့ အငှားဖြင့် သွားရောက်ကစားချင်နေသည့် ဒီဘူချီ၏ ဆန္ဒအား လျစ်လျူရှုခဲ့ပြီး ဘော်ဒိုးအသင်းသို့သာ သွားရောက်ကစားနိုင်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဒီဘူချီသည် ၂၀၁၄ ခုနှစ် ဇူလိုင်လက နယူးကာဆယ်မှ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီးနောက် ကလပ်အသင်းအတွက် စုစုပေါင်း ၂၂ ပွဲသာ ဝင်ရောက်ကစားခွင့်ရထားကာ ပြီးခဲ့သည့် နိုဝင်ဘာလကတည်းက တစ်ပွဲမျှဝင်ရောက်မကစားရသေးပေ။ အသက်(၃၀)အရွယ်ရှိ ယင်းပြင်သစ်ကစားသမားမှာ ပြင်သစ်အသင်းနှင့်အတူ ယူရို-၂၀၁၆ တွင် ဝင်ရောက်ကစားခွင့်ရရေး တစ်ခုတည်းသောမျှော်လင့်ချက်အတွက် အာဆင်နယ်မှ ထွက်ခွာကာ အခြားပုံမှန်ပွဲထွက်ကစားခွင့်ရနိုင်မည့် ကလပ်အသင်းတစ်ခုသို့ ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်သည်။

## ဖေဖော်ဝါရီ ၅ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ

မောင်မောင်ဇော်

**အင်္ဂလန်ပရီမီယာလိဂ်**

| | | | |
|---|---|---|---|
| ဝက်ဖို့ဒ် | - | ချယ်လ်ဆီး | နံနက်-၂း၁၅ |
| အဲဗာတန် | - | နယူးကာဆယ် | နံနက်-၂း၁၅ |

**ပြင်သစ်လီဂူး(၁)**

| | | | |
|---|---|---|---|
| ဂူအင်ဂမ့် | - | ထရိုယက်စ် | နံနက်-၀၀း၃၀ |
| နန့်တက်စ် | - | ဂါဇီလက်စ် | နံနက်-၀၀း၃၀ |
| လိုင်လီ | - | ကာအန် | နံနက်-၀၀း၃၀ |
| နိုက်စ် | - | တူးလော့စ် | နံနက်-၀၀း၃၀ |
| လိုင်ယွန် | - | ဘော်ဒိုး | နံနက်-၀၀း၃၀ |
| ရိမ်းစ် | - | အန်ဂါ | နံနက်-၀၀း၃၀ |
| ပီအက်စ်ဂျီ | - | လိုရီးယန့် | နံနက်-၂း၃၀ |

**အီတလီစီးရီးအေ**

| | | | |
|---|---|---|---|
| ဖရိုဆီနိုနီ | - | ဘိုလော့နာ | နံနက်-၀၀း၀၀ |
| ပီရိုနာ | - | အတ္တလန္တာ | နံနက်-၂း၁၅ |
| ဖီအိုရင်တီးနား | - | ကာပီ | နံနက်-၂း၁၅ |
| အင်တာမီလန် | - | ချီယေဗို | နံနက်-၂း၁၅ |
| ဂျူဗင်တပ် | - | ဂျီနိုအာ | နံနက်-၂း၁၅ |
| ပါလာမို | - | အေစီမီလန် | နံနက်-၂း၁၅ |
| လာဇီယို | - | နာပိုလီ | နံနက်-၂း၁၅ |
| ဆမ့်ဒိုးရီးယား | - | တိုရီနို | နံနက်-၂း၁၅ |
| အမ်ပိုလီ | - | အူဒီးနီးစ် | နံနက်-၂း၁၅ |

MUSIC
EDUCATION




NUAC Orchestra
Music Show Case 2016

ဂီတတူရိယာဖြစ်လာတဲ့ဒေသတွေ ကွဲနေပေမယ့်၊ တူရိယာပုံစံတွေကွဲနေပေမယ့် အခြေခံဂီတ သဘောတရားကတော့ အတူတူပါပဲဆိုတာ သိစေချင်မိတယ်။ မြန်မာတူရိယာများဖြစ်တဲ့ စောင်း၊ ပတ္တလား၊ နဲ၊ ပလွေ၊ ကြေး၊ မောင်း၊ ဆိုင်း၊ ပုံတို့နဲ့ အနောက်တိုင်းတူရိယာများ၊ သီချင်းများကို ပေါင်းစပ်ပြီး Orchestra အသွင်တင်ဆက်တဲ့အခါ ထွက်ပေါ်လာမယ့်ဂီတသံကို ကြားစေချင်တယ်။ပေါင်းစပ်တီးခတ်ခြင်းဖြင့် ရသအသစ်တစ်ခုကိုလည်း ခံစားစေချင်တယ်။ မျိုးဆက်သစ်လူငယ်များ ဂီတတန်ဖိုးကို ပိုပြီးထိတွေ့နားလည်စေချင်မိတယ်။

ဒါကြောင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် ( National University of Arts and Culture )က တူရိယာတီးခတ်မယ့် ကျောင်းသား၊ ကျောင်းသူ ( ၅၄ )ဦး၊ အဆို Chorus ( ၄၀ ) ဦး၊ စုစုပေါင်းအဖွဲ့ဝင် ( ၉၀ ) ကျော် ပါဝင်တဲ့ NUAC Orchestra အဖွဲ့ကိုဖွဲ့စည်းပြီး မြန်မာ့ဂီတတူရိယာများနဲ့ နိုင်ငံတကာတူရိယာများတွဲဖက်ပြီး ပုံဖော်တီးခတ်ကြမယ်။

အခုလိုတီးခတ်တဲ့အခါမှာ ဂီတအမျိုးအစားတစ်ခုချင်းအလိုက် တီးခတ်ပြသနိုင်ဖို့အတွက် မေတ္တာဖြင့်လာရောက် ကူညီသီဆိုပေးဖို့ စိုင်းစိုင်းခမ်းလှိုင်၊ ဝေလ၊ DJ Wine ၊ နီနီခင်ဇော်နဲ့ချမ်းချမ်း တို့ကို အကူအညီတောင်းထားပြီး အဆိုတော်များက ကျောင်းသား၊ ကျောင်းသူများနဲ့ တွဲဖက်သီဆိုပေးမှာ ဖြစ်ပါတယ်။

ဒါကြောင့် (၅-၂-၂၀၁၆)ရက် (သောကြာနေ့)၊ အမျိုးသားဇာတ်ရုံမှာ Music Education အတွက် ရည်ရွယ်ပြီး ဆောင်ရွက်မယ့် NUAC Orchestra ကို လာရောက်ကြည့်ရှုအားပေးဖို့ ဖိတ်ခေါ်ပါတယ်။

အမျိုးသားဇာတ်ရုံကို လာရောက်ကြည့်ရှုအားပေးဖို့ မအားလပ်သူများကတော့ Channel 9 ရုပ်သံလိုင်းမှာ ကြည့်ရှုအားပေးနိုင်ပါတယ်။

ကျေးဇူးတင်စွာဖြင့်
ဦးမောင်မောင်ဇော်ထက် (အကယ်ဒမီ ဝိရာမိုရ်)
ပါမောက္ခ( ဌာနမှူး )၊ ဂီတပညာဌာန
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)

# တမလန်းသစ်များ တရားမဝင်တင်ဆောင်လာသည့် ယာဉ်တိမ်းမှောက်

**ကသာ ဖေဖော်ဝါရီ ၂**

ကသာခရိုင် ကသာမြို့နယ်တွင် တမလန်းသစ်များ တရားမဝင်တင်ဆောင်လာသည့် ယာဉ်အမှတ်မပါ လေးလုံးထိုးဖောကားတစ်စီး ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အခင်းဖြစ်ပွားရာ ကသာမြို့နယ် နတ်ရေတွင်းရွာ အရှေ့မြောက်ဘက်ကားလမ်း အုတ်မြေတွင်းချောင်းနေရာသို့ ကသာမြို့မစခန်းမှ ရဲအုပ်သိန်းနိုင်၊ သစ်တောဦးစီးဌာနမှ တောအုပ် ဦးသိန်းဝင်းနှင့်အဖွဲ့တို့က သွားရောက်စစ်ဆေးရာ ထင်းခွဲခြမ်းများဖြင့် ဖုံးအုပ်တင်ဆောင်ထားသော တမလန်းသစ် ၁၈ တုံး (၁ ဒသမ ၇၆၀၂ တန်) တန်ဖိုးငွေကျပ် ၄၄၀၀၅၀ နှင့် စိမ်းပြာရောင် နံပါတ်မပါ လေးလုံးထိုးဖောကားတစ်စီး တိမ်းမှောက်နေသည်ကို တွေ့ရှိရပြီး ကားပိုင်ရှင်နှင့် တမလန်းသစ်ပိုင်ရှင်တို့အား မတွေ့ရှိရသဖြင့် စုံစမ်းရာ ဗန်းမောက်မြို့နယ်နေ အောင်နိုင်ဖြစ်ကြောင်း သိရသဖြင့် ၎င်းအား စုံစမ်းဖော်ထုတ်အရေးယူရေး ကသာမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ငွေအိုး(ကသာ)**



**ကသာမြို့နယ် နတ်ရေတွင်းရွာအနီးတွင် တမလန်းသစ်များ တရားမဝင်တင်ဆောင်ကာ တိမ်းမှောက်ခဲ့သည့် ယာဉ်အား တွေ့ရစဉ်။**

# အင်းတော်မြို့နယ် စက်တောကုန်းရွာအနီး ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံး

**အင်းတော် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စက်တောကုန်းရွာအနီးတွင် ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သဖြင့် ဆိုင်ကယ်စီးလာသူသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၁၂၈/၄ နှင့် ၅) ကြားတွင် မြောက်မှတောင်သို့ တင်ကို မောင်းနှင်လာသော ကင်ဘို ၁၂၅ ဆိုင်ကယ်အား မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော မိုးကာအမဲရောင်အုပ်ထားသည့် အစိမ်းရောင် ခြောက်ဘီးယာဉ်နှင့် ပွတ်ချိတ်တိုက်မိ၍ တင်ကိုမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ခြောက်ဘီးယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး မျက်မြင်များအားခေါ်ဆောင်ကာ အင်းတော်မြို့ကြာအင်းလမ်းအသုံးပြုခ ကောက်ခံရေးဂိတ်တွင် အခင်းဖြစ်ပြီးနောက် မောင်းနှင်သွားသည့် ယာဉ်ငါးစီးအား စစ်ဆေးရာ ၎င်းယာဉ်မှာ MGY 2B/--- ခြောက်ဘီးယာဉ်ဖြစ်သည်။ သို့ဖြစ်ရာ မတ္တရာမြို့နယ် လယ်ကောကြီးကျေးရွာနေ ယာဉ်မောင်း နောင်နောင်ခိုင် (၁၉) နှစ်အား အင်းတော်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ချစ်လင်း)**

# လက်ကိုင်အိတ်ဆွဲယူထွက်ပြေးသူများအား ရဲတပ်ဖွဲ့နှင့်ပြည်သူ ဝိုင်းဝန်းဖမ်းဆီး

**တံတားဦး ဖေဖော်ဝါရီ ၂**

တံတားဦးမြို့ တဲတော်ရာရပ်နေ မစန္ဒာဆွေသည် မသင်းသင်းယုနှင့်အတူ မန္တလေးမြို့မှ ပစ္စည်းများဝယ်ယူပြီး တံတားဦးမြို့သို့ 39,/---- ဆိုက်ကလုန်း အနက်ရောင်ဆိုင်ကယ်ဖြင့် ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီက မောင်းနှင်လာရာ ဒုဋ္ဌဝတီတံတား အလယ်ရောက်ရှိစဉ် ၂၃ယ/----- နယူအန်ဘိုဆိုင်ကယ်ဖြင့် အမျိုးသားနှစ်ဦးက အနီးသို့ကပ်လာပြီး မစန္ဒာဆွေ၏ပခုံးတွင် လွယ်ထားသော ငွေကျပ် ၁၀၀၀၀ ကျော်ပါသည့်လက်ကိုင်အိတ်အား ဆွဲယူထွက်ပြေးခဲ့သည်။

မစန္ဒာဆွေနှင့် မသင်းသင်းယုတို့က အော်ဟစ်အကူညီတောင်းခံသဖြင့် အမရပူရမြို့မရဲစခန်းနှင့် တံတားဦးမြို့မရဲစခန်းတို့မှ လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးရာ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်သူ ဖိုးလပြည့်(၁၈)နှစ်နှင့် ရဲလင်းနိုင်(ခ)အာဗြဲ(၂၃) နှစ်တို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အမရပူရမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပုလဲမြို့နယ်တွင် တရားမဝင်သစ်မျိုးစုံ ၃၈ တုံး သိမ်းဆည်းရမိ

**ပုလဲ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ သစ်များတရားမဝင် ခုတ်လှဲခြင်း၊ ခိုးထုတ်ခြင်း၊ သယ်ဆောင်ခြင်းလုပ်ငန်းများကို လျှပ်တစ်ပြက်စစ်ကြောင်းအသွန်ဖွှာန်ဖြင့် တားဆီးကာကွယ်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်က ပိုင်ရှင်မဲ့ သစ်မျိုးစုံ ၃၈ တုံး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစိုးနိုင်နှင့်ဝန်ထမ်းများသည် ချင်ပစ် ရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က လှိုင်းကျေးရွာ၏ အနောက်ဘက် သုံးဖာလုံခန့်အကွာ သုသာန်မြောက်ဘက်ယာတောအနီးသို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ပိုင်ရှင်မဲ့ ပိတောက်သစ်ထောင့်တုံး ၁၅ တုံး၊ အင်ကြင်းသစ်နှစ်တုံးနှင့် ပျဉ်သစ်တစ်တုံးတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲခန့် ရွာနောင်ကျေးရွာ၏ တောင်ဘက် သုံးဖာလုံခန့်အကွာ ချုံတောအတွင်းသို့၌လည်း ပိုင်ရှင်မဲ့ ပိတောက်သစ်ထောင့်တုံး ၁၅ တုံး၊ ကျွန်းသစ် တစ်တုံး၊ ပျဉ်သစ် လေးတုံးတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် အဆိုပါ ပိုင်ရှင်မဲ့ သစ်မျိုးစုံ ၃၈ တုံးအား ပုလဲမြို့နယ်သစ်တောဦးစီးဌာနရုံးသို့ သယ်ဆောင်ထိန်းသိမ်းထားရှိကြောင်း သိရသည်။

သစ်တောဦးစီးဌာနသည် မြို့နယ်အတွင်း တရားမဝင် သစ်ထုတ်လုပ်မှုလျော့နည်းပပျောက်စေရေးအတွက် ကျေးရွာများသို့ ကွင်းဆင်း၍ ပညာပေးဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောက်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ဖမ်းဆီးအရေးယူခြင်းလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် အသုံးပြုရန်အတွက် လိုအပ်သော ဘိလပ်မြေအိတ် (၁၆၀၀၀၀)ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၈-၂-၂၀၁၆ရက် ၁၆:၀၀နာရီဖြစ်ပြီး တင်ဒါပုံစံ(၁)စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့



မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ ဦးထွန်းမြင့်လမ်း၊ အမှတ်(၉၁၄)ဟုခေါ်တွင်သည့် ပေ(၄၀×၆၀)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဒေါ်မြမြအေး အမည်ပေါက်အား မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်မာမာအေးမှ မိမိလက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသော မြေကွက်ဖြစ်ကြောင်း အရှုပ်အထွေးကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရန်အဆိုပြု ကမ်းလှမ်းလာရာ ကျွန်ုပ်ဒေါ်ခင်နွဲ့အုန်းမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်နွဲ့အုန်း[၁၂/သကတ(နိုင်)၀၁၅၄၂၈]**
**ဖုန်း-၀၉-၇၉၅၈၈၇၉၉၃**



## အမည်မှန်

အမှတ်(၁၅)၊ အောင်ဇေယျ(၂)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ (ဘ)ဦးမင်းဆွေ၏သား [၁၂/သဃက(နိုင်)၁၈၁၀၇၇]အမည်မှာ မောင်အောင်စိုးမိုး(ခ) မောင်အောင်မြင့်မြတ်ဖြစ်ပါကြောင်း။
**မောင်အောင်စိုးမိုး(ခ)မောင်အောင်မြင့်မြတ်**



## ပျောက်ဆုံးကြောင်း

မနန်းခမ်းကျောက် (၁၃/မမန (နိုင်) ၀၁၅၂၄၆) ၏ ပတ်စပို့နံပါတ် မမှတ်မိမှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။ ဖုန်း - ၀၉ ၅၂၄၀၃၅၁



ဒေါ်နန္ဒာအောင်[၁၂/ဒပန(နိုင်)၀၅၂၀၈၇] (Classic Media Company Limited)
(Classic ဖိနပ်လုပ်ငန်း)
အမှတ်-၁၈၁၊ ပထမထပ်၊ ၄၇-လမ်း၊(အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နှင့်စပ်လျဉ်း၍ သိသာစေရန်

ဦးသော်ဇင်အောင် [၁၂/လမန(နိုင်)၁၂၆၆၂၅]၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ ဒေါ်နန္ဒာအောင် သိသာစေရန်ကြေညာအပ်သည်မှာ-

ဒေါ်နန္ဒာအောင်သည် ဦးသော်ဇင်အောင်ထံမှ မိတ်ဆွေအချင်းချင်း ခင်မင်ရင်းနှီး ယုံကြည်မှုဖြင့် ၆-၁၁-၂၀၁၅ရက်စွဲပါ စာချုပ်အရငွေကျပ်(၁၇၀၀၀၀၀) (ကျပ်သိန်းတစ်ရာ့ခုနစ်ဆယ်တိတိ)ကို လက်ခံရယူထားခဲ့ပြီး အဆိုပါ စာချုပ်အပိုဒ်(၂)အရ (၃)လပြည့်သည့် ၆-၂-၂၀၁၆ရက်တွင် ဒေါ်နန္ဒာအောင်က ဦးသော်ဇင်အောင်သို့ ပြန်လည်ပေးအပ်ရမည်ဖြစ်ကြောင်းကို ဦးသော်ဇင်အောင်၏ ရှေ့နေမှတစ်ဆင့် ဒေါ်နန္ဒာအောင်ထံသို့ ၁၃-၁-၂၀၁၆ရက်စွဲပါ ကြိုတင်အသိပေးနို့တစ်စာ ပေးပို့ခဲ့ပြီး ယခုထပ်မံ၍ သိသာစေရန် ကြေညာအပ်ပါသည်။ ပေးဆပ်ရမည့် ၆-၂-၂၀၁၆ရက်နောက်ဆုံးထား၍ ပြန်လည်ပေးဆပ်ပါရန် ပျက်ကွက်ခဲ့ပါလျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ညွှန်ကြားချက်အရ ဒေါ်နန္ဒာအောင် သိသာစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသော်ဇင်အောင်**
**[၁၂/လမန(နိုင်)၁၂၆၆၂၅]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းအေး တရားလွှတ်တော်ရှေ့နေ(၃၆၈၂/၈၆)**
**ဒေါ်အေးစုစုရည် အထက်တန်းရှေ့နေ(၄၃၅၄၄/၁၄)**
**အမှတ်-၅၆၅၊ MAC Tower၊ ပထမထပ်၊ အခန်း(၁၀၃-စီ)၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၅၀၂၇၄၂၆**



## ကျေးဇူးတင်လွှာ

၁။ ၂၀၁၆ခုနှစ် ဇန်နဝါရီလ (၃၀)(၃၁)ရက်နေပြည်တော်တွင်ပြုလုပ်ခဲ့သည့် စစ်တက္ကသိုလ်အမှတ်စဉ်(၂၀) စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ချီးမြှင့်ပေးကြပါသော ဆရာ၊ ဆရာမကြီး(၄၈)ဦး၊ ကျောင်းဆင်းဘက်သူငယ်ချင်းများနှင့် ဇနီးမယားသီမျိုးများအားလည်းကောင်း၊ ဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ကြသော စစ်တက္ကသိုလ်အမှတ်စဉ်(၂၁)(၂၂)နှင့် ချယ်ရီရိပ်ဖောင်ဒေးရှင်းတို့မှ ကျောင်းဆင်းအရာရှိကြီးများအား လည်းကောင်း။

၂။ အခမ်းအနားအတွက် မဏိရတနာကျောက်စိမ်းခန်းမအား တာဝန်ယူစီစဉ်ပေးပါသော ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်လွင်အားလည်းကောင်း၊ တည်းခိုနေထိုင်ရေးနှင့် အခြားလိုအပ်ချက်များအတွက် မေတ္တာဖြင့်ကူညီစီစဉ်ဆောင်ရွက်ပေးခဲ့ကြပါသော ရွှေနန်းတော်၊ မြတ်တော်ဝင်၊ ဇမ္ဗူသီရိ၊ JADE ROYAL ဟိုတယ်မိသားစုများနှင့် KBZ မိသားစုတို့အားလည်းကောင်း။

၃။ ကျဆုံး၊ ကွယ်လွန်သွားခဲ့ကြသည့် ကျောင်းဆင်းဘက်သူငယ်ချင်း မိသားစုများအတွက် ကောင်းမှုကုသိုလ်ပြု အမျှပေးဝေခြင်းအား ဦးဆောင်တရားပြ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသော ပျဉ်းမနား လယ်တီစံကျောင်းဆရာတော် ဘဒ္ဒန္တကန္ဒာဝုဓအား လည်းကောင်း။

၄။ ရေပြာဂေါက်ကွင်းတွင် လျှပ်တစ်ပြက်ဂေါက်ရိုက်ပြိုင်ပွဲ စီစဉ်ဆောင်ရွက်ပေးပါသော ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ မိသားစုညစာစားပွဲအား စီစဉ်ဆောင်ရွက်ပေးပါသော ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့အား လည်းကောင်း။

၅။ နေပြည်တော် FEEL RESTAURANT၌ နေ့လယ်စာ စီစဉ်ဆောင်ရွက်ပေးပါသော ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦး၊ အသွားအပြန်လမ်းခရီး FEEL RESTAURANTများ၌ နေ့လယ်စာ၊ လန်းဆန်းစာတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ပါသော ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးနှင့် မဏိရတနာကျောက်စိမ်းခန်းမတွင် လန်းဆန်းလက်ဖက်ရည်ဖြင့် ဧည့်ခံဒါနပြုခဲ့ပါသော ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးသန့်စင်တို့အား လည်းကောင်း။

၆။ စတုတ္ထအကြိမ် အာစရိယပူဇော်ကန်တော့ပွဲ ထမြောက်အောင်မြင်ရေးအတွက် စီမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဦးစီးနာယကအဖွဲ့နှင့် လုပ်ငန်းဆပ်ကော်မတီ အားလုံးတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)**

# ပြည်သူ့အသံ

## ပစ္စည်းများ စုပုံထားမှု ဖယ်ရှားပေးစေချင်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် (၁၂၀)လမ်းမှ တိုက်တစ်တိုက်တွင်ရှိသော အခန်းပေါင်း ၁၆ ခန်းမှ ရေမော်တာများ၊ လျှပ်စစ်မီတာများထားရှိသည့် လှေကားခွင်နေရာကို ရေမော်တာအစုတ်ပျက်များ၊ ရေပိုက်အစုတ်ပျက်များကို အမှိုက်ပုံးကဲ့သို့ ပြည့်လျှံစုပုံထားပါသည်။

မီတာများမှ လျှပ်စစ်ရှော့ပ် တစ်စုံတစ်ရာဖြစ်ပွားပါက ထိုအစုတ်အပျက်ပစ္စည်းများကို လျှပ်စစ်ကူးခြင်း၊ မီးလောင်မှုဖြစ်ပွားနိုင်ပြီး လူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်သောကြောင့် ထိုအစုပ်အပျက်ပစ္စည်းများကို သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြပါသည်။

**(တိုက်ခန်းနေသူများ)**

## သံပန်း၊ သံတံခါး ထုနှက်ရိုက်သံများ နားမခံသာ

ကျွန်မတို့ ရွှေပြည်သာ (၆)ရပ်ကွက် စစ်တွေပန်းခြံအဝန်းအဝိုင်း အိမ်အမှတ် ၂၄၆ ဘုရင့်နောင်လမ်းနှင့် စစ်တွေ လမ်းထောင့်တွင် ရှိသည့်လက်ရှိ သံပန်းသံတခါးလုပ်ငန်းလုပ်ကိုင်နေသည်မှာ သုံးလေးနှစ်ကျော်လာပြီဖြစ်သည်။

နေ့စဉ် မီးစက်ဖွင့်ထားခြင်း၊ အခြားနေရာများမှာ သွားရောက်တပ်ဆင်ရမည့် သံထည်အတိုအစများကို ဖြတ်တောက်ဆက်ခြင်း၊ ထုနှက်ခြင်း၊ ဝရိန်ဆော်ခြင်းတို့ကြောင့် ညော်နံ့များလည်း မခံနိုင်၊ ထုနှက်ရိုက်သည့်အသံ မီးစက်သံများကိုပါ မခံနိုင်အောင်ဖြစ်ရပါသည်။ လမ်းနှင့်ကပ်လျက် ဘေးအိမ်တွင် အဘွားအိုတစ်ဦးနေထိုင်မကောင်းဘဲ ရှိနေ၍ သက်ဆိုင်ရာမှ မီးစက်အသံ၊ ညော်နံ့နှင့်ထုနှက်ရိုက်သံများ ကိုတားဆီးပေးပါရန်တင်ပြအပ်ပါသည်။

**(ရပ်ကွက်သူတစ်ဦး)**

## ယုဇနဥယျာဉ်မြို့တော်စစ်တောင်းရိပ်မွန် တရားမဝင်တိုးချဲ့ဆောင်များ ဖယ်ရှားစေလို

ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော်၏ စစ်တောင်းရိပ်မွန်ရှိ တိုက်များ၏ မြေညီထပ်များတွင် ကားလမ်းမကြီးရောက် သည်အထိ အဆောင်များ ထပ်မံအခိုင်အမာတိုးချဲ့ဆောက်လုပ်၍ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ အရက်ဆိုင်များ၊ ဘီလိယက်ဆိုင်များ၊ ကုန်စုံ၊ ကုန်မာဆိုင်များ၊ ကျူရှင်ကျောင်းများ၊ အလှပြင်ဆိုင်များ၊ စတိုးဆိုင်များ ဈေးတန်း ကြီးသဖွယ် ဖွင့်လှစ် ဆောက်လုပ်ကာ ကိုယ်ကျိုးစီးပွားရှာနေကြပါသည်။

၎င်းတိုက်ခန်းများသည် မိသားစုများ နေထိုင်ရန်ဖြစ်ပြီး တိုက်ခန်းဝယ်စဉ်က စာချုပ်တွင် အဖိအဆောင်ထုတ်ခြင်း၊ တိုးချဲ့ခြင်းမပြုလုပ်ရန်ပါရှိပါသည်။ သို့သော်လည်း အရှေ့အဆောင်အနောက်အဆောင်ထပ်မံတိုးချဲ့ထားရုံမျှမက မြေညီထပ်ထောင့်ခန်းများတွင် ဘေးပတ်ပတ်လည်တွင် ဆိုင်ခန်းများစွာဆောက်လုပ်၍ ငွေကာစီးပွားရှာနေကြပါ သည်။

တိုက်ခန်းဝယ်လျှင် တိုက်ခန်းပိုင်သာဖြစ်သည်။ ဘေးပတ်ပတ်လည်မြေများ ပိုင်ဆိုင်ခွင့်မရှိပါ။ ယခုမူ မိမိပိုင်သော မြေကဲ့သို့ အုတ်တံတိုင်း၊ သံတံတိုင်းများ တရားမဝင် အခိုင်အမာတိုးချဲ့ ဆောက်လုပ်ထားကြပါသည်။ အပေါ်ထပ်တွင် နေထိုင်ကြသူများမှာ တိုးချဲ့ထားသော ဆိုင်းဘုတ်များမှ မီးတရှဲရှဲဖြင့် ကြော်လှော်နံ့ ဝါယာရှော့ဖြစ်၍ အော်သံ၊ လက်ဖက်ရည်ဆိုင်များမှ သီချင်းသံ၊ ဘောလုံးပွဲဆူညံသံ ရန်ဖြစ်သံများနေ့စဉ် စိတ်ဆင်းရဲစွာကြားနေရပါသည်။ ထို့ပြင် ဆိုင်သို့ လာကြသော ဆိုင်ကယ်၊ ကား၊ စက်ဘီး၊ ဆိုက်ကားများမှာ တိုက်ဝအဝင်အထွက်ကို ပိတ်ဆို့ရပ်ထားခြင်း လမ်းမပေါ်တက်ရပ်ထားခြင်းကြောင့် ကားများလူများသွားလာရ ခက်ခဲရပါသည်။ ကားများရှောင်၍ မောင်းမရအောင် ဖြစ်ရပါသည်။ အပေါ်ထပ်နေ သက်ကြီးရွယ်အိုများ၊ ကျောင်းသားများ၊ နာမကျန်းသူများမှာ ညော်နံ့၊ မီးဘေးအန္တရာယ်၊ ဆူညံသံများကြောင့် စိတ်ဒုက္ခလူဒုက္ခရောက်ကြရပါသည်။

သို့ဖြစ်ပါ၍ မြေညီထပ်များ မတရားတိုးချဲ့အဆောင်များ ဝင်းခြံများ ဆိုင်ခန်းများ၊ ကားဂိုဒေါင်များကို သက်ဆိုင်ရာ ကအမြန်ဆုံးဖယ်ရှားပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

**(စစ်တောင်းရိပ်မွန်သူ/ သားများ)**

## ဘတ်စ်ကားလိုင်း စီစဉ်ပေးစေချင်

ဒဂုံမြို့သစ်(မြောပိုင်းမြို့နယ်) (၇/၈)လမ်းဆုံမှ ကြို့ကုန်း(အင်းစိန်) ရန်ကုန်နည်းပညာတက္ကသိုလ်(COE) သို့ နေ့စဉ် ကျောင်းတက်ကြရသူ ကျောင်းသားကျောင်းသူများအတွက် သွားလာရေးအခက်အခဲများကြုံတွေ့နေရသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်) (၇/၈)လမ်းဆုံမှ အင်းစိန်(ကြို့ကုန်း) နည်းပညာတက္ကသိုလ်သို့ ဘတ်စ်ကားလိုင်းတစ်လိုင်း စီစဉ်ပေးပါရန် တင်ပြမေတ္တာရပ်ခံအပ်ပါသည်။

**(ကျောင်းသားမိဘတစ်ဦး)**

## အဝတ်လျှော်လုပ်ငန်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်

ရန်ကုန်မြို့ တောင်ဥက္ကလာပ (၄)ရပ်ကွက် စာဂလမ်းတွင်ရှိ သမဝါယမအသင်းစုပိုင်မြေနေရာတွင် အခန်းများကို အခကြေးငွေဖြင့် ငှားရမ်းထားပြီး ၎င်းပိုင်အခန်းတစ်ခန်းသည် ဒိုဘီအဝတ်လျှော်ဖွပ်ခြင်းလုပ်ငန်းကို (နေ့၊ ည) လုပ်ကိုင်လျက်ရှိရာ လမ်းဘေးတွင် ထင်းလောင်စာများဖြင့် မိုးပြဒယ်ကြီးများတွင် အဝတ်များကို ပြုတ်ခြင်း၊ ဆေးစိမ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ အခန်းများမှာလည်း သက်ငယ်မိုး၊ သစ်ထရံကာများဖြစ်ခြင်းကြောင့် မီးဘေးအန္တရာယ်အလွန်စိုးရိမ်နေရပါသည်။ ထင်းမီးများကြောင့် မီးစများလွင့်စဉ်လျက်ရှိပြီး နွေဦးရာသီတွင် မီးဘေးအန္တရာယ် ကို ရပ်ကွက်သူရပ်ကွက်သားများက အလွန်စိုးရိမ်နေကြပါ၍ သက်ဆိုင်ရာမှ တားမြစ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**(မီးဘေးစိုးရိမ်သူ ရပ်ကွက်သားများ)**

# ပင်လည်ဘူးဒေသတွင် မျောက်ငိုပင်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း တစ်နှစ်စာပင်ပြတ်စနစ်ဖြင့်အဝယ်ရှိ

**ပင်လည်ဘူး ဖေဖော်ဝါရီ ၂**

မျောက်ငိုပင်ကို ကလေး ချင်းတောင်ဒေသနှင့် အိန္ဒိယ ချစ်ကြည်ရေးလမ်းမကြီးဘေးရှိ ကျေးရွာများမှ တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြကာ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူး မြို့နယ် ကျေးလက်ဒေသများ၌ အများအပြား စိုက်ပျိုးကြပြီးအောင်မြင်ဖြစ်ထွန်းမှု ရှိလာသဖြင့် ကောလင်း၊ ဝန်းသိုမြို့နယ်တို့တွင်လည်း စိုက်ပျိုးလာကြောင်း သိရသည်။

အဆိုပါ မျောက်ငိုသီး အစိမ်းတောင့်ကို ယင်းဒေသများတွင် ဟင်းအမယ်အမျိုးမျိုးချက်စားနိုင်ပြီး အစေ့များကို ပဲဟင်းချိုကဲ့သို့ စားသုံးကြခြင်း၊ ပဲရေပွကျော်ကဲ့သို့ စားသုံးကြကြောင်း ဒေသခံများက ပြောသည်။

"မျောက်ငိုပင်က အကြမ်းခံနိုင်ပြီး တောအပြောင် ရှင်းစရာမလိုဘဲ ကွက်ကျားရှင်းလင်း စိုက်ပျိုးတယ်ဆိုရင်ပဲရပါတယ်။ မျောက်ငိုပင်ဟာသုံးနှစ်သားမှာပန်းပြပြီး လေးနှစ်သားမှာ အသီးသီးတယ်။ သို့သော်လည်း ငါးနှစ်သား အရွယ်မှာ အသီးကနှစ်ဆယ်ရာခိုင်နှုန်းသီးပြီး ခြောက်နှစ်သား အရွယ်မှာ ခြောက်ဆယ်ရာခိုင် နှုန်းသီးပါတယ်။

"ခုနှစ်နှစ်သားအရွယ်ရောက်ရင်တော့ အသီးအထွက်နှုန်းကောင်းပါတယ်။ အခုဆိုရင် အိန္ဒိယနယ်စပ်က ကုန်သည်တွေက မျောက်ငိုပင် စိုက်ပျိုးကြသူတွေထံ ကြိုတင်လာရောက်ပြီး အပင်ပြတ်စနစ်နဲ့ အပင်တစ်ပင်ရဲ့အသီးသီးနှုန်း အနေအထားကိုကြည့်ပြီး ငွေကျပ်နှစ်သောင်းကနေရှစ်သောင်းအထိ ဝယ်နေပါတယ်" ဟု ပင်လည်ဘူးမြို့နယ်မှ မျောက်ငိုပင်စိုက်ပျိုး ရောင်းချသူ တစ်ဦးက ပြောပြသည်။

ယင်းမျောက်ငိုသီးကို အိန္ဒိယနိုင်ငံ အာသံပြည်နယ်၊ မဏိပူရပြည်နယ်၊ နာဂလင့်ပြည်နယ်တို့တွင် တန်ဖိုးမြင့်ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း၊ ဓာတ်စာအဖြစ်လည်း ကောင်း စားသုံးကြကြောင်း သိရသည်။

ယင်းမျောက်ငိုပင်ကို အိန္ဒိယနိုင်ငံအတွင်းရှိ ပြည်နယ်များတွင် စိုက်ပျိုးမှုရှိသော်လည်း ယင်းပြည်နယ်များမှာ အေးလွန်းသောတောင်တန်းရာသီဥတုဖြစ်၍ လေတိုက်နှုန်းများကာ အပင်၏ ဝတ်မှုန်များကြွေကျပြီး အထွက်နှုန်းနည်းသောကြောင့် ချင်းပြည်နယ်မှထွက်သောမျောက်ငိုသီးများကို တစ်နှစ်စာဝယ်ယူသိုလှောင်ကြကြောင်း သိရသည်။

**စိုင်းလှုမင်း (မီဒီယာဂရု)**

**CitiAvenue Travels & Tours ၏ သင်္ကြန်ပိတ်ရက် နှစ်သစ်ကူးခရီးစဉ်များ**

CitiAvenue Travels & Tours



- စင်ကာပူ - ဘင်တန် (6D/5N) April 12 ~ 17 (USD 1280)
- ဟောင်ကောင် - ဘာလီ (8D/7N) April 9 ~ 16 (USD 1850)
- ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 12 ~ 19 (USD 1880)
- ဟောင်ကောင် - မကာအို - ကွမ်ကျိုး - ရှန်းကျန့် (8D/7N) April 11 ~ 18 (USD 1610)
- ဒူဘိုင်း - အဘူဒါဘီ - အယ်(လ်)အိန်း (8D/7N) April 11 ~ 18 (USD 2200)
- ကိုရီးယား - ဟိုချီမင်း (9D/8N) April 10 ~ 18 (USD 2150)
- ဂျပန် (9D/8N) April 10 ~ 18 (USD 3150)
- သြစတြေးလျ (10D/9N) April 10 ~ 19 (USD 4550)
- ဥရောပ (15D/14N) April 09 ~ 23 (USD 4870)

CitiAvenue ၏ Quality ကိုယုံကြည်သော ဧည့်သည်တော်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ခရီးစဉ်များအားလုံး အချိန်တိုအတွင်းလူပြည့်တတ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များကိုယခုပဲဆက်သွယ်ပြီး စာရင်းပေးလိုက်ကြရအောင်နော်။

www.facebook.com/citiavenue

အမှတ် ၁၃၉ (က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ 09-732356 12 / 21 | 09-25090 1188 / 1199 | 09-7800770 10/20/30/40 | 01-211609

**CNG TAXI**

နေ့မောင်းလိုသည်။ (စမ်းချောင်း)

ကယ်ဒီးနားပဲခြမ်း၊ စပေါ် ၂သိန်း၊

နံနက်၇၊ ည-၇

Ph:09-5162238

**လက်စွဲ Car Rental**

ခရီးစဉ်အမျိုးမျိုး သွားရန်နှင့် လချုပ်ငှားရန် ကားမျိုးစုံရှိသည်။

ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

09-73021929

**အိမ်ခန်းငှားရန်ရှိသည်**

ဗိုလ်ချုပ်လမ်းမပေါ်၊

ဒုတိယလွှာ၊ ထောင့်ခန်း

ဖုန်း-၀၉-၂၅၀၀၅၀၂၇၀

**ကန့်ကွက်နိုင်ပါသည်**

"လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း(၂၂)ရပ်ကွက်၊ ပိတောက်လမ်းသွယ်(၁)လမ်း၊ မြေကွက်အမှတ်(၅၉၀)၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ) ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပက်သက်သောအကျိုးခံစားခွင့်များအားလုံး"

အထက်ပါမြေကွက်ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသူ ဗိုလ်ကြီးသန်းနိုင်ဦး(ငြိမ်း)(၁၂/မဘန(နိုင်)၀၁၂၂၇၃) ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇေယျ(ခ)ဦးဇေယျအောင် (၁၂/မရက(နိုင်)၀၂၈၄၈) မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း) များနှင့်တကွ (၃)ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါကအထက်ပါအရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဇလပ်ပွင့် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ**

| | | | |
|---|---|---|---|
| ဦးမြင့်သန်း ( LL.B ) | ဒေါ်သဇင်အေး ( LL.B ) | ဒေါ်သီရိလှိုင် ( LL.B ) | ဒေါ်သက်ထားဝေ ( LL.B ) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ် ( ၆၉၆၃ ) | စဉ် (၇၇၃၂) | စဉ် ( ၃၈၅၉၀ ) | စဉ် ( ၄၂၈၉၉ ) |

ရုံးချုပ် အမှတ်(၅၅/၅၆)၊ ကျိုက်ပိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊မရမ်းကုန်း။ ၀၉ ၈၇၇၉၀၁၅၀၀၊ ၀၉ ၈၇၇၉၀ ၁၅၀၀

"လုံးချင်း၊ မြေကွက်၊ တိုက်ခန်း၊ ကွန်ဒို များအား (ရောင်း/ငှား) လိုပါက ဆက်သွယ်အပ်နှံနိုင်ပါသည်။"

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၉/သမိုင်း၊ မြေကွက်အမှတ် ၃/ယ၂+၄/ယ၁၊ မြေကွက်တည်နေရာအမှတ် Villa D-5၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးတေဇ၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးတေဇ၊ ထူးထရေးဒင်း ကုမ္ပဏီ လီမိတက်တို့၏ S/P(အထူးကိုယ်စားလှယ်လွှဲစာ) ၁၉၁၉၀/၂၀၁၄(၁၅-၇-၂၀၁၄)ရရှိသူ ဦးအောင်သိန်းဝင်း[၅/ဆလက(နိုင်)၀၄၈၈၆၃] မှ နှစ်(၆၀)ဂရန်၊ ကုမ္ပဏီမှတ်ပုံတင်အထောက်အထား၊ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း၊ Form(6) (26) အထောက်အထား၊ S/P အထောက်အထား၊ S/Pအတွက် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် ပေးသူသက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ၊ ၂၀၁၄ ခုနှစ်တွင် ထုတ်ယူထားသည့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံမြေရာဇဝင်မှာ ပျောက်ဆုံးသွားပါသဖြင့် ၁၅၈/၂၀၁၆ ၇-၁-၂၀၁၆ရက်စွဲပါ ကျမ်းကျိန်လွှာမူရင်းတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁၆)၊ ဧရိယာ (၂.၆၆၂)ဧက၊ ဒေါ်ကြီးကြီးအမည်ပေါက် မြေပိုင်မြေအမျိုးအစား မြေကွက်အပါအဝင် ဒေါ်ကြီးကြီး၊ ဦးကျော်စိန်၊ ဒေါ်အေးရီ၊ ဒေါ်ထားတင်တို့အမည်ပေါက် မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဆွေလှိုင်[၁၂/စခန(နိုင်)၀၂၂၆၂၅]၊ အမှတ်(၇)၊ မကြီးကြီးလမ်း၊ ကျွန်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူတို့၏ အဖွားတော်စပ်သူ ဒေါ်ကြီးကြီးနှင့်တကွ ၎င်း၏ သား/သမီးများဖြစ်သော ဦးကျော်စိန်၊ ဒေါ်အေးရီ၊ ဒေါ်ထားတင် တို့သည် ရန်ကုန်မြို့အတွင်းရှိ အထက်ဖော်ပြပါ မြေကွက်အပါအဝင် မြေကွက်အများအပြားကို အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ ၎င်းမြေ အမည်ပေါက်ပိုင်ရှင် ဒေါ်ကြီးကြီးနှင့်တကွ ၎င်း၏ သား/သမီးများ ကွယ်လွန်ခဲ့ရာ၌ ၎င်းတို့ကျန်ရစ်ခဲ့သော မြေပိုင်ရှင်အမည်ပေါက် ပိုင်ရှင်အခွင့်အရေးကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မြေးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဆွေလှိုင်မှ အမွေဆက်ခံလျက်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဆွေလှိုင်၏ စာဖြင့် တရားဝင်ခွင့်ပြုချက်မရှိဘဲ အထက်ပါ မြေကွက်အပါအဝင် ကျန်ရှိသော ဒေါ်ကြီးကြီး၊ ဦးကျော်စိန်၊ ဒေါ်အေးရီ၊ ဒေါ်ထားတင် (ဒေါ်ခင်ဆွေလှိုင်၏မိခင်) တို့အမည်ပေါက် မြေကွက်များတွင် အမည်ပေါက်ပိုင်ရှင်များ၏ အမွေစားအမွေခံဖြစ်သူ ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်စာအားဖြင့် ခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ မြေကွက်အပါအဝင် ဒေါ်ကြီးကြီး၊ ဦးကျော်သိန်း၊ ဒေါ်အေးရီ၊ ဒေါ်ထားတင် အမည်ပေါက် မြေကွက်များကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အပြင် အဆိုပါမြေကွက်များတွင် အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ပြင်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း အစရှိသည်တို့ မပြုလုပ်ကြရန် တားမြစ်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ)၊ စဉ်-၆၇၀၂**

**အမှတ်-၅၆၁၊ (M.A.C Tower)**

**အခန်း-၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဝိုင်အမ်ဘီအေအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး နှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ် (ဝိုင်အမ်ဘီအေ) နှစ်ပတ်လည် အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲအခမ်းအနားကို ဇန်နဝါရီ တတိယပတ်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နာယကကြီး ဦးဗိုလ်နီ၊ ဦးခင်မောင်သစ်၊ ဦးအေးကြိုင်၊ ဦးမြင့်စိုးတို့က သဘာပတိအဖွဲ့အဖြစ်ဆောင်ရွက်ပြီး နာယကကြီးများကိုယ်စား ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် နာယကကြီး ဦးခင်မောင်သစ်က ၂၀၁၆-၂၀၁၈ ခုနှစ်အတွက် အမှုဆောင်သစ် ၂၈ ဦးစာရင်းကို ကြေညာခဲ့သည်။

ဆက်လက်ပြီး အမှုဆောင်သစ်များ၊ နာယကကြီးများရှေ့မှောက်တွင် ကတိသစ္စာလေးချက် ရွတ်ဆိုကြပြီး အမှုဆောင်အဖွဲ့သစ်ဥက္ကဋ္ဌ ဦးတင်ဝင်းကြိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ယင်းနောက် မြန်အောင်မြို့နယ် မင်္ဂလာအကျိုးဆောင် ဦးသိန်းမြင့်က အလှူငွေကျပ်တစ်သိန်း၊ ကျိုက်လတ်မြို့နယ် ဝိုင်အမ်ဘီအေအသင်းခွဲ အမှတ် (၂၄) ဥက္ကဋ္ဌ ဦးလှဦးက ကွယ်လွန်သူဇနီးဒေါ်မြင့်မြင့်ဝေအား ရည်စူး၍ အလှူငွေကျပ် ငါးသောင်းတို့အား အသင်းချုပ်သို့ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

## စက်ရေတွင်းများရေခန်းခြောက်ချိန်တွင် ရေလှည်းတွန်းသူများစားဝတ်နေရေးအခက်ကြုံ



ရေး ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ဈေးဆိုင်ခန်းများတွင် ရေလှည်းများဖြင့် နေ့စဉ် လိုက်လံရောင်းချနေသည့် တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူများမှာဝင်ငွေများ ပုံမှန်ရကြသော်လည်း နွေရာသီ စက်ရေတွင်းခန်းခြောက်ချိန်တွင် စားဝတ်နေရေး အခက်အခဲများနှင့် ကြုံတွေ့ရတတ်ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ ရေလှည်းတွန်းသူ ကိုဝင်းကြည်က "ရေလှည်းတစ်လှည်းမှာ တစ်ပေပါဆံ့ပြီး စက်ရေတွင်းကနေ ကျပ် ၃၀၀ ပေးဝယ်ရပြီး ရေသုံးစွဲသူများဖြစ်ကြသည့် ဈေးများတွင် ရေအသုံးပြုပြီး လုပ်ကိုင်နေကြသူများကို ရေတစ်လှည်း ကျပ် ၈၀၀ နဲ့ရောင်းရပါတယ်။ တစ်နေ့တာပျမ်းမျှဝင်ငွေ အမြတ်အနေနဲ့ မိုးတွင်းကာလမှာ ကျပ် ၃၀၀၀ ရပါတယ်။ နွေရာသီဆိုရင် ကျပ် ၆၀၀၀ လောက်ရတယ်။ ပတ်ဝန်းကျင်များမှာ ပွဲလမ်းသဘင်ရှိတဲ့ရက်တွေဆိုရင် ဝင်ငွေပိုရတတ်ပါတယ်" ဟု ၎င်းကပြောသည်။

"ဒီရေလှည်းတွန်းတဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းမှာ နွေရာသီရောက်တိုင်း စက်ရေတွင်းရေခန်းခြောက်လာတာနဲ့ကြုံတွေ့ရလို့ ရေသုံးစွဲသူဖောက်သည်တွေဆီကို အခါတိုင်းလို အလွယ်တကူသွားရောက်ပို့ဆောင်နိုင်ခြင်းမရှိလို့ မိတ်ပျက်ရတာတွေ ဝင်ငွေလျော့တာတွေလည်း ရှိတယ်။ ဒါ့အပြင် ကာယကိုအားစိုက်ပြီးလုပ်ရတာမို့ ကျန်းမာရေးမကောင်းတဲ့နေ့နဲ့ကြုံတွေ့ရတဲ့အခါ စားဝတ်နေရေးအတွက် အခက်အခဲများနဲ့ကြုံတွေ့ရပါတယ်" ဟု နွေရာသီတွင် ရေရရှိမှုခက်ခဲပုံကို ၎င်းကဆက်ပြောသည်။

ရေးမြို့နယ်တွင် သဘာဝစိမ့်စမ်းရေများကို ရေလှောင်ကန်များကနေတစ်ဆင့်နေအိမ်များဆီ သို့ ရေပိုက်သွယ်၍လည်း ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ထွဋ်ထွဋ်(ရေး)

## ကင်းကျေးရွာအနိမ့်ပိုင်း အောင်ပင်လယ်ရပ်ကွက်၌ ရေနုတ်မြောင်းများတူးဖော်

ကနီ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကင်းကျေးရွာသည် ချင်းတွင်းမြစ်နံဘေးတွင်ရှိ၍ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ချင်းတွင်းမြစ်ရေကြီးမှုဖြစ်ပွားစဉ် မြစ်ရေဝင်ရောက်ကာ ယင်းကျေးရွာ၏ အနိမ့်ပိုင်း အောင်ပင်လယ်ရပ်ကွက်မှာ မြစ်ရေကျဆင်းသွားသော်လည်း ရေဝပ်ကျန်ခဲ့၍ ရေနုတ်မြောင်းများတူးဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့မြို့နယ်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၀၉၄၈၇၅၀ သိန်းနဲ့ လမ်း၊ တံတားနှင့် ရေနုတ်မြောင်း စတဲ့မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ အမှတ်(၃)ရပ်ကွက် သစ်စက်လမ်းနှင့် မြို့ဟောင်းလမ်း ကျောက်ချောခင်းခြင်း၊ ရွှေတစ်ချောင်းလမ်းနှင့် ခန်းမလမ်းတွင် ကွန်ကရစ်တံတားနှစ်စင်း၊ သီတာဦးတံတားပြုပြင်ခြင်း၊ ဈေးချောင်းကွန်ကရစ်ရေကျော်တစ်ခု၊ မြို့နယ်စည်ပင်သာယာဈေးဝန်းကာရံခြင်းနှင့် ဈေးမီတာတစ်လုံးတပ်ဆင်ခြင်း၊ ဝက်ချောင်းကလေးကျေးရွာ ပတ်လမ်းဂျင်းခင်းခြင်းနှင့် ရှမ်းမြောင်း-ရေလယ်ကျွန်းလမ်း ကျောက်ရောဂျင်းမြေခင်းခြင်းများနှင့် ယခု ကင်းကျေးရွာ အောင်ပင်လယ်ရပ်ကွက် ရေနုတ်မြောင်းများတူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

သန်းဌေးအောင်(ကနီ)

## မိုးရာသီဘဏ်ချေးငွေများကို တာဝန်ကျေပွန်စွာ ပြန်လည်ပေးဆပ်လျက်ရှိကြရာ ယနေ့ထိ ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း ကောက်ခံရရှိ

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများသည် တောင်သူလယ်သမားများကြွေးမြီကင်းရှင်း၍ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးရည်မှန်းချက်အရ လယ်ယာထုတ်ကုန်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်ကုန်ထုတ်လုပ်မှု အရင်းအနှီးများကို အချိန်နှင့်တစ်ပြေးညီ ဝယ်ယူသုံးစွဲနိုင်စေရန် ၂၀၁၅ ခုနှစ် မိုးရာသီဘဏ်ချေးငွေများကို မြို့နယ်များအလိုက် ထုတ်ချေးပေးခဲ့ပြီး ယခုအခါ သီးနှံပေါ်ရာသီတွင် အဆိုပါချေးငွေများကို ပြန်လည်ကောက်ခံလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ချေးငွေအားလုံး၏ ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း ပြန်လည်ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို ကျေးရွာအုပ်စု ၉၄ အုပ်စုမှ တောင်သူ ၁၉၃၀၈ ဦးတို့အား ချေးငွေစုစုပေါင်း သိန်း ၃၀၅၄၀၀၀၀၀ ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ သီးနှံပေါ်ရာသီတွင် ဇန်နဝါရီ ၁ ရက်မှစတင်ကောက်ခံခဲ့ရာ တောင်သူများက အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပေးဆပ်လျက်ရှိကြသည်။

ကျောက်ပန်းတောင်းမြို့နယ်သည် မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်စဉ်နှစ်တိုင်း အစောဆုံး တာဝန်ကျေစွာပြန်လည်ပေးဆပ်သောအလေ့အထကောင်းများရှိခဲ့သည့်မြို့နယ်ဖြစ်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)


### GUSTO INTERNATIONAL COLLEGE

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
- အဆင့်မြင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Centered Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
- စာသင်ကာလ ၂နှစ်တက်ရောက်ပြီး အောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသောနိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
- ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြ ပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည် *

2016 FEB Intake

မြေအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Call Now : 09 789 888 222, 09 862 8806, 01 504632

### အထွေထွေကိုယ်စားလှယ်လွှဲစာ GP ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၂၃၀)နေ ဒေါ်စိန်မြင့်[၁၂/ဒပန(နိုင်)၀၁၈၉၂၉]၊ ဒေါ်မြင့်မြင့်ခိုင်[၁၂/ဒပန(နိုင်)၀၂၀၀၀၇]၊ ဦးတင်မောင်ဝင်း[၁၂/ဒပန(နိုင်)၀၃၆၆၂၆]၊ ဦးမျိုးဝင်းညွန့်[၁၂/ဒပန(နိုင်)၀၃၆၆၂၇]တို့သည် ကန်ထရိုက်တာ ဦးအောင်ခိုင်ဦး[၁၂/ကတတ(နိုင်)၀၂၅၁၉၅]ကိုင်ဆောင်သူအား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၅-၆-၂၀၁၄ ရက်စွဲဖြင့် လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၅၃၃၉ နှင့် ၁၅၃၄၀ တို့အား ဤကြော်ငြာပါသည့်နေ့မှစ၍ အပြီးတိုင် ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်စိန်မြင့်[၁၂/ဒပန(နိုင်)၀၁၈၉၂၉]နှင့် မောင်နှမ(၃)ဦး

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်းကျေးရွာ၊ စကားဝါလမ်း၊ အမှတ်(၄၇)နေ ဦးစန်းဦး-ဒေါ်သင်းသင်းလှတို့၏သားဖြစ်သူ မောင်နေလင်းဦးသည် မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စများ ပြုလုပ်ပြီး မိမိဆန္ဒဖြင့် နေအိမ်မှထွက်သွားပါသဖြင့် ယနေ့ မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်၎င်းနှင့်ပတ်သက်သည် ကိစ္စများအား လုံးဝတာဝန်မယူပါ။

ဒေါ်သင်းသင်းလှ
[၁၂/မဘန(နိုင်)၀၂၈၃၅၇]

### မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ မဟာအောင်မြေ ဓမ္မိကာရုံကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၄၈) တွင် (၈၅) ကြိမ်မြောက် ညအိပ် (၁၀) ရက်အထူးတရားစခန်းပွဲကြီးကို (၁၄-၂-၂၀၁၆) ရက်မှ (၂၃-၂-၂၀၁၆) ရက်အထိ ကျင်းပပြုလုပ် မည်ဖြစ်ပါသည်။

ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်သုမြတ်မှာ ဦးဣန္ဒာဝုဓာဘိဝံသ (ထူးကြီး) ဆရာတော်မှ ဟောကြားပြသမည်ဖြစ်ပါသည်။

တရားစခန်းဝင်ယောဂီများအား (၇-၂-၂၀၁၆) မွန်းလွဲ (၂) နာရီတွင် စတင်စာရင်းလက်ခံပါ မည်။ တရားစခန်းဝင်ယောဂီများ ၁၃-၂-၂၀၁၆ ရက်နေ့ ညနေ (၅) နာရီထက်နောက်မကျဘဲ ရောက်ရှိရပါမည်။

ဆက်သွယ်ရန် -

| | |
|---|---|
| ဥက္ကဋ္ဌ | - ၀၉-၇၃၁၃၂၃၇၁ |
| အတွင်းရေးမှူး | - ၀၉-၃၁၁၄၂၁၅၀ |
| တွဲဖက်အတွင်းရေးမှူး | - ၀၉-၇၃၁၅၉၀၃၂ |
| ကျောင်း | - ၀၉-၅၄၀၄၂၇၅ |

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ်(၁၃၈၁)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်နီ[၁၄/ငပတ(နိုင်)၁၁၁၁၀၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးဆန်နီသည် တာမွေမြို့နယ်၊ ကုဿာသယလမ်း၊ အမှတ်(၃၁/၆)နေ ဒေါ်အမာနှင့်ပေါင်းသင်းပြီး သမီးဖြစ်သူ မချိုမာမာထွန်းတို့နှင့်အတူနေထိုင်ခဲ့စဉ်က ဇနီးနှင့်သမီးဖြစ်သူတို့မှ ဦးဆန်နီအား ကိုယ်စိတ်ဆင်းရဲအောင် အမျိုးမျိုးနှိပ်စက်ခဲ့၍ စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့သော ဇနီးဖြစ်သူ၊ သမီးဖြစ်သူတို့နှင့် အတူနေထိုင်ရန်မဖြစ်တော့သဖြင့် ဦးဆန်နီ သည် ၅-၄-၂၀၁၀ ရက်တွင် နေအိမ်မှအပြီးဆင်းလာခဲ့ပါသည်။

ဦးဆန်နီမျက်ကွယ်တွင် ဦးဆန်နီအား အသိမပေးဘဲ ဦးဆန်နီပိုင်တိုက်ခန်းကို ဒေါ်အမာနှင့် မချိုမာမာထွန်းတို့က ရောင်းချသုံးစွဲလိုက်ကြသည့်အပြင် ယနေ့အချိန်ထိ ဦးဆန်နီ၏ ဂုဏ်သိက္ခာထိခိုက်နစ်နာအောင် အမျိုးမျိုးလုပ်ကိုင်နေကြသဖြင့် ဦးဆန်နီမှာ ကျန်းမာရေးချို့တဲ့လာပြီး အသက်အန္တရာယ်ထိခိုက်နိုင်သော အခြေအနေများပင်ဖြစ်ပေါ်ခဲ့ရ၍ စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိသဖြင့် ကွဲကွာကာ နှစ်ပေါင်းများစွာ ပတ်သက်ဆက်စပ်မှုမရှိသော ဇနီးဒေါ်အမာနှင့် သမီးဖြစ်သူ မချိုမာမာထွန်းတို့အား ဇနီးနှင့်သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ၎င်းတို့နှင့်ပတ်သက်သော ကိစ္စများသည်လည်း ဦးဆန်နီနှင့်လုံးဝပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဆန်နီ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသောင်းတင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၀)
၉၉၊ မာလာမြိုင်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၁၀၀၀၁၆

Royal THAI

# ROYAL THAI-SYP

## Restaurant
## Grand Opening
## ကျေးဇူးတင်လွှာ

၁၇-၁-၂၀၁၆ ရက်နေ့တွင် အမှတ်(၄၀)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်ခဲ့သော **ROYAL THAI-SYP Restaurant** Grand Opening တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော အကယ်ဒမီ မခိုင်သင်းကြည် နှင့် ကိုခန့်နိုင်၊ တေးသံရှင် ကိုဇော်ပိုင်၊ ဖွင့်ပွဲကို မအားမလပ်သောကြားမှ တက်ရောက်ချီးမြှင့်ပေးကြသော ကိုဟဲလေး၊ ကိုအစွကီ၊ ကိုစစ်သွေး၊ ကိုပိုင်တံခွန်၊ မသီရိရှင်းသန့်၊ မသန္တာမိုးသိမ့် နှင့် အနုပညာရှင်များ၊ Presenter အဖြစ်ကူညီစီစဉ်ပေးခဲ့သော ကိုကောင်းထက်ဇော် (MRTV-4) နှင့် ပွဲဖြစ်မြောက်အောင် စီမံပေးခဲ့သူ Ko Phoe Nyi၊ (Special One Entertainment) မှ model များ၊ တေးသီချင်းများဖြင့် ဖျော်ဖြေပေးခဲ့ကြပါသော မမေဆွိ၊ ကိုဂရေဟမ်၊ ကိုဖိုးကာ၊ မပန်းရောင်ချယ် နှင့် ဂီတမှူး ဦးမြတ်မင်း နှင့် အဖွဲ့သားများ၊ တစ်မူထူးခြားသော ပန်းအပြင်အဆင်များဖြင့် အလှဆင်ပေးသော ကိုမျိုး(ရွှေနန်းမြင့်)နှင့်အဖွဲ့၊ မှတ်တမ်းတင်ဓါတ်ပုံ နှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုချိုကြီး (Smile 48) နှင့် ကိုအေးဇော်မိုး(စက်မှု) ဖြိုးမိုးသိမ်စတူဒီယို၊ ဖိတ်စာများရိုက်နှိပ်ပေးပါသော (DAGON Printing & Invitation Cards)၊ Sponsor များအဖြစ်ကူညီပေးခဲ့ကြသော Heineken Group, Golden Brown Coffee Company၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိဧည့်သည်တော်များ၊ မီဒီယာနှင့် စာနယ်ဇင်းများ၊ ပွဲဖြစ်မြောက်ရေးအတွက်အဘက်ဘက်မှဝိုင်းဝန်းဆောင်ရွက်ပေးကြသောမိတ်ဆွေသင်္ဂဟများနှင့် ROYAL THAI-SYP စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ အစဉ်မပြတ် အားပေးခဲ့ကြသော Customer များအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ROYAL THAI-SYP**
မိသားစု


အနာဂတ်ရည်မှန်းချက်ကြီးမားသော လေယာဉ်မှူးဖြစ်လိုသူများအတွက် အကောင်းဆုံးရွေးချယ်မှု ၁၀၀% ဂျပန်စီမံခန့်ခွဲမှု

All Asia Aviation Academy

# AAA လေယာဉ်မောင်းသင်တန်းကျောင်း

လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးဖုန်းဆက်စာရင်းပေးသွင်းနိုင်ပါသည်။

- KTC Holding (Since : 1972 ) မှ ဖွင့်လှစ်ထားသော အစဉ်အလာကြီးမားသည့် ကျောင်းဖြစ်သည်။ 2014 ခုနှစ် အရှေ့တောင် အာရှအကောင်းဆုံး လေယာဉ်မောင်း သင်တန်းကျောင်းဆု ရရှိထားပြီး ၊ EASA ICAO CAAP FAA တို့မှ အသိအမှတ် ပြုထားသော ကျောင်းဖြစ်သည်။
- Multi & Single Engine လေယာဉ် (၁၅)စီးဖြင့် ထိရောက်စွာ လေ့ကျင့်သင်ကြားပေးပြီး အချိန်တိုကာလ(၁၁)လအတွင်း Commercial Pilot License သာမက CPL-PPL- IR- MER လိုင်စင်(၄)ခုတစ်ပြိုင်တည်းရရှိမည် ဖြစ်သောကြောင့် ပြည့်စုံသော လေယာဉ်မှူးကောင်းတစ်ယောက် အမြန်ဆုံး ဖြစ်လာနိုင်မည်။
- ကျောင်းသူများအတွက် သီးသန့်အဆောင်နှင့် ဂျပန် အမျိုးသမီးလေယာဉ်မှူး ဆရာမစီစဉ်ပေးထားသည်။
- လစဉ်လတိုင်း Batch တန်းခွဲသစ်များ ဖွင့်လှစ် ပေးထားပြီး မိမိတတ်ရောက်လိုသော Intake ကို လာရောက် ဆွေးနွေးနိုင်ပါသည်။

ဟောပြောပွဲ
Seminar

မည်သူမဆို
အခမဲ့
တက်ရောက်နိုင်ပါသည်

ရွှေအများစု ရောက်ရှိ စုစည်းမှု

မန္တလေးမြို့

မြန်မာ ကျောင်းသား/ကျောင်းသူများစွာလက်ရှိတတ်ရောက် ပညာသင်ကြားလျှက်ရှိပြီး
စဉ်ဆက်မပျက် သွားရောက် တက်ရောက်မည့် ကျောင်းသားများစွာဖြင့်

ပထမသုတ် - ကျား(၂)ဦး+မ(၁)ဦး
ဒုတိယသုတ် - မ(၁)ဦး
တတိယသုတ် - ကျား(၁)ဦး
စတုတ္ထသုတ် - ကျား(၁)ဦး
ပဉ္စမသုတ် - ကျား(၂)ဦး



နေ့ရက် - 21 FEB 2016 / အချိန် - 2:00 pm / နေရာ - SEDONA HOTEL (MDL)

Find us on Facebook | Like

AAA Academy, Myanmar Office :
#411, 4th Floor, La Pyayt Wun Plaza, No.37, A Lan Pya Pagoda Road, Dagon Township, Yangon, Myanmar.
Ph : +(959)73211254, 73224309, Email : aaa.myanmar 413@gmail.com, Facebook : All Asia Aviation Myanmar




ရရှိသည့် အပိုဆုငွေပမာဏကို (၁၅)ရက်အတွင်း အသုံးပြုရပါမည်

| ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ | ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ | ဖြည့်သွင်းသည့် ငွေကျပ်ပမာဏ | ရရှိမည့် အပိုငွေရာခိုင်နှုန်း | ရရှိမည့် အပိုငွေကျပ်ပမာဏ |
|---|---|---|---|---|---|---|---|---|
| ၁၀၀၀ | ၂၀% | ၂၀၀ | ၅၀၀၀ | ၄၀% | ၂၀၀၀ | ၂၀၀၀၀ | ၁၀၀% | ၂၀၀၀၀ |
| ၃၀၀၀ | ၃၀% | ၉၀၀ | ၁၀၀၀၀ | ၁၀၀% | ၁၀၀၀၀ | ၃၀၀၀၀ | ၁၀၀% | ၃၀၀၀၀ |

- GSM/ WCDMA နှင့် CDMA (Prepaid နှင့် Postpaid) သုံးစွဲသူများအားလုံးအတွက် အကျုံးဝင်ပါသည်။
- ရရှိသည့် အပိုဆောင်းဆုငွေအား ပြည်တွင်းဖုန်းခေါ်ဆိုခြင်း၊ မက်ဆေ့ချ်ပို့ခြင်းနှင့် အင်တာနက်အသုံးပြုခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
- GSM/ WCDMA အသုံးပြုသူများအတွက် ဖုန်းဖြည့်ကတ်၊ E-top up စနစ်၊ Myanmar Mobile Money စနစ် နှင့် ဘဏ်မှတဆင့် ငွေဖြည့်ခြင်း စသည့်နည်းအားလုံးဖြင့် ငွေဖြည့်နိုင်ပါသည်။
- CDMA အသုံးပြုသူများအတွက် ဖုန်းဖြည့်ကတ်ဖြင့် ငွေဖြည့်သွင်းနိုင်ပါသည်။
- ရရှိသည့် အပိုဆုငွေ ပမာဏကို (၁၅) ရက်အတွင်း အသုံးပြုရပါမည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm　www.facebook.com/mptofficialpage　MPTOFFICIAL

CALL CENTER 106 | call free 24 hours everyday

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂၅) လမ်း၊ အမှတ် – ၁၂၄ တွင် နေထိုင်သူ ဒေါ်ကျင်ရွှေ (AA – ၀၂၀၂၄၁) ကိုင်ဆောင်သူသည် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မြမြဝင်း (၁၂/ကမတ (နိုင်) ၀၃၆၅၄၈) ကိုင်ဆောင်သူအား ၁၉၉၇ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် – ၂၈၇၈ ဖြင့် ကိတ္တိမအမွေစားအမွေခံသားသမီးအဖြစ် မွေးစားခဲ့ပြီး ဒေါ်ကျင်ရွှေတွင် သားသမီးအရင်း၊ အခြားသော ကိတ္တိမမွေးစားသားသမီးမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေညွှန်ကြားချက်အရ –**
**ဦးထွန်းလှိုင် (LL.B, H.G.P)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၆၆၅)**
**အမှတ်– ၁၅၊ ညောင်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ကြီးမြင့် (သို့)ဒေါ်ကြီးမြင့်၏ အမွေဆက်ခံသူ သမီး ဒေါ်မြင့်မြင့်ဦး၊ ဦးကာဆင်(ကွယ်လွန်)၏ အမွေဆက်ခံသူ သမီး ဒေါ်နန်းအေး၊ ဦးတင်ကြည်(ကွယ်လွန်)နှင့်ဒေါ်တင်ရီ(ကွယ်လွန်)တို့၏ သားသမီးများနှင့် အများသိစေရန်ကြေညာချက်

မိခင်ဒေါ်ခင်သန်းနွဲ့၏ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၀-၇-၂၀၁၄) နေ့စွဲပါစာအမှတ် - ၁၈၈၁၅ အရ အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိသူ သားကြီး ဦးသူရလွင် (၁၀/မလမ(နိုင်) ၀၁၈၀၈၁)က အောက်ပါအတိုင်း ကြေညာပါသည်။

ဦးမော်တီရာမန်း(ခ)ဦးကျော်ငြိမ်း (ကွယ်လွန်)၊ ဦးတူတူး-လူပျို(ကွယ်လွန်)၊ ဦးဘောခင်-လူပျို (ကွယ်လွန်)တို့မှာ ညီအစ်ကိုများဖြစ်ကြပြီး အမည်ပေါက် မြေကွက်များ ရှိခဲ့ပါသည်။ ဒေါ်ကြီးမြင့်၊ ဦးကာဆင်နှင့် ဦးတင်ကြည်တို့မှာ ဦးမော်တီရာမန်(ခ) ဦးကျော်ငြိမ်း (ကွယ်လွန်)၏ သားသမီးများဖြစ်ကြပြီး ဦးဘောခင်၊ ဦးတူတူး တို့၏ တူ၊ တူမများ ဖြစ်ကြပါသည်။

ဦးတင်ကြည် (ကွယ်လွန်)တွင် ဒုတိယသမီး၊ ဒေါ်ခင်သန်းနွဲ့အပါအဝင် သား သမီး (၁၀)ဦးရှိပါသည်။ ကွယ်လွန်သူ ဦးတင်ကြည်၏ ကျန်ရစ်သော သားသမီး (၁၀)ဦးတို့မှာ ပုသိမ်မြို့၊ ထောင်ကုန်းလမ်း၊ အမှတ် (၉)ကို ကျန်အမွေဆိုင်များ နှင့်အတူ ပူးတွဲပိုင်ဆိုင်လျက် ရှိကြပါသည်။ ထိုအိမ်ကို ဝယ်ယူရာတွင် ဝယ်ယူသူ ဒေါ်နုနုစိုက ငွေကို အပြည့်အဝ မပေးချေနိုင်သဖြင့် လိုအပ်သော ငွေဖြင့် ထိုမြေ (၂)ကွက်ကိုပါ ပေါင်းစပ်ပေးချေခဲ့သောကြောင့် ယင်းပိုင်ဆိုင်သော ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အမှတ် (၆၇)၊ ထောင်ကုန်း အကွက်၊ ဦးပိုင်အမှတ် (၁၉/စီ)၊ မြေပိုင်မြေ(၀. ၀၂၈)ဧကရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၅)ခန်းတွဲ(၂)ထပ်တိုက် အခန်းအမှတ် (၂၄/စီ နှင့် ၂၄/ဒီ)တို့ကို ပူးတွဲ ပိုင်ဆိုင်လျက်ရှိကြပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ခင်သန်းနွဲ့၏ လွတ်လပ်သော သဘောတူညီခွင့်ပြုချက်မရ ဘဲ မြေပုံမြေရာဇဝင် တရားဝင် မိတ္တူမှန် ကူးယူခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ချစ်ခြင်း မေတ္တာဖြင့် ပေးကမ်းစွန့်ကြဲခြင်း၊ စွန့်လွှတ်ခြင်း၊ လျှဒါန်းခြင်း၊ အခြား တစ်နည်းနည်း ဖြင့် လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းမပြုလုပ်ရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ဒေါ်ကြီးမြင့်ပါ (၁၁)ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသူရလွင် (၁၀/မလမ(နိုင်) ၀၁၈၀၈၁)
အမှတ်(၈)၊ ရတနာပုံ(၄)လမ်း၊ ရတနာပုံအိမ်ရာ၊
(၁၀/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

## Techo Corporation Pte Ltd ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Mr. Tan Chye Heng၊ ဒေါ်သီတာလင်းနှင့် အများသိစေရန် ကြေညာခြင်း

၁။ ၂၆-၁-၂၀၁၆ ရက်တွင် ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာပါ စက်ကိစ္စတွင် Pile စက်ကို Techo မှ Mr. Tan Chye Heng ပိုင်သည်/မပိုင်သည်ကို မိမိတို့ မသိရှိပါ။ မိမိတို့သည် Pile တူးပေးရန် တာဝန်ကို Techo မှ Mr.Tan Chye Heng နှင့် Myanmar Prime Engineering Construction Co.,Ltd+ Myanmar Great Land Pte Ltd မှ ဒေါ်မေဇွန်တို့က စာချုပ်ပါအတိုင်း တာဝန်ယူလုပ်ကိုင်ပေးရမည်ကိုသာသိရှိပါသည်။

၂။ စက်ကိစ္စအတွက် ငွေကြေးကိစ္စများ၊ ပိုင်ဆိုင်မှုကိစ္စများအပေါ် အခြေခံပြီး ၂၈-၅-၂၀၁၅ ရက်တွင် ဒေါ်မေဇွန်၏ အကျိုးဆောင်တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သန်းဝင်းက Myanmar Prime Engineering Construction Co.,Ltd ပိုင် စက်များဖြစ်၍ မည်သူတစ်ဦး တစ်ယောက်ကိုမျှ လွှဲပြောင်းပေးခြင်းမပြုရန် တားမြစ်ခဲ့ပြီး မိမိတို့ဆုံးရှုံးနစ်နာမှုများ၊ စိုက်ထုတ်ကုန်ကျငွေများအတွက် ကုမ္ပဏီပိုင်ပစ္စည်းများကို ထုခွဲရောင်းချ၍ဖြစ်စေ၊ ကုမ္ပဏီပိုင်ငွေကြေးများဖြင့်ဖြစ်စေ ရှင်းလင်းပေးရန် ဆန္ဒရှိပါသည်ဟု အေးမိသားစုသို့ အကြောင်းကြားခဲ့ပါသည်။

၃။ ယင်းအကြောင်းကြားစာကို Mr.Tan Chye Heng နှင့် ၎င်း၏ရှေ့နေများဖြစ်သည့် ဦးစိုးမြင့်နှင့် ဦးအောင်ကိုဦးတို့ထံ ပေးပို့ထားပြီးဖြစ်သော်လည်း Mr. Tan Chye Heng သည် ယနေ့တိုင် ဖြေရှင်းနိုင်ခြင်းမရှိသေးခြင်းကြောင့် ၎င်း၏တာဝန်သာဖြစ်ပါသည်။

၄။ Myanmar Prime Engineering Construction Co.,Ltd နှင့် Myanmar Great Land Pte Ltd တို့တွင် Mr.Tan Chye Heng အနေဖြင့် လုံးဝပတ်သက်ခြင်းမရှိကြောင်းနှင့် ဒေါ်မေဇွန်သည်သာ မန်နေးဂျင်းဒါရိုက်တာ ဖြစ်ကြောင်းတို့ကို ကုမ္ပဏီများဆိုင်ရာရုံးမှ စုံစမ်းသိရှိရသည့်အပြင် Mr.Tan Chye Heng သည် တရားဥပဒေနှင့်အညီ စီးပွားရေးလုပ်ကိုင်နေသူ နိုင်ငံခြားသားတစ်ဦးမဟုတ်ကြောင်းကိုလည်း ထပ်မံသိရှိရပါသည်။

၅။ ဗဟန်းမြို့နယ်တရားရုံးတွင် (၁၇-၃-၂၀၁၅) ရက်က အမှုဖွင့် အရေးယူခံထားရပြီး ဖြစ်သော်လည်း၊ ယနေ့တိုင် Techo ကုမ္ပဏီ၏ ရုံးနေရာ အတည်တကျမရှိခြင်းကြောင်း Mr.Tan Chye Heng နှင့် မသီတာလင်းတို့ကို ရှာမတွေ့ဘဲ တိမ်းရှောင်နေကြောင်းကို စုံစမ်းသိရှိရသဖြင့် လိုအပ်သလို ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၆။ ယင်းမြန်မာ့အလင်းသတင်းစာပါ အေးမိသားစု ကုမ္ပဏီလီမိတက်၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်ဟေဇာမြင့်ဦးနှင့် အများသိစေရန် ကြေညာချက်သည် စာချုပ်စာတမ်းပါ အချက်အလက်များနှင့် မကိုက်ညီခြင်း၊ မဟုတ်မမှန် ဖော်ပြရေးသားခြင်းများနှင့် အေးမိသားစုက ငွေကျပ် 96,889,782/-(ကျပ်သိန်းကိုးရာ ခြောက်ဆယ့်ရှစ်သိန်းရှစ်သောင်း ကိုးထောင့်ခုနစ်ရာ ရှစ်ဆယ့်နှစ်ကျပ်တိတိ) ရရှိရန် တောင်းခံထားသည့် ကိစ္စနှင့်လုပ်ငန်းနှောင့်နှေးကြန့်ကြာသည့်အပြင် လုပ်ငန်းပြီးမြောက်သည်အထိ မဆောင်ရွက်နိုင်ခြင်းတို့ကြောင့် မိမိတို့ငွေကြေး နစ်နာဆုံးရှုံးခဲ့ရမှု၊ စိတ်ညှိုးနွမ်းခံစားရမှုတို့အတွက် နစ်နာကြေးတောင်းခံရန် ကိစ္စတို့ကို ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း ဆက်လက်ဆောင်ရွက်သွားရန် ကျွန်ုပ်အား ညွှန်ကြားထားပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းရှိန် B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ၊ လိုင်စင်-၁၅၈၂**
**အမှတ်(၁၁၆)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၃၃၂၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကလေးခရိုင်၊ ကလေးမြို့နယ်၊ ကံပုလဲကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၇၊ ကံပုလဲကွင်း၊ ဧရိယာ(၀. ၆၄၃)ဧက၊ မြေအမျိုးအစား-ရွာမြေ၊ ဒေါ်လှကြည် [၅/ကလထ(နိုင်)၀၀၃၆၄၇]အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှကြည် [၅/ကလထ(နိုင်)၀၀၃၆၄၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူ မည်သူမဆို ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်သိန်းထွန်း(LL.B,C.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၂၄၂)**
**အမှတ်-၂၂၊ သီရိမွန်လုံးချင်းအိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၂၄၄၄၉၅၄၊ ၆၈၂၁၄၇၊ ၆၈၂၁၅၇ လိုင်းခွဲ-၈၁၇၊ ၈၃၃**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၈၆/ဘီ) တွင် တည်ရှိသော ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီဖြစ်သည့် Han Global Company Limited သည် အောက်ဖော်ပြပါအမည်နှင့် တံဆိပ်အမှတ်အသားများကို တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၁၇၁၃၂/၂၀၁၅ နှင့် ၁၇၁၃၄/၂၀၁၅ တို့ဖြင့် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။



Regd.No.17132/2015


Regd.No.17134/2015

Han Global Company Limited သည် အထက်အမည်ပါတံဆိပ်အမှတ်အသားများကို အရွယ်အစားအရောင်အသွေး အမျိုးမျိုးပြုလုပ်လျက် စာချုပ်အမှတ်-၁၇၁၃၂/၂၀၁၅ တွင်ဖော်ပြသည့် တံဆိပ်အမှတ်အသား Waca Waca ဖြင့် မုန့်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊ စာချုပ်အမှတ်၁၇၁၃၄/၂၀၁၅ တွင် ဖော်ပြသည့် တံဆိပ်အမှတ်အသား Waca Waca ဖြင့်စားသောက်ကုန်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ခြင်း၊ ကြော်ငြာလုပ်ငန်း ဆောင်ရွက်ခြင်းစသည်တို့ကို မြန်မာနိုင်ငံအတွင်းတွင် တစ်ဦးတည်းမူပိုင်အဖြစ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ အမည်နှင့်တံဆိပ်အမှတ်အသားများကို မည်သူမျှ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပြုလုပ်သုံးစွဲခြင်းမပြုရန်နှင့် ထိုသို့ပြုလုပ်သုံးစွဲသည်ကို တွေ့မြင်သိရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးကြည် (LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၄၈၆၃)**
**အမှတ်(၄၇၇)၊ (၇)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၂၅၇၇၊ ၀၉-၇၉၁၉၉၁၀၁၇**

## ဒေါ်အေးအေးခိုင်[၁၂/ဥကတ(နိုင်)၁၅၁၆၄၉]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ယခင်လိပ်စာကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့် တိုက်အမှတ်(၇)၊ အခန်း(၂၄)အား အိုးအိမ်ဦးစီးဌာနမှ နေထိုင်ရန်အတွက် မူလက ဦးကိုကို ဆိုသူအား ချထားပေးခဲ့ပြီး ၎င်းထံမှ အဆင့်ဆင့်ဖြင့် ဒေါ်အေးအေးခိုင်ဆိုသူမှ ဝယ်ယူထားခြင်းဖြစ်ပြီး ကျွန်တော် ဦးဝင်းမောင်[၁၂/မဂတ(နိုင်)၀၅၆၁၇၀]ကိုင်ဆောင်သူသည် ဒေါ်အေးအေးခိုင်ထံမှ စပေါ်ငွေ ၂၀၀၀၀၀၀/-သိန်းနှစ်ဆယ်တိတိပေးအပ်၍ တစ်လလျှင် ၂၀၀၀၀/-နှစ်သောင်းကျပ် တိတိဖြင့် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လမှစ၍ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထိ(၆)နှစ်ခွဲ သက်တမ်းတစ်ဆက်တည်းဖြင့် အိမ်ရာသစ်ဆောက်လုပ်ချိန်အထိ နေထိုင်ခဲ့ပြီး အိမ်ရာသစ်ဆောက်လုပ်ရေးစီမံကိန်းသို့ အထက်ပါအခန်း၏သော့အား ကျွန်တော့်ပင် အပ်နှံခဲ့ပြီး ဆောက်လုပ်စဉ်ကာလနေထိုင်မှုစရိတ်ကိုလည်း ကျွန်တော်မှပင်ထုတ်ယူပြီး ဆောက်လုပ်ပြီး အခန်းသစ်ပြန်လည်ရရှိရန်အတွက် အခန်းအမှတ်(B-42)ကိုလည်း ကျွန်တော်မှပင် မဲနှိုက်၍ အခန်း၏စလစ်မူရင်းမှာလည်း ကျွန်တော်၏ လက်ဝယ်၌ပင် ယနေ့အချိန်ထိရှိနေခဲ့ပါသည်။ အိမ်ရာသစ်ဆောက်လုပ်ရေး စီမံကိန်းမှအရဆောက်လုပ်ပြီး မဲနှိုက်ရရှိသော အထက်ပါအခန်းအမှတ်(B-42)အား မူလအခန်း၏ သော့အပ်နှင်းထားသူ ကျွန်တော့်ကိုပင် မူဘောင်အရ အပ်နှံပေးရမည်ဖြစ်ပါသည်။ ဦးကိုကိုအား နေထိုင်ရန်ချထားပေးသောအခန်းကို ဒေါ်အေးအေးခိုင်မှ အဆင့်ဆင့်ဝယ်ယူထားခြင်းသည် အစိုးရပိုင် ဝယ်ယူရောင်းချပိုင်ခွင့်မရှိသော အခန်းအား အရောင်းအဝယ်ပြုလုပ်ထားခြင်းဖြစ်၍ စည်းပျက်အခန်း ဖြစ်ပါသည်။ ကျွန်တော်သည် တစ်ဆက်တည်း (၆)နှစ်ခွဲကြာ နေထိုင်လာသည့်အတွက် ကျွန်တော်သည် သီးခြားသက်သာခွင့် ဥပဒေဘောင်အရ နေထိုင်မှုအခွင့်အရေး ပိုင်ဆိုင်မှုပိုင်ရှင်ဖြစ်လာပြီး ၎င်းအခန်းအား ကျွန်တော်မှပင်ဆက်လက်နေထိုင်သွားရန် တရားဝင် အခွင့်အရေး ရှိသူဖြစ်ပါသည်။ အဆိုပါအခန်းကို ဒေါ်အေးအေးခိုင်မှ လက်ဝယ်ရယူထားပါသည်။ သို့ဖြစ်ပါ၍ နေထိုင်မှုတရားဝင် အခွင့်အရေးပိုင်ရှင် ဦးဝင်းမောင်မသိရှိဘဲ အခန်းအမှတ်(B-42)အား ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်ကဲ့ခြင်း၊ လက်ပြောင်းလက်လွှဲပြုလုပ်ခြင်း၊ လက်ပြောင်းနေထိုင်ခြင်းများကို မပြုလုပ်ပါရန်အတွက် အသိပေးတားမြစ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအခန်း၏ လက်ဝယ်နေထိုင်မှု တရားဝင် အခွင့်အရေးပိုင်ရှင်ဖြစ်သူ ကျွန်တော်ဦးဝင်းမောင်မှ အထက်အဆင့်ဆင့်သို့ တင်ပြထားပြီး ဥပဒေနည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်နေထိုင်မှုရရှိစေရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း ဒေါ်အေးအေးခိုင်နှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းမောင်**
**[၁၂/မဂတ(နိုင်)၀၅၆၁၇၀]**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ တောင်ပိုင်းရပ်ကွက်၊ သုခလမ်း၊ အမှတ်-တပ-၅၆နေ ဦးဘအုန်းနှင့် ဒေါ်ရှမ်းမယ်တို့တွင် သားသမီး(၄)ဦး ထွန်းကားခဲ့ပြီး (ဘ)ဦးဘအုန်းမှာ ၂၄-၂-၂၀၀၇ ရက်တွင်လည်းကောင်း(မိခင်) ဒေါ်ရှမ်းမယ်မှာ ၁၉-၁-၂၀၁၆ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီးဖြစ်ပါ၍ မိဘများ ကွယ်လွန်သည်နှင့် တစ်ပြိုက်နက်မိဘများ တွင်ကျန်ရှိခဲ့သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှာ သားသမီး(၄)ဦးမှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသဖြင့် ၎င်းတို့အားလုံးအနက် ဦးသန်းအောင်[၁၃/မမတ(နိုင်)၀၂၃၃၄၈] နှင့် ဒေါ်နန်းတင်တင်မူ[၁၃/မမတ(နိုင်)၀၀၃၂၆၉]တို့၏ အတိအလင်းသဘော တူညီချက်မရှိဘဲ လွှဲပြောင်းရောင်းဝယ်ခြင်း၊ တစ်စုံတစ်ရာမပြုလုပ်ကြရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းရွှေ(LL.B.,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၂၃၈၂)**
**အမှတ်-၉၉၊ ပထပ်(ဘယ်)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၁၄၀၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့။

အမှတ်(၁၇၄)ပြည်တန်းလမ်း၊ အနော်ရထာရပ်ကွက်နေ ဦးခင်မောင်မြင့်(ခ)ဦးအူမူး [၁၂/တကန(နိုင်)၀၈၅၂၆၉] (ဘ)ဦးရှဖီး အမည်ဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၆-၁၁-၂၀၀၁ ခုနှစ်၊ ရက်စွဲဖြင့် ၆-၁၁-၂၀၀၁ မှ ၅-၁၁-၂၀၃၁ အထိ နှစ်(၃၀)မြေငှားဂရန်ခွင့်ပြုထုတ်ပေးထားသော ဤဦးပိုင်အမှတ်(၂၀+၂၃+၁၄၉) ဧရိယာ(၀. ၀၁၉+ ၀. ၀၇၄+၀. ၀၇၈)အကွက်အမှတ်(၄)၊ ပေါက်ကုန်းတောင်ကွင်း၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်၏ ဂရန်မူရင်းပျောက်ဆုံးသွားသဖြင့် ဂရန်မိတ္တူပြန်လည်ထုတ်ပေးပါရန် လျှောက်ထားခဲ့ပါသည်။

ကျွန်တော်၏လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက အကျိုး အကြောင်း ခိုင်လုံစွာဖော်ပြပြီး ကန့်ကွက်လွှာကို ကျွန်ုပ်ထံသို့ဖြစ်စေ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ဖြစ်စေ၊ ဤကြော်ငြာစာထုတ်ပြန်သည့်နေ့မှ (၁၅)ရက်အတွင်း တင်သွင်းနိုင်ကြောင်း ကြော်ငြာလိုက်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက လျှောက်ထားသူအား ဂရန်မိတ္တူ ထုတ်ယူနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။

**ဦးခင်မောင်မြင့်(ခ)ဦးအူမူး[၁၂/တကန(နိုင်)၀၈၅၂၆၉]**
**အမှတ်(၁၇၄)၊ ပြည်တန်းလမ်း၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်**
**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၃၅၃၈၆**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ပရ်ဝင်း[၁၀/မလမ(နိုင်)၁၅၁၃၅၉]နှင့် မောင်ဝဏ္ဏရဲအောင်(ခ) မောင်နော်မန်[၁၂/ကတတ(နိုင်)၀၃၁၃၆၁]၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ (၂၈)လမ်း၊ အမှတ်(၇၁)နေသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအာဇမ်(ခ)ဦးအောင်မြင့်[၁၂/ကတတ(နိုင်)၀၂၈၀၉၉]သည် ဒေါ်ပရ်ဝင်း၏ခင်ပွန်းဖြစ်ပြီး မောင်ဝဏ္ဏရဲအောင်(ခ)မောင်နော်မန်၏ဖခင်ဖြစ်ပါသည်။ ၎င်းသည် ၂၂-၉-၂၀၁၅ ရက်တွင် ကွယ်လွန်ခဲ့ရာ အောက်ပါပစ္စည်းများကျန်ရစ်ခဲ့ပါသည်။

(က) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၂၈-လမ်း၊ အမှတ်-၇၁၊ ၄-လွှာ(ဘီ) တိုက်ခန်း(၁)ခန်း။
(ခ) ရန်ကုန်မြို့၊ သမဝါယမဘဏ်တွင်ထားရှိသော ငွေစာရင်းအမှတ်- 0082600100000019 ရှိငွေသား။
(ဂ) အမျိုးသားကြီးပွားတိုးတက်ရေး၊ ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ မိုးထိ-မိုးမိရွှေတူးဖော်ရေးလုပ်ငန်း၏ ရှယ်ယာသက်သေခံလက်မှတ်အမှတ်(၀၀၀၂၄)ဖြင့် ကျပ်တစ်သိန်းတန်(၅၀၀)စု၊ ရှယ်ယာသက်သေခံအမှတ်(၀၀၀၅၀)ဖြင့် ရှယ်ယာ(၁၈၀၀)တို့ အသီးသီးဖြစ်ပါသည်။

အထက်ပါပစ္စည်းများသည် ဦးအာဇမ်(ခ)ဦးအောင်မြင့် ကွယ်လွန်ပြီးနောက် တရားဝင်အမွေဆက်ခံသူများဖြစ်ကြသော ဇနီး ဒေါ်ပရ်ဝင်းနှင့် သား မောင်ဝဏ္ဏရဲအောင်(ခ)မောင်နော်မန်တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ပရ်ဝင်းနှင့်မောင်ဝဏ္ဏရဲအောင်(ခ)မောင်နော်မန်တို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အထက်ပါပစ္စည်းများကို မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းတစ်စုံတစ်ရာ မပြုလုပ်ပါရန် အသိပေးတားမြစ်အပ်ပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၃၆)**
**ရုံး-အမှတ်(၅၅)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**အိမ်-အမှတ်-၄၅၊ ၂၆-လမ်း၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၉၄၉၉၈၊ ၀၉-၇၉၅၁၉၄၉၉၈**

## ဦးမျိုးမင်းသိန်း[၇/ဝမန(နိုင်)၁၂၁၂၀၄] Aung Hein Construction & Decoration Group နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ကန်လေးစုလမ်း၊ အမှတ်(၂၅/၂၇)၊ မြေကွက်(၂)ကွက်ပေါ်တွင် (၂)ခန်းတွဲ (၃½)ထပ် ရင်ကွဲတိုက်ဆောက်လုပ်ရန် မြေပိုင်ရှင် ဦးမောင်စိုး၊ ဦးတင်ယု၊ ဒေါ်ဟန်ရွှေတို့နှင့် Aung Hein Construction & Decoration Group မှ ဦးမျိုးမင်းသိန်းတို့၏ ၁၁-၄-၂၀၁၄ ရက်စွဲပါ စာချုပ်အပိုဒ်(၁၁)တွင် အဆောက်အအုံ ဆောက်လုပ်သည့်ကာလကို အုတ်မြစ်ချသည့်နေ့မှ (၁၂)လအတွင်း ဆောက်လုပ်ကာ မြေပိုင်ရှင်သို့ အခန်းများအပ်ရန် (၁၂)လနှင့်မပြီးပါက မြေရှင်အား တစ်လတစ်သိန်းငါးထောင်ပေးရန် အဆောက်အအုံဆောက်လုပ်မှုအား စည်ပင်သာယာ၏ စံချိန်စံညွှန်းအတိုင်း ဆောက်လုပ်ရန်နှင့် အပြီးမသတ်နိုင်သော အဆောက်အအုံ၏ လက်ရှိအခြေအနေအတိုင်း မြေရှင်သို့ လက်ရောက်ပေးအပ်ရန် ကတိပြုလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ကန်ထရိုက်တာဦးမျိုးမင်းသိန်းသည် အဆောက်အအုံ ဆောက်လုပ်ရန် ခွင့်ပြုချက်ပင်မတင်ဘဲ အဆောက်အအုံစတင်ဆောက်လုပ်ကာ အုတ်မြစ်ချပြီး ဆက်လက်ဆောက်လုပ်ခြင်း မရှိသည်မှာ (၁၂)လကျော်ပြီဖြစ်ပါသည်။ စာချုပ်ပါ ကတိအရ မြေရှင်များသို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့စရိတ်ပေးအပ်ခြင်းမရှိ အတွေ့မခံဘဲ ရှောင်တိမ်းနေပါသည်။ သို့ဖြစ်ပါ၍ ကန်ထရိုက်တာ ဦးမျိုးမင်းသိန်းအနေဖြင့် (၁၄)ရက်အတွင်း မြေရှင်များနှင့် လာရောက်ဖြေရှင်းပါရန်နှင့် ပျက်ကွက်ပါက စာချုပ်ပါအတိုင်း မြေကွက်အား မြေရှင်များက လက်ရောက်ရယူကာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြေရှင်များ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၄၈၆၃)**
**အမှတ်(၄၇၇)၊ (၇)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၂၅၇၇၊ ၀၉-၇၉၁၉၉၁၀၁၇**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြမြ(ကထိက၊ပြတိုက်ပညာဌာန)
**ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)**
**အသက် (၄၉) နှစ်**

ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)မှ ကထိက ဒေါ်မြမြသည် ၁-၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ချစ်တပည့် ဒေါ်မြမြ ကောင်းရာသုဂတိလားပါစေ။**

**ဦးကျော်မြင့်လှိုင်(ဆည်မြောင်း) ဒေါ်စန္ဒာခင်(ယဉ်ကျေးမှု)**

## အထူးကျေးဇူးတင်ရှိခြင်း
### ဒေါ်ခင်နုနု @ Rita Johns
**အသက်(၇၈) နှစ်**
**ရန်ကုန်ပညာရေးတက္ကသိုလ်(ငြိမ်း)**

၃၀-၁-၂၀၁၆ (စနေနေ့) ည ၇ နာရီတွင်ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော ဦးအောင်ဇော်၏ဇနီး၊ Robert အောင်ဇော်ဦး၊ John အောင်ဇော်ထူး၊ Judith Agnes တင်မင်းမင်းဇော်တို့၏မိခင် ဒေါ်ခင်နုနု နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက်ကုသပေးခဲ့သော ဝိတိုရိယဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျဆရာ/ဆရာမများ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများအားလုံး၊ မြောက်ဥက္ကလာပ OSC ဆေးရုံမှအထူးကု ဆရာဝန်ကြီးများနှင့်တာဝန်ကျဆရာ/ဆရာမများ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများအားလုံး၊ 3MDGUNOPS မှလုပ်ဖော်ကိုင်ဖက်များ၊ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ သတင်းမေးမြန်းကြသောမိတ်ဆွေသူငယ်ချင်းများ၊ ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းများ၊ နေ့မအားညမအား ပြုစုစောင့်ရှောက်ကူညီသော ဆွေမျိုးသားချင်းများ၊ ဘုရားရှိခိုးဆုတောင်းပေးသော မင်းသုံးပါးဘုရားကျောင်း(ခဝဲခြံ)မှ ကျောင်းတိုင်ဘုန်းတော်ကြီး Fr Marcian Thet Kyaw နှင့် အသင်းတော်မှ ညီအစ်ကိုမောင်နှမများ၊ Sister of Charity မှ သီလရှင်များနှင့်လွမ်းသူ့ပန်းခြင်း ပေးပို့သော မိတ်ဆွေသူငယ်ချင်းများ၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားလုံးတစ်ဦးချင်းစီတိုင်းကို အထူးကျေးဇူးတင်ရှိပါသည် ။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
### ဒေါ်ခင်မြင့် (ခ) ကေ့ပိုးကြူး
**ဒိုက်ဦး (၃၅၁) ဘီရုံ၊ သိမ်ကြီးဈေး**
**အသက် (၉၀)**

ဦးအောင်ထွေး-ဒေါ်မို့မို့ဝင်းတို့၏မိခင်ကြီး ဒေါ်ခင်မြင့်(ခ) ကေ့ပိုးကြူး အသက် (၉၀)သည် ၂၈-၁-၂၀၁၆ (ကြာသပတေးနေ့) မြန်မာစံတော်ချိန် နံနက် ၁း၄၅ နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Hospital ၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်း မိသားစု**
**ဘုတ်ပြင်းမြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လှအေးကြည်(ခ)အီလာယာချီဒေဝီ(မာတာဂျီး)
**အသက်(၈၇)နှစ်**

ဝဏ္ဏကျော်ထင် မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာ့ဝိပဿနာဆရာကြီး (ဦးဂိုအင်ကာ)၏ဇနီးဖြစ်သူ ဒေါ်လှအေးကြည်(ခ) အီလာယာချီဒေဝီ(မာတာဂျီး)သည် ၅-၁-၂၀၁၆ ရက် ဒေသစံတော်ချိန် နံနက် ၁၁း၃၀ နာရီတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခြင်းဖြစ်ရပါသည်။

**Sharma Family**
**Yamona International Co., Ltd.**

## ဝမ်းနည်းကြေကွဲခြင်း
### ဆရာကြီးဦးတင်ရွှေ(ဇီးကုန်း)
**B.A.B.Ed**
**အထက ခရားအတွင်း(ကရင်ပြည်နယ်)**
**အသက် (၈၁)နှစ်**

ဒေါ်ဆွေဆွေဝင်း (ကျောင်းအုပ်ကြီး၊ The Best ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း-ဇီးကုန်းမြို့)၏ ချစ်လှစွာသောဖခင် ဆရာကြီးဦးတင်ရွှေ (ဇီးကုန်း)သည် ၂၉-၁-၂၀၁၆ (သောကြာနေ့) ညနေ ၆း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ-ဒေါ်နန်းသန်းထွေး၊ ဒေါ်ခင်မေရီထွန်း၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်အေးအေးသိန်း၊ ဒေါ်အေးအေးသန်း(B.Ed.80th Batch)**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်သိန်း

Regent Business Academy မှ ဆရာမ ဒေါ်စံပယ်သိန်း၏ဖခင်သည် ၃၁-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အုပ်ချုပ်သူများ၊ ဝန်ထမ်းများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသူ/ကျောင်းသားများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရေ-၁၂၂၀၊ ဗိုလ်မှူးချုပ် မောင်ဦးလွင်
**ဌာနချုပ်မှူး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်**

ဖခင်သဖွယ်သဘောထားရပါသော အဘ ၁-၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျော်မင်းထွန်း၊ ဇော်ဝင်းငွေ၊ ပြည်စိုး၊ သန့်ဇော်ဦး၊ ရဲမာန်ပိုင်၊ အောင်မျိုးထွန်း၊ မြင့်အေးနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာမော်လီမောင်(ငြိမ်း)
**အသက် (၈၀)**
**သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**
**အချိန်ပိုင်းပါမောက္ခ၊ဇီဝနည်းပညာဌာန(ရန်ကုန်စက်မှုတက္ကသိုလ်)**
**အကြံပေး(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပညာရှင်အဖွဲ့)**
**မြန်မာနိုင်ငံနည်းပညာရှင်အဖွဲ့**
**Myanmar Academic of Technology EC**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အမှတ်(၃၆-စီ)၊ တန်းမြင့်ကျောင်းလမ်းနေ (ဦးစောမောင်မောင်-ဒေါ်စောခင်)တို့၏သမီးကြီး ဒေါက်တာမော်လီမောင်သည် ၂၅-၁-၂၀၁၆ (တနင်္လာနေ့) နံနက် ၄ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းရပါသည်။

**ပါမောက္ခ(ဌာနမှူး)နှင့်ဆရာ၊ဆရာမများ**
**သတ္တဗေဒဌာန**
**ကျိုင်းတုံတက္ကသိုလ်**

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
### ဒေါ်မြညွန့်(မောင်တော)
**အသက် (၈၃)နှစ်**

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ မြို့မပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တကေတု (မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီး၏ ရဟန်းဒါယိကာမကြီး၊ မောင်တောမြို့၊ (၄)ရပ်ကွက်၊ ညောင်ပင်လှရပ်နေ [ဦးသာထွန်းအောင် (အထက၊ဆရာကြီး)-ဒေါ်အိမ်သာဖြူ]တို့၏ သမီး၊ မောင်တောမြို့နေ ဦးမောင်ကြီး-ဒေါ်မမြသိန်း၊ (ဒေါ်အေးကျော့ဖြူ)၊ ဦးစိန်လှ(ခေတ္တ-Australia)တို့၏မွေးသမိခင်၊ ဦးထွန်း ထွန်းနိုင်-ဒေါ်သန္တာအောင်၊ ဒေါ်စံပယ်ခိုင် (ခေတ္တ-Australia)၊ ဒေါ်သူဇာခိုင်၊ ဦးထွန်းဝင်းခိုင်၊ ဒေါ်စုစုခိုင်တို့၏ အဘောင်ရှင်၊ မြစ်ခုနစ်ယောက်တို့၏ အဖီးရှင်သည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၃း၃၀ နာရီတွင် အမှတ်(၁၀၄/ပ)၊ ဗညားဒလလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၆ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
### ဦးတင်စိန် (၇၃)နှစ်
**သတင်းတပ်ဖွဲ့ (ငြိမ်း)**

ရန်ကုန်မြို့နေ (ဦးလှထွန်း-ဒေါ် ကြည်)တို့၏ သား၊ (ဦးဘရှင်-ဒေါ်အေး)တို့၏သားသမက်၊ အမှတ်(၃၈)၊တတိယထပ်(အေ)၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့ နယ်နေ ဒေါ်သန်းသန်းရီ၏ ချစ်လှစွာ သောခင်ပွန်း၊ မမေသဉ္ဇာဦး(ခ)မမွန်သူ၊ မောင်ဇော်ဝင်း-မရည်မွန်ထိုက်(USA) တို့၏မွေးသဖခင်၊ Austin သူ့ထက်ဝင်း၏ အဘိုးသည် ၁-၂-၂၀၁၆(တနင်္လာနေ့) နံနက် ၄း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၅-၂-၂၀၁၆ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးကျော်ထွေး (၆၉)နှစ်
**(အရာခံဗိုလ်၊ တပ်မတော်ရေ-ငြိမ်း)**

ဒေါပုံမြို့နယ်၊ အမှတ်(၁၇၅/က)၊ (၄)လမ်း၊ သဘော်ကျင်းရပ်ကွက်နေ (ဦးညိုပု-ဒေါ်အောင်မေ)တို့၏သား၊ (ဦးဖြူဝင်း-ဒေါ်ကြင်လှိုင်)တို့၏ သားသမက်၊ ကိုအောင်စိုးမိုး-မသက်သက်ထွေး၊ (ကိုသက်လွင်မြင့်)-မခင်စမ်းဝင်း၊ ကိုမိုးလွင်ဦး-ဒေါ်အိအိထွေးတို့၏ မွေးသဖခင်၊ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၀၀း၂၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၆ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီ ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
### ဒေါ်သန်းသန်းဝင်း (၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်(၅)၊အခန်း(၁၂)နေ (ဦးအာရ်ပိုင်း-ဒေါ်ငွေရင်)တို့၏သမီး၊(ဦးသန်းရှင်-ဒေါ်ထူးမေ)တို့၏ သမီးချွေးမ၊ [ဗိုလ်မှူးကြီးကျော်စိန်ဝင်း (ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးထွန်း အံ့ကျော် @ Sonny Kyaw ၏မိခင်၊ မောင်ရဲခေါင်ကျော် @ Danny ၏ ချစ်လှစွာသောဘွားဘွားသည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀း၅၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
### ဦးတင်ငွေ (၇၈)နှစ်
**(မန်နေဂျာ စား/ဖျော်-ငြိမ်း)**

မုံရွာမြို့၊မြဝတီရပ်ကွက်နေ (ဆရာကြီး ဦးဘသောင်-ဒေါ်ဘုဏ်)တို့၏ သားကြီး၊ (ဦးတင်ရွှေ-ဒေါ်ခင်မြ)၊ ဦးတင်ဆွေ-ဒေါ်သန်းမေ၊ ဦးကျော်မြိုင်-ဒေါ်ဝင်းမြင့်၊ ဒေါ်ခင်မူ၊ ဒေါ်ခင်စန်းတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ် (၂၂၂)နေ ဒေါ်ကြည်ယဉ်၏ခင်ပွန်း၊ ဒေါ်နီလာတင်(ကထိက၊ပြင်သစ်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ ဒေါ်ဥမ္မာတင် (အလယ်တန်းပြ၊ အမက-၂၀၊ တောင်ဥက္ကလာပ)၊ ဒေါ်မာမာတင် (ဦးစီးအရာရှိ မွန်ပြည်နယ် စာရင်းရုံး)၊ ဦးအောင်စည်သူ (M.Sc ICS Shipping Line)-ဒေါ်တင့်လတ်သန္တာ၊ ဦးကျော်သူရ (England နိုင်ငံ-ခေတ္တ)၊ ဦးကျော်မျိုးထွဋ် (M.Sc ICS Shipping Line)-ဒေါ်နီမာ မြင့်၊ သားသမီး ခြောက်ယောက်တို့၏ ဖခင်၊ မောင်ရဲသွေးထွန်း(ခ)စိုင်းလုံ (Studies Civil Engineering King-ston University London)၊ မောင်အောင်ဘုန်းခန့်၊ မအိမ့်ဘုန်းမာန်ကျော်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၆ (တနင်္လာနေ့) ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မျိုးမင်းထွန်း (၂၇)နှစ်

မြိတ်မြို့၊ နောက်လယ်ရပ်၊ ပိတောက်ရွှေဝါလမ်းနေ (ဦးအုန်းမောင်-ဒေါ်ဖွား သန်း)တို့၏ မြေး၊ ဒေါ်အေးအေးချို၏တူ၊ ဦးရွှေဟို-ဒေါ်လှတင်၊ ဦးသန်းနိုင်-ဒေါ်သန်းကြွယ်၊ ဦးစိုးငယ်-ဒေါ်မော်မော်တို့၏တူ၊ ဦးကြည်သွင်-ဒေါ်သီသီအေးတို့၏သားကြီး၊ မောင်အောင်မြတ်ထွန်း၏ အစ်ကိုသည်၃၁-၁-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၆း၃၀ နာရီတွင် ခုတင် (၅၀၀) ဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ဌာန၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင် ကြားအပ်ပါသည်။ (ခုတင် ၅၀၀ ဆေးရုံမှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည်(ကမ္မမြို့) (၈၉)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကမ္မမြို့နေ ဦးအောင်ပွင့်-ဒေါ်ဧတင်တို့၏သမီး၊ ဇေယျာသီရိလမ်းနှင့် ထန်းတပင်လမ်းထောင့်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေဦးစိုးတင့် (အင်/မှူး၊ရေသန့်-ငြိမ်း)-ဒေါ်ခင်ဆွေမြ (ပါမောက္ခ-ငြိမ်း၊ ပထဝီဝင်ဌာနမှူး)တို့၏မိခင်၊ ဦးတင်ထွန်းအောင်၊ ဦးမြတ်သူစိုး-ဒေါ်ငြိမ်းငြိမ်းပြုံး၊ ဦးဇော်တင်ထွန်း-ဒေါက်တာမာလာစိုးတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်ကြည်သည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁း၃၀ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၇-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးကင်ထွန်း (၈၄)နှစ်
**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)**
**မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (BPI)၊**
**ဥက္ကဋ္ဌ၊ရွှေတိဂုံစေတီတော် မြန်မာပြည်၊သုကကာရီ တံမြက်လှည်းအသင်း၊**

မော်လမြိုင်မြို့နေ သစ်တောအရေးပိုင်မင်းကြီး (ဦးယုရိုရ်-ဒေါ်ရင်စံ)တို့၏သား၊ ရန်ကုန်မြို့နေ သစ်တောအရေးပိုင်မင်းကြီး (ဦးထင်းဝါ- ဒေါ်မြတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် (၁၁၇၂)နေ ဒေါ်ကျင်အေး(အလုပ်ရုံခွဲမှူး-ငြိမ်း၊ BPI)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်ထွန်း)-ဒေါ်သီတာထွန်း၊ ဦးအေးထွန်း၊ ဦးရဲထွန်း-ဒေါ်မာမာဦး၊ ဒေါ်မာလာ ထွန်းတို့၏ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးကင်ထွန်းသည် ၂၈-၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၂နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဟာဂျီအဗ္ဗဒူရဟ်မားန်(ခ)ဦးဘစိန် (၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်(၅)၊ အခန်း(၃၀၃)၊ လေးလွှာ(ဝဲ)နေ (ဟာဂျီဦးအာမက်များ-ဟာဂျီမ ဒေါ်ဆော်ကီနာ)တို့၏သား၊ ဟာဂျီမအီဒါးဘေဂေါမ်(ခ)ဒေါ်တင်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီမမူနီရာဘေဂေါမ်(ခ) နီနီဝင်း-ကိုလှဟန်၊ ဟာဂျီအစ္စမာအီလ် (ခ)မောင်မောင်လေး၊ ဟာဂျီယူစွဖ်(ခ)မောင်မောင်ကြီး၊ ဟာဂျီမ ဟာစီနာဘေ ဂေါမ်(ခ)လှလှဝင်း-မောင်မောင်အေး၊ ဟာဂျီမဖာသေ့မာဘေဂေါမ်(ခ) ဖြူဖြူဝင်း တို့၏ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုး ဟာဂျီအဗ္ဗဒူရဟ်မားန်(ခ)ဦးဘစိန်သည် ၂၇-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် နေအိမ်မှ ရေဝေးကဗ္ဗရ်စတာန်ဥယျာဉ်တော်သို့ ပို့ဆောင်ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်တင်(ခ)ချိုကြီး (မအူပင်)
**အသက်(၅၇)နှစ်**

မအူပင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်(၂၉)နေ (ဦးချိန်ဂွမ်-ဒေါ်စောတင်)တို့၏ မြေး၊ (ဦးစိန်မြင့်-ဒေါ်တင်ညွန့်)တို့၏ချစ်လှစွာသောသား၊ ဒေါ်တင်တင်ဦး(ဆရာမ-ငြိမ်း)၊ ဦးမင်းအောင်-ဒေါ်အေးအေး(မင်း-မိတ္တူ)၊ (ဒေါ်မြရည်မွန်)၊ ဦးကျော်ဇင် (အကောက်ခွန်မှူး-ငြိမ်း)-ဒေါ်စန်းစန်း (ညွှန်ကြားရေးမှူး၊ သမိုင်းသုတေသနဦးစီးဌာန)တို့၏မောင်၊ ဦးမောင်မောင်ဝင်း (အထပြ တာတပေါ)၏ အစ်ကို၊ ကိုမိုးမင်းသူ (ခေတ္တ-ဂျပန်)-မချောစု၊ ကိုနိုင်လင်းထွဋ်-မရွက်နုဝေ၊ ကိုမျိုးလင်းခိုင်-မစမ်းပပမင်း၊ မရွှေဇင်ထွန်း(ခေတ္တ-ဂျပန်)၊ မငွေဇင်မွန်း (ခေတ္တ-ဂျပန်)တို့၏ဦးလေး၊ မြေးငါးယောက်တို့၏အဘိုး ဦးမောင်မောင်တင်(ခ) ချိုကြီးသည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၄း၄၃ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
### ဦးစိန်သန်း (၇၅)နှစ်
**စာရင်းစစ်မှူး(ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နေ (ဦးလှမောင်-ဒေါ်အေးခင်)တို့၏သား၊ ရန်ကုန်မြို့၊ (သမိုင်း)နေ (ဦးမြ မောင်-ဒေါ်အေးသင်)တို့၏သားသမက်၊ (ဦးဟန်ညွန့်)-ဒေါ်ခင်အေးမူ၊ (ဒေါက်တာယဉ်ငြိမ်း)-ဒေါ်စန်းစန်းမြင့်၊ ဦးစိုးသိန်း-ဒေါ်စန်းစန်းရီ၊ ဦးကျော်ဆန်းဝင်း-ဒေါ်ဝင်းကြည်၊ ဦးငွေဝင်း-ဒေါ်မြင့်မြင့်ခင် တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆) ရပ်ကွက်၊ ခရေပင်လမ်း၊ တိုက်(၅)၊ အခန်း (၀၀၂)၊ ကျန်စစ်သားအိမ်ရာနေ ဦးကောဏ္ဍည (သမိုင်း)၊ မခိုင်ခိုင်ဦး၊ မမိုးသီတာ၊ မဝင်းသီတာသန်း၊ မသီတာစိန်တို့၏မွေးသဖခင်၊ ဒေါ်ကျင်လှိုင်၏ချစ်လှစွာ သောခင်ပွန်းသည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄း၄၅ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၆ (စနေနေ့)တွင် အထက်ပါ (ဦးစိန်သန်း)-ဒေါ်ကျင်လှိုင်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်မြမြ(ခ)ဒေါ်မိုးမိုးခမ်း
**အသက်(၄၉)နှစ်**
**(ကထိက၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း) ပြည်မြို့**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၈၇၆)နေ (ဦးအောင်မြင့်-ဒေါ်သင်းနု)တို့၏သမီး၊ ဦးစိန်မြင့်-ဒေါ်ညိုနီအောင်၊ ဒေါ်သူဇာအောင်၊ ဦးရဲနိုင်-ဒေါ်စန္ဒာအောင်၊ ဦးအောင်မျိုးမြင့်-ဒေါ်နန်းမြင့်မော်တို့၏အစ်မကြီးသည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၆ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
### ဒေါ်မြသောင်း(မြောင်းတကာ)
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန် ရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ် (၉၅) နေ (ဦးဉာဏ်-ဒေါ်စိန်)၊ (ဦးစံမြ-ဒေါ်နှင်းမြ)တို့၏သမီး၊ (ဦးခင်မောင်တိုး)၏ ဇနီး၊ ဦးမြဦး-ဒေါ်ခင်ခင်အေး၊ ဦးဉာဏ်ဝင်း-ဒေါ်ခင်ညွန့်ဝေ၊ ဦးကျော်ငြိမ်း (MMU) -ဒေါ်ခင်မာတိုး၊ ဦးတင်မောင်ပြုံး-ဒေါ်မြင့်မြင့်သန်း၊ (ဦးလှဝင်း)-ဒေါ်သောင်းရီ၊ ဒုဗိုလ်မှူးကြီးခင်မောင်အုန်း (ဗန်းမော်မြို့)-ဒေါ်ညွန့်ညွန့်စိန်တို့၏ မိခင်၊ မြေး ၁၄ ယောက်၊ မြစ်ခုနစ် ယောက်တို့၏ဘွားဘွားကြီးသည် ၃၁-၁-၂၀၁၆ရက် ည ၇း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁-၂-၂၀၁၆ရက်ညနေ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဦးမြင့်သိန်း(ခ)ဦးဝင်းဆာ
**အသက်(၆၅)နှစ်**
**(တပ်မတော်-ရေ) (အငြိမ်းစား)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/ တောင်ရပ်ကွက်၊ ဘိုကလေးကျောင်း လမ်း၊ အမှတ်(၅) နေ (ဒေါက်တာဦးဇီဝ-ဒေါ်ခင်အေးကြည်)တို့၏ သား၊ (ဦးအုန်းကြည်-ဒေါ်ခင်မြမြ) တို့၏ သားသမက်၊ ဒေါ်ခင်ဆွေဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးတိုးသိန်း-(ဒေါ်ခင်စောမူ)၊ ဦးစောဦး-ဒေါ်ကြည်ကြည်သိန်းတို့၏ညီ/မောင်၊ဒေါက်တာမေကြည်အောင်၊ ဦးလှကြည်-ဒေါ်တင်တင်လှ၊ ဦးဝင်းမောင် - ဒေါက်တာအေးအေးသန်း၊ ဦးမောင်မောင်ထွေး-ဒေါ်ယဉ်နုတို့၏အစ်ကို၊ Capt; ဘုန်းမြင့်-ဒေါ်ကြည်ပြာမင်းဟန်၊ (ဦးငွေဦး)-ဒေါ်ခင်မျိုးဝင်းတို့၏ ညီ/မောင်၊ ဦးဝင်းဇော်ကြည်-ဒေါ်စန်းစန်းအေး၊ (ဦးဝင်းမော်ကြည်)၊ ဦးဝင်းကျော်ကြည်-ဒေါ်မူမူအောင်တို့၏အစ်ကို၊ တူ/တူမ ၁၈ယောက်တို့၏ ဦးလေး ဦးမြင့်သိန်း(ခ)ဦးဝင်းဆာသည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးကြီး ကျော်သိန်း(ငြိမ်း)၊ ကြည်း-၆၈၃၄
**မော်ကွန်းဝင် (ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**
### အသက် (၉၂)နှစ်

ရန်ကုန်မြို့နေ ဗိုလ်ချုပ်သန်းထွတ်သိန်း-ဒေါ်ခင်ကြည်ပြာ(ပါမောက္ခချုပ်-အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ မန္တလေး)တို့၏ဖခင် ဗိုလ်မှူးကြီး ကျော်သိန်း(ငြိမ်း)သည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးချုပ် မောင်ဦးလွင် (ရေ-၁၂၂၀)
### အသက် (၆၀)

ရန်ကုန်မြို့နေ ဒေါ်မာလာဝင်း၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ် မောင်ဦးလွင်သည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဇနီး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
### ဦးလှတင်
### အသက် (၁၀၄)နှစ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း-ဒေါ်နီလာညွန့်တို့၏ ဖခင်ဖြစ်သူ ဦးလှတင် အသက် (၁၀၄)နှစ်သည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေမိသားစု**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
### ဦးလှတင်
### အသက် (၁၀၄)နှစ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း-ဒေါ်နီလာညွန့်တို့၏ဖခင်ဖြစ်သူ ဦးလှတင် အသက် (၁၀၄)နှစ်သည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး-ဒေါက်တာ မွန်မွန်ထက် မိသားစု**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးချုပ်မောင်ဦးလွင် (ရေ-၁၂၂၀)
**ဌာနချုပ်မှူး၊ ရေဝတီရေတပ်စခန်းဌာနချုပ်**
### အသက်(၆၀)

ဧရာဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး (ရေ-၁၂၂၀) ဗိုလ်မှူးချုပ် မောင်ဦးလွင် အသက်(၆၀)သည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် အမှတ်(၂) တပ်မတော် ဆေးရုံ ခုတင် (၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**သံအမတ်ကြီး ဦးမျိုးအေး(မိသားစု)**

## ဒေါ်အေးကြိုင်(ဝါးခယ်မ)
**(မြို့မဆေးတိုက်)**
### အသက် (၈၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဈေးပိုင်းရပ်၊ မြို့မဆေးတိုက်နေ (ဦးဘသန်း-ဒေါ်သန်း)တို့၏ သမီး၊ ညောင်တုန်းမြို့ (၁၈)လမ်းနေ (ဦးစောမောင်-ဒေါ်ညွန့်ကြည်)တို့၏သမီးချွေးမ၊ (ဦးလှထွန်း-ဒေါ်ဘီ)တို့၏ ညီမ၊ (ဒေါက်တာထွန်းကြည်-ဒေါ်နှင်းကြည်)၊ (ဒေါက်တာခင်မောင်ဝင်း-ဒေါ်အေးကြွယ်)၊ (ဦးမြင့်သိန်း)-ဒေါ်နော်အေမီဘအေး၊ ဦးအောင်ခိုင်တို့၏အစ်မ၊ (၂၀၆၈)၊ သုခမိန်လမ်း၊ (ကာ/၁၄) ရပ်ကွက်၊ ပန်းခြံ(၂၅)၊ ရွှေပြည်သာမြို့နယ်နေ (ဦးတင်အောင်ထွန်း) [ကုန်သွယ်ရေး(၄)၊ အငြိမ်းစား]၏ဇနီး၊ မမေစုဝင်း(ရုံးအုပ်၊ ပြည်သူ့အင်အား၊ နေပြည်တော်)၊ ကိုလှအောင်ဖြိုး-မမေခိုင်ထွန်း(ကျူရှင်)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မောင်ကျော်ထက်ပိုင်ဖြိုး(Grade-11)၊ မအိရွှေစင်ဖြိုး(Grade-9)၊ မဆုပြည့်ရတနာဖြိုးတို့၏ချစ်လှစွာသောအဘွား ဒေါ်အေးကြိုင်သည် ၁-၂-၂၀၁၆ (တနင်္လာနေ့) ည ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၇-၂-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းမျှင် (၇၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ ရှုခင်းသာလမ်းမကြီး၊ အမှတ်(၂၃/ခ)နေ (ဦးဘော်လုံး-ဒေါ်မမေ)တို့၏သမီး၊ ဦးလှထွန်း၏ဇနီး၊ ဦးကျော်ဦး(ဥက္ကာသီရိကုမ္ပဏီ)၊ ဒေါ်စန်းစန်းဌေး(ဥက္ကာသီရိကုမ္ပဏီ)၊ ဒေါ်လှလှရီ၊ ဒေါ်မူမူခိုင်၊ ဦးပြည်သိမ်း-ဒေါ်အေးအေးသန်းတို့၏မွေးသမိခင်၊ မောင်ဉာဏ်လင်းအောင်၊ မယုယသော်တို့၏အဘွား ဒေါ်အုန်းမျှင်သည် ၂-၂-၂၀၁၆ ရက် နံနက် ၅း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**သထုံမြို့နယ်အသင်း(ရန်ကုန်)**
**ကျောင်းဒါယကာကြီး**
## ဦးကြည်စိုး(ဒုရဲမှူးကြီး-ငြိမ်း)
### အသက်(၆၇)နှစ်

မွန်ပြည်နယ်၊ သထုံမြို့၊ ဘူတာလမ်း၊ အောက်ကျင်းရပ်ကွက်၊ အမှတ်(၇၁)နှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ အမှတ်(၁၇၈)၊ ငါးလွှာနေ (ဦးသာရင်-ဒေါ်ငွေရှင်)တို့၏ သား၊ ဒေါ်ဆန်းသစ်(အလပြ-ငြိမ်း)၏ခင်ပွန်း အသင်းဝင်အမှတ်(၁၇၅၇) ဦးကြည်စိုးသည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၈နာရီတွင် သထုံမြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးလှတင်
### အသက်(၁၀၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်း၊ (၂)လမ်း၊ အမှတ်(၅)နေ (ဦးဖိုးမြိုင်-ဒေါ်အုံခင်)တို့၏သား၊ (ဒေါ်တင်ရွှေ)၏ခင်ပွန်း၊ (ဦးဆောင်း)၊ ဒေါ်ရွှေပိုက်၊ ဦးဌေးဝင်း (Ray Shipping Co., Ltd) -ဒေါ်ခင်မာဌေး၊ ဦးလှထွန်း(ဒုတိယအမြဲတမ်းအတွင်းဝန်) (မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)-ဒေါ်နီလာညွန့်၊ ဦးဆန်းထူး-ဒေါ်ဆွေဆွေမြင့်တို့၏မွေးသဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုး ဦးလှတင်သည် ၂-၂-၂၀၁၆(အင်္ဂါနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းရီ(ဒေးဒရဲ) (၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်၊ အနောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၁၀၅)နေ (ဦးပွ-ဒေါ်အုန်း)တို့၏သမီး၊ (ဦးတင်လှိုင်-ဒေါ်သန်းရင်)၊ (ဒေါ်သန်းရှင်)၊ (ဦးသန်းထွန်း)-ဒေါ်ခင်ဝင်းတို့၏ညီမ၊ ဦးဘိုလှ-ဒေါ်တင်လှ တို့၏ အစ်မ (ဦးစန်းအောင်)၏ ဇနီး၊ ဦးတေဇနိယ (MA)၊ ဒေါက်တာဇောတိ က တို့၏ ရဟန်းမယ်တော်ကြီး၊ ဦးမြင့်အောင်-ဒေါ်လှလှဝင်း၊ (ဦးမြင့်ဦး)-ဒေါ် လှလှဝင်း၊ ဦးကျော်ဦး-ဒေါ်ချိုချိုမာ၊ (ဒေါ်စန်းစန်းဝင်း)၊ ဦးမြင့်ရွှေ၊ ဦးလှထွေး (Shimo)-ဒေါ်ခင်လေးဖြူတို့၏ မွေးသမိခင် မြေးခြောက်ယောက် မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၂-၂၀၁၆ရက် နံနက် ၇း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဌေးရီ(ချောက်) (၅၇)နှစ်
**B.A (Geography)**
**အ. လ. ပြ၊ အ. ထ. က(၄)၊ အေးစေတီ**

ချောက်မြို့၊ ပျဉ်းအကုန်းရပ်၊ အမှတ်(နက-၅၁)နေ ဦးကျော်ခင်-(ဒေါ်ခင်ပု)တို့၏ချစ်လှစွာသောသမီး၊ ဦးရဲမြင့်မောင်(အင်ဂျင်နီယာချုပ်၊ စက်မှု-ငြိမ်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)-ဒေါ်ဝင်းရွှေ ဆိပ်ဖြူမြို့နယ်၊ လက်ဆည်ရွာနေ (ဦးထွန်းကြိုင်)-ဒေါ်အမာ၊ ဦးဌေးအောင်(ပ. စက်မှုဖစ်တာ မြန်မာ့ရေနံ၊ ချောက်ရေနံမြေ)-ဒေါ်အေးမူတို့၏ညီမငယ်၊ ဦးဝင်းမြင့်အောင်(ဌာနမှူး၊ သယ်ပို့စက်ပြင်ဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ထန်းကိုင်းရေနံမြေ)-ဒေါ်သန်းသန်းဌေး(အလပြ၊ အထက-၁၊ ချောက်)တို့၏ချစ်လှစွာသောအစ်မ၊ တူ/တူမ ၁၇ယောက်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘွားလေး ဆရာမ ဒေါ်ခင်ဌေးရီသည် ၂-၂-၂၀၁၆ရက် ည ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ချောက်မြို့သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်နော်မာဂျရီသောဂေါ်
**(သမဝါယမ၊ ငြိမ်း)**
**(ဗန်းမော်ကရင်နှစ်ခြင်းအသင်းတော်၏ အသင်းထောက်)**
### အသက်(၈၇)နှစ်

ဗန်းမော်မြို့ကရင်ကုန်းရပ်နေ (ဦးစောသောဂေါ်-ဒေါ်နော်အယ်မလီ)တို့၏ သမီး၊ (ဒေါ်နော်စယ်လီ-Dr.Willan Archer)၊ (ဒေါ်နော်ဂျူးနာ-ဦးစံရှိန်)၊ (ဒေါ်နော်ဂွမ်ဒလင်း)၊ (ဒေါ်နော်ဘွေဖော-ဦးစောအုန်းခိုင်)၊ (ဒေါ်နော်ဝါးဖေါ်-ဦးစောဘီကိုင်ရှိ)၊ (Dr. စောကွာလာ)-ဒေါ်နော်ဒေါရသီတို့၏ညီမ၊ ဦးစောဘင်ဂျမင်-(နော်စေးဘယ်)၊ ဦးစောဝီး-(ဒေါ်နော်ဒိုရင်း)တို့၏အစ်မ၊ တူ/တူမ ၃၂ ယောက်တို့၏အဒေါ်သည် ၁-၂-၂၀၁၆ ညနေ ၆း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၁၆ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကရင်နှစ်ခြင်း ဇီမာန်တော်၌ဝတ်ပြုပြီး ကြက်ပေါင်ခြံသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဌေးလွင် (ပေါင်းတည်)
### အသက် (၅၅) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၁၅၇)နေ (ဦးထွန်းလှိုင်)-ဒေါ်အေးအေးမြင့်တို့၏ သား၊ ဦးသောင်းညွန့်-(ဒေါ်မြဝင်း)တို့၏ သားသမက်၊ဒေါ်အေမီလှိုင်၊ ဦးနိုင်ဝင်း-ဒေါ်မို့မို့လွင်၊ ဦးဇော်မြင့်ထွန်း၊ ဦးဇော်လှိုင်ထွန်း၊ ဦးကျော်စွာထွန်းတို့၏အစ်ကိုကြီး၊ ဒေါ်သီတာအေး၏ခင်ပွန်း၊ မစုစန္ဒီဌေး (တတိယနှစ်၊ သမိုင်းအထူးပြု၊ ရန်ကုန်တက္ကသိုလ်)၏ဖခင် ဦးဌေးလွင်သည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
## ဦးထွန်းရင် (၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၇၈)နေ (ဦးဖူးညို-ဒေါ်စိန်ပု)တို့၏သား၊ (ဦးကျော်တင်-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်ဆွေသန်း(ခ)ဒေါ်အေးသန်း (79/B ရုံ၊ ခိုင်မာလာနှင်းဆီ၊ သိမ်ကြီးဈေး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသူရကျော်စွာထွန်း-ဒေါ်ဒိန်မွန်လွန်း၊ ဦးရာဇကျော်အောင်-ဒေါ်အေးမြသီတာထွန်းတို့၏ ဖခင်၊ မယွန်းရတီအောင်၊ မောင်ချမ်းငြိမ်းထွန်း၊ မောင်ဇေယျာမင်းထက်အောင်တို့၏ အဘိုးသည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၄း၀၅ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ကျောင်းဒါယကာကြီး**
## ဦးကြည်စိုး (၆၇)နှစ်
**(ဒုတိယရဲမှူးကြီး-ငြိမ်း)**

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဘူတာလမ်း၊ အမှတ်(၇၁)နေ (ဦးသာရင်-ဒေါ်ငွေရှင်)တို့၏သား၊ (ဦးစန်းအောင်-ဒေါ်ညွန့်ရီ)တို့၏သားသမက်၊ ဒေါ်ဆန်းသစ်(အလပြ-ငြိမ်း)၏ခင်ပွန်း၊ (ကိုကျော်သူစိုး)၊ ကိုမျိုးသူစိုး၊ ကိုအောင်သူစိုး-ဒေါက်တာသင်းယုလှိုင်တို့၏မွေးသဖခင်၊ ဒေါ်ခင်ရီ၊ ဒေါ်နွဲ့ရီ၊ (ဒေါ်ကြည်သန်း)တို့၏မောင်သည် ၁-၂-၂၀၁၆(တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဂေါ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဘူတာလမ်း၊ အမှတ်(၇၁)နေ (ဦးကြည်စိုး)-ဒေါ်ဆန်းသစ်တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အာနိစ္စ

## Dr. ဦးတင်ငွေ (၇၈)နှစ်
**အင်းစိန်ဆေးရုံအုပ်(ငြိမ်း)**
**မန္တလေးမြို့**

မန္တလေးမြို့နေ (ဦးဘလွင်-ဒေါ်မမကြီး)တို့၏သားငယ်၊ အမှတ်(၁/၁၂၇)၊ ၆-လွှာ၊ စံပယ်လမ်း၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်နေ (ဒေါက်တာဒေါ်လှနွယ်)၏ခင်ပွန်း၊ ကိုငွေလမိုးထူးအောင်(Uniteam Marine)-မသဇင်(သဲသဲ)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကောင်းဇင်ဟိန်း၊ မောင်ဟန်ထူးအောင်(အထက-၅၊ ဗိုလ်တထောင်)တို့၏အဘိုးသည် ၁-၂-၂၀၁၆ ရက် မွန်းလွဲ ၁း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်တင် (၇၄)နှစ်

(ဦးအုန်းရွှေ-ဒေါ်စောလှ)တို့၏သမီး၊ (ဦးသိန်း-ဒေါ်စိန်ရွှေ)၊ ဦးသန်းဝင်း-ဒေါ်သိန်းရီတို့၏ညီမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်း(၅)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၀၆)နေ (ဦးအုန်းမြင့်)၏ချစ်လှစွာသောဇနီး၊ မင်းရန်အောင်ထွန်း-မသီတာလင်း(Laurel Art Academy)၊ ကိုမျိုးထွန်းလင်း-မအေးအေးလှိုင်၊ ကိုဝင်းကျော်-မသင်းသင်းမာ၊ ကိုဖိုးဇော်၊ မောင်တိုး-မစုစုဆွေတို့၏မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင် (၅၈)နှစ်
**ရမ်းဗြဲငယ်တိုက်နယ်(ချောင်းဝကျေးရွာ)**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ချောင်းဝကျေးရွာနေ (ဦးသာမောင်)-ဒေါ်ခင်နုတို့၏သား၊ ရေမျက်ဝကျေးရွာနေ ဦးဘကျော်အောင်-ဒေါ်ကန်သာတို့၏ သားသမက်၊ ဦးဘခင်-ဒေါ်ဝေအောင်တို့၏တူ၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ သုခ(၅)လမ်း၊ ရွှေသစ်ခွအဆောင်နေ ဒေါ်တင်ငွေ၏ခင်ပွန်း၊ ဦးသူရလှိုင်၊ ဒေါ်ခင်စန်းရီ၊ မောင်လင်းလင်းထွန်း- မသီတာလှိုင်တို့၏မွေးသဖခင်၊ မောင်သိန်းထိုက်ဇော်၏အဘိုးသည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် လှိုင်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက် ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦး John ဖေအောင်ငြိမ်း
### အသက် (၄၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ် (၉)နေ (ဦးပီတာမြဖေ)-ဒေါ်မေရီဘိုးအောင်တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီးနေ (ဦးထွန်းရွှေ-ဒေါ်ကျင်ရွှေ)တို့၏ သားသမက်၊ ကိုရဲသွေးလွင်-မအယ်ရှီးဖော၊ ကိုဝင်းထွန်းနိုင် - မယုဇနလွင်တို့၏ အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ ဘကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇) ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၁၁၇၀) စွဲမြဲလက်ဖက်ရည်ဆိုင်နေ ဒေါ်မေသက်ထွန်း၏ခင်ပွန်း ဦး John ဖေအောင်ငြိမ်းသည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၄း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၁၀၄)၊ အင်းယားလမ်း၊ သန့်ရှင်းသောကားတိုင်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တကုသလမဟာထေရ်
**(သာသနာ့ဓဇ အစိုးရဓမ္မာစရိယ၊ သိမ်ဝဂိုဏ်း၏ အကျိုးတော်ဆောင်)**
### သိက္ခာတော် (၅၆)ဝါ၊ သက်တော် (၇၇)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းညောင်ရမ်းရပ်၊ ကုသိနာရုံကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုသလမဟာထေရ်အရှင်သူမြတ်သည် (၁၃၇၇ ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် ၈ရက်) ၁-၂-၂၀၁၆(တနင်္လာနေ့) ညနေ ၄း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ရက်) ၆-၂-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမစျာပန သာခုကီဋ္ဌာနသဘင်ပြုလုပ်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
တပည့်ဒါယကာ-ဒါယိကာမများ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဥူးဇဝန(ခ)ဦးအောင်မြင့်(ကျောင်းဆရာ-ငြိမ်း)
### သိက္ခာတော် (၃၁)ဝါ၊ သက်တော် (၉၁)နှစ်
**ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကုတ်ဝိပဿနာ**

ဘုရားလေးကျောင်းတိုက်တွင် သတင်းသုံးတော်မူသော ခမည်းတော်(ဦးနီ)-မယ်တော်(ဒေါ်ခို)တို့၏သား၊ ရဟန်းအမ(ဒေါ်သိန်းကြည်)၏ခင်ပွန်း၊ (ဦးသန်းရွှေ)-ဒေါ်တင်မြင့်၊ ဦးတင်လှ-(ဒေါ်သန်းရီ)၊ ဦးလှမြင့်-ဒေါ်ခင်မြရီ၊ ဦးညီလွင်-ဒေါ်ဝေဝေတို့၏ဖခင်၊ မြေး ၂၃ယောက်၊ မြစ် ၁၉ ယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၂း၄၅ နာရီတွင် စာဂလမ်း၊ ရွှေဇင်ယော် ၁၁/မ နေအိမ်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ထွေး(ပိုင်ကျုံကြီး) (၈၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပိုင်ကျုံကြီးကျေးရွာနေ (ဦးမောင်လွင်-ဒေါ်စောတင်)တို့၏သမီးကြီး၊ (ဒေါ်တင်နု-ဦးမြဆိုင်)၊ (ဒေါ်ညွန့်လှိုင်-ဦးတင်ရွှေ)၊ (ဦးဝင်းမြင့်)-ဒေါ်စိန်ရီ၊ (ဒေါ်သန်းလှိုင်-ဦးစောသန်း)၊ ဦးမောင်မောင်-(ဒေါ်ကြည်ကြည်ဝင်း-ဦးမြင့်တင်)တို့၏ အစ်မကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် (၁၄/က)နေ [ရဲဘော်မြ(ဦးမြ)]၏ ချစ်လှစွာသောဇနီး၊ ဦးမြဦး-ဒေါ်မြသွင်၊ ဦးမြသွေး-ဒေါ်အေးအေးမြင့်၊ (ဦးမြဌေး)၊ (ဦးမြစိုး)၊ ဦးမြဇော်-ဒေါ်အေးနှင်းခိုင်၊ ဦးမြမင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ကိုဌေးလွင်ဦး-Mrs.Herna C.Parc0n @ မပုလဲ၊ ကိုဟိန်းမင်းလတ်၊ မယုခိုင်ထွေး၊ ကိုပြည့်ဖြိုးအောင်၊ ကိုရန်နောင်လတ်၊ မဝတ်ရည်ခိုင်၊ မောင်သစ်ထူးဇော်၊ မောင်ဉာဏ်မျိုးဇော်၊ မောင်မင်းခန့်ဇာနည်တို့၏ ချစ်လှစွာသောအဘွား၊ မောင်သီဟသွေး၊ မောင်ရဲရင့်လွင်၊ Mary Joy @ မစုမြတ်ဦးတို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ခင်ထွေးသည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၆ (အင်္ဂါနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## စောစွိဒွေး(Saw Sweet Dwe) (၇၇)နှစ်
**အလုပ်သမားဆေးရုံကြီး(ငြိမ်း)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃၇၉)နေ (စောအောင်သာဒွေး-နော်ငွေသိန်း)တို့၏ သားထွေး၊ (စောသာမြ-နော်လှဦး)တို့၏သားသမက်၊ (စောစောတင်)၊ (စောစောလမွန်)တို့၏ညီ၊ ဆရာမဒေါက်တာနော်မက်ကနိုးလယာဒွေး၊ ဆရာမနော်နီးထာ၊ စောအိုနာစစ်-နော်အယ်မေဖောတို့၏ဖခင်၊ Saw Fernando Dwe, Saw Mark Dwe တို့၏အဘိုး၊ နော်ဂရီးစေမြ၏ ချစ်ခင်ပွန်း စောစွိဒွေး(Saw Sweet Dwe)သည် ၂-၂-၂၀၁၆ရက် နံနက် ၀၀း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဖူးသာဖြူအောက်မေ့ဖွယ်ခန်းမဆောင် (ကရင်ကျမ်းစာကျောင်းကုန်း၊ အင်းစိန်)၌ ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (မြောက်ဒဂုံ၊ ၄၃ ရပ်ကွက်နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Rev.Dr.Van Cung Tum (၆၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ်(၇၁/၅)၊ မြစဥ္ဇူလမ်းနေ ဦးသော့လိန်း၏သား၊ ဒေါ်မာန်ကျန်၏ခင်ပွန်း၊ သိက္ခာတော်ရ စောလမွန်ကျဲအိုကမ်း၏ညီ၊ ဦးဟရန်မှုန်း၊ သိက္ခာတော်ရဒေါက်တာရွှန်လျန်၊ ဒေါ်မက်အီယာန်၊ ဒေါ်နွယ်အီးယာန်၊ ဒေါ်ဆွေကီးလ်၊ ဦးချန်မ်လျန်ထန်းတို့၏ အစ်ကို၊ ဒေါ်နီးဆုန်၏ခဲအို၊ ဒေါ်ရွှေမာန်ဆုန်း၊ မရှုန်ချင်တဲလ်၊ မအယ်နီငွန်ထာအီယာန်း၊ မမေရီလင်း၊ မောင်ဒေပစ်ဗန် ထောင်လိန်းတို့၏ဖခင် သိက္ခာတော်ရ ဒေါက်တာဗန်ကျူးသုန်သည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုအစည်းအဝေးပြုလုပ်ကျင်းပပြီး ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေများအားအသိပေး အကြောင်းကြားအပ်ပါသည်။ [အောင်ဆန်း BOC မှတ်တိုင်၊ လှိုင်သီရိမြောက်ဒဂုံ၊ (၄၆)ရပ်ကွက်၊ မန္တလေးမှတ်တိုင်များမှ ကြို/ပို့ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်ငယ်(ငြိမ်း) (၇၆)နှစ်
**အရာခံဗိုလ်၊ ရေ-၇၃၉၄**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇) အနောက်ရပ်ကွက်၊ အနောက်ခိုင်ရွှေဝါလမ်း၊ တိုက်အမှတ်(၆၄၈)နေ (ဦးမြငြိမ်း-ဒေါ်စောရွှေ)တို့၏သား၊ (ဦးဟန်မြ-ဒေါ်သိန်းရွှေ)တို့၏သားသမက်၊ ဒေါ်ခင်မြင့်၊ (ဦးဘလှိုင်)-ဒေါ်စိန်ညွန့်၊ ဦးအောင်ကြိုင်-ဒေါ်ကြည်လေးတို့၏ အစ်ကို၊ (ဒေါ်စိန်တင်)၏ခင်ပွန်း၊ ဦးစိုးတင့်-ဒေါ်လှလှဌေး၊ ဦးမြင့်ကြည်-(ဒေါ်ခင်ချိုမြင့်)-ဒေါ်ချိုချိုမြင့်၊ ဦးမော်စီတုန်း-ဒေါ်ခင်ဝင်းကြည်၊ ဦးမျိုးအောင်-ဒေါ်ခင်ချိုလွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၆ (တနင်္လာနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုအအေးတိုက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**
## ဦးစိန်သန်း (၇၅)နှစ်
**စာရင်းစစ်မှူး(ငြိမ်း)**
**ဒေးဒရဲအသင်းဝင် (၃၈၉)**

ဒေးဒရဲမြို့နေ (ဦးလှမောင်-ဒေါ်အေးခင်)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ခရေပင်လမ်း၊ တိုက် (၅)၊ အခန်း (၀၀၂)၊ ကျန်စစ်သားအိမ်ရာနေ ဒေါ်ကျင်လှိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကောဏ္ဍည(သမိုင်း)၊ မခိုင်ခိုင်ဦး၊ မမိုးသီတာ၊ မဝင်းသီတာသန်း၊မသီတာစိန်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄း၄၅ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၆ ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်နိုင်ပါရန်။(နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ဒေးဒရဲမြို့နယ်အသင်းအမှုဆောင်အဖွဲ့

Hot Line No-0930500100

# သဘာဝအလှ၏သမီးပျို ချောင်းသာကမ်းခြေနှင့် အဓိကမင်းသား ဥတိုတံတား



နေဝင်ဆည်းဆာအချိန်နှင့် သဘာဝအလှ၏သမီးပျို ချောင်းသာကမ်းခြေကို တွေ့ရစဉ်။ [ဓာတ်ပုံ - ဌေးအောင်]

**သတင်းဆောင်းပါး - ခင်မောင်မြင့်**

ဧရာဝတီတိုင်းဒေသကြီးတွင် ထင်ရှားကျော်ကြားသော အပန်းဖြေစခန်းနှစ်ခုရှိသည်။ ချောင်းသာနှင့် ငွေဆောင်ဟူ၍ဖြစ်သည်။ ငွေဆောင်ကမ်းခြေကို "ငဆော်" ဟု ခေါ်တွင်မှုရှိခဲ့ပြီး ကမ်းခြေအလျားမှာ ရှည်လျားစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တည်ရှိနေသည်။ ပင်လယ်ပြင်ကြီးနှင့်အတူ ကြီးမားထည်ဝါလွန်းသော ဟိုတယ်ကြီးများက ခံ့ညားလွန်းလှပါပေ့။ ပင်လယ်ပြင် လျှောစောက်နက်ပြီး ဒီရေလှိုင်းလုံးများ ကြီးမားလွန်းခြင်းကြောင့်လည်း နိုင်ငံခြားခရီးသွားအများဆုံး ကြိုက်နှစ်သက်သော နေရာတစ်ခုအဖြစ် သီးခြားစွာ တည်ရှိနေသည်။ နုဖွေးဖြူလွလွ သဲသောင်ပြင်ကျယ်ပြန့်ပြန့်မှ ချစ်သူများကျွန်းသို့

စာမျက်နှာ ၉ ကော်လံ ၁ သို့

# အင်းတော်ကြီးကန်အား ကမ္ဘာလုံးဆိုင်ရာအရေးပါသော ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အင်းတော်ကြီးကန်အား ကမ္ဘာ့အသိအမှတ်ပြု ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်လိုက်ခြင်းကြောင့် ဒေသခံအသိုက်အဝန်းများနှင့် သဘာဝဂေဟစနစ်တို့အတွက် ဤရေတိမ်ဒေသက ဖြည့်ဆည်းပေးနေသော အကျိုးကျေးဇူးများအား ကောင်းစွာဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု သိရသည်။

ဖေဖော်ဝါရီ ၂ ရက်သည် ကမ္ဘာ့ရေတိမ်ဒေသနေ့ဖြစ်ပြီး ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီး ရေတိမ်ဒေသအတွက်လည်း မင်္ဂလာရှိသော နေ့တစ်ရက်ဖြစ်သည်။ ဤနေ့တွင်ပင် အင်းတော်ကြီးရေတိမ်ဒေသအား နိုင်ငံတကာအသိအမှတ်ပြုရေတိမ်ဒေသ (Ramsar Site) အဖြစ် သတ်မှတ်လိုက်ခြင်းမှာ ဂုဏ်ယူဖွယ်ဖြစ်သည်။

အင်းတော်ကြီးကန်၊ အဝင်အထွက်ချောင်းများ၊ ရာသီအလိုက်ရေဝပ်သော စားကျက်မြေများနှင့် စပါးခင်းများ ပါဝင်သော အင်းတော်ကြီးရေတိမ်ဒေသမှာ ပြည်တွင်းသာမက နိုင်ငံတကာအတွက်ပါ အရေးပါသော သဘာဝတန်ဖိုးများရှိပြီး ရမ်ဆာ သဘောတူညီချက်ပါ စံနှုန်းများနှင့် ကိုက်ညီသဖြင့် ဤသို့အသိအမှတ်ပြုခံရခြင်းဖြစ်သည်။ ရမ်ဆာရေတိမ်ဒေသ ဖြစ်လာခြင်းကြောင့် ပြည်တွင်း၊ပြည်ပမှ အာရုံစိုက်မှုက ပိုမိုရရှိလာမည်ဖြစ်ကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများသာမက ဒေသခံများ၏ လူမှုဘဝရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

"နိုင်ငံတကာ အသိအမှတ်ပြု ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ခံရတဲ့အတွက် မြန်မာနိုင်ငံရဲ့

စာမျက်နှာ ၉ ကော်လံ ၃ သို့

## ယနေ့ မာတိကာ


၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ — အချပ်ပို - ၁

အင်းလေးကန်ပတ်လည်တောင်များကို ထိန်းသိမ်းခြင်းဖြင့် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေမည် — စာမျက်နှာ - ၁၀

နည်းပြဗန်ဟားလ်အား ထုတ်ပယ်ရန် မန်ယူအသင်းပြင်ဆင်လျက်ရှိ — စာမျက်နှာ - ၁၃


# ပြည်ပပို့ကုန် ပင်လယ်ရေထွက်ကုန်များ ရှာဖွေပေးနေသော မြန်မာ့ပင်လယ်ပြင်မှ စန္ဒားလုပ်ငန်း

**ဇာညီမြင့်**



မြန်မာ့ပင်လယ်ပြင်မှထွက်ရှိလာသည့် ရေထွက်ကုန်အမျိုးအစားများစွာကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ မြန်မာနိုင်ငံ၏ပင်လယ်ရေထွက်ကုန်များထွက်ရှိရာ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများတွင် ဆွဲပိုက်၊ မျှောပိုက်လုပ်ငန်း၊ အင်္ဂလန်ကျားပိုက်လုပ်ငန်း၊ ဒစ္စကိုကျားပိုက်လုပ်ငန်း၊ ဘဝင်းလုပ်ငန်း၊ ကဏန်းပိုက်လုပ်ငန်း၊ ပလုပ်တုတ်လုပ်ငန်း၊ အစာကွန်လုပ်ငန်း၊ ဇောင်းလှေလုပ်ငန်း၊ ခရုလုပ်ငန်း၊ ငါးဖောင်လုပ်ငန်းအစရှိသည့် ရေလုပ်ငန်းများနှင့်အခြားသောကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး မြန်မာ့ပင်လယ်ပြင်မှ ထွက်ရှိလာသည့် ရေထွက်ကုန်အမျိုးအစားများစွာကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ မြစ်ဝကျွန်းပေါ်ပင်လယ်ရေလုပ်ငန်းများတွင် ပြည်ပပို့ကုန်ပင်လယ်ရေထွက်ကုန်များကို ရှာဖွေပေးနေသည့် လုပ်ငန်းများအနက် စန္ဒားလုပ်ငန်းသည်မြန်မာ့ပင်လယ်ပြင်တွင် အရှားပါးဆုံးသောရေလုပ်ငန်းတစ်ခုဖြစ်သည်။

စန္ဒားလုပ်ငန်းမှာ မြန်မာ့ပင်လယ်ပြင်တွင် ရေလုပ်ငန်းလုပ်ကိုင်သည့်နည်းလမ်းများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ရေလုပ်ငန်းများထဲတွင် အရှားပါးဆုံးဖြစ်နေသည့် ပင်လယ်ပြင် ငါးအရှင်ဖမ်းနည်းတစ်ခုဖြစ်သည်။ အဆိုပါရေလုပ်ငန်းသည် တခြားရေလုပ်ငန်းတွေနဲ့မတူဘဲ

စာမျက်နှာ ၈ ကော်လံ ၁ သို့




အထွေထွေနှင့် လုပ်ငန်းသုံး စာအိတ်အမျိုးမျိုး ကိုထုတ်လုပ်ဖြန့်ချိပေးနေပါပြီ။

အထွေထွေနှင့် လုပ်ငန်းသုံး အသုံးပြု စာအိတ် အမျိုးမျိုး (ရောင်စုံ)

APOLO® Envelope





Office : 01 684292, 684405~08 | Show Room (1) : 01 382789, 09 73228162 | Show Room (2) : 01 250425, 242469


themirror.npt@gmail.com
www.facebook.com/themirrordaily

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒဘာသာရပ်အထောက်အကူပြု သိကောင်းစရာများ ပို့ချချက်ဖြစ်ပါတယ်။ ဒီပို့ချချက်မှာ-

(၁) ဇီဝဗေဒဘာသာရပ်မေးခွန်းသဘောတရား
(၂) အခန်းများအလိုက် အမှတ်ခွဲဝေပုံနှင့်
(၃) ဖြေဆိုသင့်သည့် ပုံစံများဆိုပြီး (၃)ပိုင်းခွဲပြီး ဖော်ပြပါမယ်။

ဇီဝဗေဒဘာသာရပ် မေးခွန်းသဘောတရားကို ပြောရမယ်ဆိုရင်-

Grade 11 Biology ပြဋ္ဌာန်းစာအုပ်တွင်ပါရှိသော အခန်း(၁)မှ အခန်း(၁၂)အထိ သင်ခန်းစာများသည် ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် သိရှိနားလည်သင့်သည့် အကြောင်းအရာများကို အစီအစဉ်တကျပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဇီဝဗေဒမေးခွန်းသည်လည်း အခန်း ၁၂ ခန်းတွင် ပြဋ္ဌာန်းထားသည့် အကြောင်းအချက်များ၏ နားလည်မှုအပေါ်တွင် အခြေခံ၍မေးမြန်းသည့် မေးခွန်းများ ဖြစ်ပါသည်။

ဇီဝဗေဒဘာသာရပ်၏ မေးခွန်းပုံစံကို လေ့လာကြည့်မည်ဆိုလျှင် အပိုင်း(၅)ပိုင်း ပါရှိပါသည်။ အဲဒီအပိုင်းတွေကတော့

1. True / False
2. Completion
3. Short Questions (2 Marks)
4. Short Questions (4 Marks)
5. Long Questions (8 Marks)

| စဉ် | မေးခွန်းအပိုင်း | ပေးထားသောအမှတ် | ဖြေဆိုရမည့်အမှတ် |
|---|---|---|---|
| ၁ | TRUE or FALSE | 20 | 20 |
| ၂ | Completion | 20 | 20 |
| ၃ | 2 Marks Short Questions | 18 | 12 |
| ၄ | 4 Marks Short Questions | 36 | 16 |
| ၅ | 8 Marks Long Questions | 72 | 32 |
| Total | | 166 | 100 |

တစ်ပိုင်းချင်းအလိုက် မေးသည့်ပုံစံနှင့် ဖြေဆိုရမည့်ပုံစံကိုနှိုင်းယှဉ်ကြည့်လျှင် မေးခွန်းတွင်ပေးထားသည့် အမှတ်ပေါင်း ၁၆၆ မှတ်ရှိပြီး အမှတ် ၁၀၀ ဖိုးသာဖြေဆိုရမည်ဖြစ်သဖြင့် ရွေးချယ်မှုများစွာပါရှိပါတယ်။ ဒါကြောင့် သေချာစွာလေ့လာမယ်ဆိုရင် အောင်မှတ်ရော ဂုဏ်ထူးပါရရှိနိုင်သည့် ဘာသာဖြစ်ကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပထမဦးစွာ True/False အပိုင်းကို လေ့လာကြည့်လျှင် ပုဒ်ခွဲ(၂၀)မေးထားပြီး ပုဒ်ခွဲ (၂၀)လုံး ဖြေဆိုရမှာဖြစ်ပါတယ်။ True/False အပိုင်းတွင်မေးသော မေးခွန်းများအတွက် Statement များကို သေချာစွာဖတ်ပါ။ မိမိသိရှိနားလည်သော အကြောင်းအရာနှင့်ကိုက်ညီမှုရှိပါက (TRUE) ဟု ဖြေဆိုပေးရမည်ဖြစ်ပြီး အမေးဝါကျများသည် မကိုက်ညီပါက (FALSE) ဟု ဖြေဆိုရမည်ဖြစ်ပါသည်။ Statement အမေးဝါကျများသည် စာအုပ်ထဲမှအကြောင်းအရာများကို တိုက်ရိုက်မေးထားသည်များရှိသလို ကိုယ်ပိုင်ဝါကျများတည်ဆောက်ပြီးလည်း မေးတတ်ပါတယ်။ ပုဒ်ခွဲများအလိုက်ခွဲဝေမှုမှာ အခန်း (၃)၊ (၇)၊ (၁၀)နှင့် (၁၂)တွင် (၁)ပုဒ်စီမေးလေ့ရှိပြီး ကျန်အခန်းများမှ (၂)ပုဒ်စီ မေးလေ့ရှိပါတယ်။

အပိုင်း(၂)မှာ ကွက်လပ်ဖြည့်မေးခွန်းများဖြစ်ပြီး ဘာသာရပ်ဆိုင်ရာသိသင့်သည့် အကြောင်းအရာများကို မေးလေ့ရှိပါတယ်။ မေးခွန်းဝါကျတည်ဆောက်တဲ့အခါ ကွက်လပ်ချန်ပြီး ဖော်ပြထားသည့်အတွက် နားလည်မှုအပြင် ကွက်လပ်ထဲမှာဖြည့်ရမည့် စာလုံးပေါင်းကို မှန်မှန်ဖြည့်ရပါမည်။ မှားတတ်သော စာလုံးတွေကိုရေးကျက်ပါ။ စာလုံးပေါင်းမှန်မှန်နဲ့ ရေးထည့်ပေးပါ။ Scientific names များကိုလည်း underline တားပေးမှ အမှတ်ရပါမည်။ မေးခွန်းအပိုင်းခွဲဝေမှုမှာ အပိုင်း(၁)အတိုင်းဖြစ်ပါတယ်။

အပိုင်း (၃)မှာတော့ (၂)မှတ်တန် **Short Questions** ဖြစ်ပြီး **Answer ALL Questions** လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့- (a)-(f) (၆) ပုဒ်ပေးထားပြီး တစ်ပုဒ်ကို (၂)မှတ် အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်း (2 × 6 = 12 marks) ရရှိမှာဖြစ်ပါတယ်။ (၂)မှတ်တန် အမှတ်ခွဲဝေပုံသည်-

| | | | |
|---|---|---|---|
| a. | Chapter I–IV | မှ | (၁) ပုဒ် |
| b. | Chapter V | မှ | (၁) ပုဒ် |
| c. | Chapter VI | မှ | (၁) ပုဒ် |
| d. | Chapter VII | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter VIII | မှ | (၁) ပုဒ် |
| e. | Chapter IX | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter X | မှ | (၁) ပုဒ် |
| f. | Chapter XI | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter XII | မှ | (၁) ပုဒ် မေးထားတာကို တွေ့ရှိရပါလိမ့်မည်။ |

အဲဒီမေးခွန်းတွေကိုလေ့လာတဲ့အခါ တိုက်ရိုက်ခေါင်းစဉ်ကိုမေးသည့်မေးခွန်းမျိုး

e.g. 1. Describe the **ventricles** in the brain of rabbit.

e.g. 2. State the purpose of water acting as **solvent**.

**စာပိုဒ်ထဲမှာရှိသည့်စာကို နားလည်မှု ရှိ၊ မရှိ ထုတ်နုတ်မေးသည့်မေးခွန်း**

e.g. 3. **Briefly** state how the food in gathered in *Paramecium*. စသည်ဖြင့် မေးနိုင်ပါသည်။

ပုံတွေကို အညွှန်းနှင့်အတူ ပုံ၏ခေါင်းစဉ်တပ်ခိုင်းသော မေးခွန်းပုံစံကိုလည်းမေးလေ့ရှိပါတယ်။

အပိုင်း(၄) မေးခွန်းကတော့ Short Questions (၄)မှတ်တန်ဖြစ်ပါတယ်။ (a)-(e) (၅)ပုဒ်ပေးထားပြီး တစ်ပုဒ်ကို (၄)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲဖြစ်ပါတယ်။ မိမိကြိုက်နှစ်သက်ရာ (၄)ပုဒ်ကို ဖြေဆိုရမှာဖြစ်သည့်အတွက် စုစုပေါင်း (4 × 4 = 16 marks) ရရှိမည်ဖြစ်ပါတယ်။

No.4 (၄)မှတ်တန် Short Questions အမျိုးအစားမှာ ဆင့်ပွားမေးခွန်းငယ်တွေကို အောက်ပါအတိုင်း ခွဲဝေပေးထားပါသည်။

| | | | |
|---|---|---|---|
| a. | Chapter I–IV | မှ | (၁) ပုဒ် |
| b. | Chapter V | မှ | (၁) ပုဒ် |
| c. | Chapter VI | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter VII | မှ | (၁) ပုဒ် |
| d. | Chapter VIII | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter IX | မှ | (၁) ပုဒ် |
| e. | Chapter X | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter XI | မှ | (၁) ပုဒ် ၎င်းကို ထပ်ဆင့် OR ခံပြီး |
| | Chapter XII | မှ | (၁) ပုဒ် |

**တိုက်ရိုက်မေးသောမေးခွန်းများ**

e.g. 1. State the functions of the Leaves.

**နားလည်မှုကို ထုတ်နုတ်မေးသောမေးခွန်းများ**

e.g. 2. Describe the effect of light intensity and temperature on the rate of photosynthesis. စသည်ဖြင့် အမျိုးမျိုးထုတ်နုတ်မေးနိုင်ပါသည်။ ပုံကိုအညွှန်းတပ်ခိုင်းပြီး သိစေလိုသောအကြောင်းအချက်များကို မေးသော မေးခွန်းမျိုးလည်းမေးနိုင်ပါတယ်။

ဥပမာ Give labels and caption to the given diagram and state ဆိုလျှင် အညွှန်းများကို မေးထားသော နံပါတ်များအတိုင်းဖြေဆိုရမည့်အပြင် ထပ်မံမေးထားသော State ဆိုသောအပိုင်းအတွက် ပြည့်စုံစွာဖြေဆိုပေးမှသာ သတ်မှတ်အမှတ်များကို ရရှိမှာဖြစ်ပါတယ်။

မေးခွန်း No.5 (၈)မှတ်တန် Long Questions အမျိုးအစားမှာ မေးခွန်းငယ် (a) to (f) ဆိုပြီး (၆)ပုဒ်ပေးထားတယ်။ Answer ANY FOUR Questions လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ (၄)ပုဒ်သာ ဖြေဆိုဖို့ လိုအပ်တယ်။ စုစုပေါင်း (8 × 4 = 32 marks)ရရှိမည်ဖြစ်ပါသည်။

မေးခွန်း No.5 (Long Questions) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်တွေကိုအောက်ပါအတိုင်း ခွဲဝေမေးနိုင်ပါသည်။

| | | | |
|---|---|---|---|
| a. | Chapter I–IV | မှ | (၁) ပုဒ် |
| b. | Chapter V | မှ | (၁) ပုဒ် |
| c. | Chapter VI | မှ | (၁) ပုဒ် |
| d. | Chapter VII | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter VIII | မှ | (၁) ပုဒ် |
| e. | Chapter IX | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter X | မှ | (၁) ပုဒ် |
| f. | Chapter XI | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter XII | မှ | (၁) ပုဒ် မေးထားတာကို တွေ့ရှိရပါလိမ့်မည်။ |

**တိုက်ရိုက်မေးသောမေးခွန်းများ**

e.g.1. Explain about the balanced diet.

**နားလည်မှုကို ထုတ်နုတ်မေးသောမေးခွန်းများ**

e.g.2. Compare the fourth stage of epigeal and hypogeal germinations.

ထို့အပြင်ကျောင်းသားအား အညွှန်းပြည့်စုံသည့်ပုံကိုဆွဲစေပြီး သိသင့်သည့် အကြောင်းအရာများကို ထပ်မံမေးသည့် မေးခွန်းပုံစံများကိုလည်း မေးလေ့ရှိပါတယ်။

မေးခွန်းမေးသောပုံစံများအရ အောက်ပါစကားလုံးများဖြင့်အစပြုလျှင် မေးသည့်မေးခွန်းသဘောအတိုင်း ပြန်လည်ဖြေဆိုပေးရပါမည်။

List, Count, Enumerate ဆိုရင် အမှတ်စဉ်ရေးထိုးပြီးဖြေဆိုရန်၊ Mention ဆိုရင် အကြောင်းအရာကို ဖော်ပြပေးရန်၊ Name ဆိုရင် အမည်ကိုဖော်ပြပေးရန်၊ What /How /Cite /Give /State /Provide /Describe/ Discuss /Explain /Clarify ဆိုရင်ရှင်းပြပါ။ ဖြေရှင်းပါ။ အဓိပ္ပာယ်သတ်မှတ်ပါ စသည်ဖြင့် စာသားအားဖြင့် ဖြေဆိုပေးရပါမည်။

Distinguish/ Clarify/ Differentiate ဆိုရင် အုပ်စုနှင့်အမျိုးအစား တို့ကိုခွဲခြားဖြေဆိုရန်။

Give the comparative account, Compare and contrast/ Versus ဆိုရင် နှိုင်းယှဉ်ဖြေဆိုရန်။

Give a table/ Tabulate ဆိုရင် ဇယားဆွဲဖြေဆိုရန်, Word diagram ဆိုရင် စကားလုံးများကို ညွှန်ချက်မြားတန်းများဖြင့် ချိတ်ဆက်ဖြေဆိုရန်။

Illustrate/Illustration/Draw/Give a drawing/ Diagram ဆိုရင် သရုပ်ဖော်ပုံကိုဆွဲ၍ ဖြေဆိုရန်၊ Provide labels and caption ဆိုရင် ပုံကိုပြန်ကူးဆွဲရန်မလိုဘဲ အညွှန်းမြားများညွှန်းသောနေရာကို အမည်ဖော်ပြပေးရန် စသည်ဖြင့် အမေးစာလုံးများကိုသုံးပြီး မေးနိုင်ပါသည်။

အခန်းများကို တစ်ခန်းချင်းလေ့လာခြင်းအားဖြင့် ရရှိနိုင်သော အမှတ်ခွဲဝေမှုမှာ

အခန်း (၁) မှ (၄) အထိ လေ့လာလျှင် ၂၈ မှတ်ရရှိနိုင်ပါတယ်။
အခန်း (၅) လေ့လာလျှင် ၁၈ မှတ်ရရှိနိုင်ပါတယ်။
အခန်း (၆) လေ့လာလျှင် ၁၈ မှတ်ရရှိနိုင်ပါတယ်။
အခန်း (၇) လေ့လာလျှင် ၁၆ မှတ်ရရှိနိုင်ပါတယ်။
အခန်း (၈) လေ့လာလျှင် ၁၈ မှတ်ရရှိနိုင်ပါတယ်။
အခန်း (၉) လေ့လာလျှင် ၁၈ မှတ်ရရှိနိုင်ပါတယ်။
အခန်း (၁၀) လေ့လာလျှင် ၁၆ မှတ်ရရှိနိုင်ပါတယ်။
အခန်း (၁၁) လေ့လာလျှင် ၁၈ မှတ်ရရှိနိုင်ပါတယ်။
အခန်း (၁၂) လေ့လာလျှင် ၁၆ မှတ်ရရှိနိုင်ပါတယ်။

ဒါကြောင့်မိမိကြိုက်နှစ်သက်သည့် အခန်းများကို ပိုင်နိုင်စွာလေ့လာခြင်းအားဖြင့် စာမေးပွဲကို ကောင်းစွာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို အကြံပြုလိုသည်မှာ-

(၁) ဇီဝဗေဒဘာသာရပ် Grade 11 Biology ပါ သင်ခန်းစာအားလုံးကို အခန်းတိုင်းကျေညက်စွာ နားလည်အောင် လေ့လာကျက်မှတ်ရန်။
(၂) Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်သည့် ဝေါဟာရ (Terminology)များကို စာလုံးပေါင်းနှင့်တကွ သေချာစွာ ကျက်မှတ်ထားရန်။
(၃) Diagrams (သရုပ်ဖော်ပုံများ)၊ word diagrams (စာဖြင့်သရုပ်ဖော်ပုံများ)နှင့်tables (ဇယားများ)ကို

စာမျက်နှာ ၂ သို့ »»

# ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**မတည်ငွေရင်းလျှော့ချခြင်းနှင့် အစုရှယ်ယာများ ပယ်ဖျက်ခြင်း**

၁၀၆။(က) ဘဏ်၏ ထည့်ဝင်ပြီးမတည်ငွေရင်း ဆုံးရှုံးခြင်းဖြစ်စေ၊ ရရန်ပိုင်ခွင့်များဖြင့် မတင်ပြနိုင်လျှင်ဖြစ်စေ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် လျှောက်ထားပြီး ထိုမှတစ်ဆင့် ဘဏ်၏ အဆိုပါမတည်ငွေရင်းဆုံးရှုံးမှု သို့မဟုတ် ရရန်ပိုင်ခွင့်များဖြင့် မတင်ပြနိုင်မှုတို့ကို ပယ်ဖျက်ခြင်းပြုပြီး မတည်ငွေရင်းကို လျှော့ချခြင်းပြုနိုင်သည်။

(ခ) ဘဏ်၏ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို ပုဒ်မ ၁၀၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ခခ)နှင့် (ဂဂ) တို့အရ အခြားသူသို့ လွှဲပြောင်းထားပြီးဖြစ်လျှင် ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပြီးပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် လျှောက်ထားရမည်။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အရ ဘဏ်၏ ကျန်အစုရှယ်ယာ မတည်ငွေရင်းကို ပယ်ဖျက်နိုင်သည်။

(ဂ) ဗဟိုဘဏ်က ပုဒ်မခွဲ (က) အရ အစုရှယ်ယာ မတည်ငွေရင်းကို လျှော့ချရန်အမိန့်ကို ထုတ်ပြန်သည့်အခါ ထိုသို့ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း အစုရှယ်ယာရှင်များက လာရောက်ပေးသွင်းခြင်းမပြုပါက ဗဟိုဘဏ်သည် အဆိုပါပေးသွင်းခြင်းမပြုသည့်တန်ဖိုးကို ပယ်ဖျက်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

(ဃ) ဘဏ်၏ အစုရှယ်ယာမတည်ငွေရင်းကို ပုဒ်မခွဲ (က) အရ လျှော့ချခြင်း သို့မဟုတ် ပုဒ်မခွဲ (ခ) အရ အစုရှယ်ယာများကို ပယ်ဖျက်ခြင်းပြုသည့်အခါ ဗဟိုဘဏ်သည် ဘဏ်၏ စာတမ်းအမှတ်အသားများကိုဖြစ်စေ၊ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းတို့ကိုဖြစ်စေ ပြောင်းလဲပြင်ဆင်ရေးအတွက် ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ လျှောက်ထားရန် ဘဏ်အား တောင်းဆိုနိုင်သည်။

**အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ**

၁၀၇။ဘဏ်၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များသည် အားလုံးဖြစ်စေ၊ အချို့အဝက်ဖြစ်စေ အခြားသောငွေရေးကြေးရေးအဖွဲ့အစည်းသို့ ပုဒ်မ ၁၀၄ အရ အပ်နှံခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုရာတွင် ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် အမိန့်ထုတ်ပြန်ကြေညာရမည်။ ယင်းအမိန့်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

၁၀၈။အပြီးအပိုင်အပ်နှင်းခွင့်ရရှိသူသည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(က) ပုဒ်မ ၁၀၇ အရ ထုတ်ပြန်သော အမိန့်နှင့်သက်ဆိုင်သည့် ဘဏ်၏ အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို ရယူရာတွင် လွှဲပြောင်းပေးသူအဖွဲ့အစည်း၏ ငွေအပ်နှံသူများနှင့် မြီရှင်များ၏ အကျိုး သို့မဟုတ် အများပြည်သူအကျိုးဖြစ်သည်ကို ခိုင်လုံစွာ ဆုံးဖြတ်နိုင်ခြင်း၊

(ခ) လွှဲပြောင်းလက်ခံသည့် အဖွဲ့အစည်းသည် ဘဏ်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရာတွင် လုပ်ကိုင်နိုင်စွမ်းရည်ရှိခြင်း၊

(ဂ) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်ကို အသုံးပြုခြင်းနှင့် လက်ရှိပေးရန် တာဝန်ကို ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသည့်အဖွဲ့အစည်းက ဗဟိုဘဏ်က ချမှတ်သောစည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း သဘောတူညီခြင်း။

**အပြီးအပိုင် အပ်နှင်းသည့် အမိန့်၏ အကျိုးသက်ရောက်ခြင်း**

၁၀၉။(က) ပုဒ်မ ၁၀၇ အရ ထုတ်ပြန်သော အပြီးအပိုင် အပ်နှင်းရရှိသည့်အမိန့်တွင် သက်ဆိုင်ရာနေ့ရက်မှ စတင်အကျိုးသက်ရောက်ရာတွင်-

(၁) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်သို့ ပြောင်းလဲပေးသော အခွင့်အရေးအားလုံးနှင့် အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များ ရယူရာတွင် အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်ရရှိခြင်းသည် ပြီးမြောက်ခြင်းမရှိစေကာမူ လွှဲပြောင်းလက်ခံသော အဖွဲ့အစည်းက ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို သက်ဆိုင်ရာတရားဝင်မှတ်ပုံတင်စာအုပ်အသီးသီးတွင် ရေးသွင်းချက်များအားလုံးကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်း၏ အမည်သို့ ပြောင်း၍အစားထိုးပြီး ဖြစ်စေရမည်။ သို့သော် ထိုသို့ အမည်ပြောင်းခြင်းမရှိစေကာမူ အပြီးအပိုင် အပ်နှင်းရရှိသည့်အမိန့်အရ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ အကျိုးသက်ရောက်ပြီး ခံစားပိုင်ခွင့်များ ရရှိစေရမည်။

(၃) ဗဟိုဘဏ်က ဤဥပဒေအရ သို့မဟုတ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် အထူးကုမ္ပဏီအက်ဥပဒေတို့အရ ထုတ်ပြန်သော အမိန့်ပါစည်းကမ်းချက်များကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းက လိုက်နာရမည်။ ထိုအဖွဲ့အစည်းသည် ထိုသို့လိုက်နာမည့်အကြောင်း စာဖြင့်သဘောတူညီချက်ပေးရမည်။

(၄) လွှဲပြောင်းလက်ခံသော အဖွဲ့အစည်းအား ထုတ်ပေးထားသော လိုင်စင်ကို ရရန်ပိုင်ခွင့် အပြီးအပိုင် အပ်နှင်းသည့် အမိန့်နှင့်အညီ ထိုအဖွဲ့အစည်းကို အပ်နှင်းသည့် ခံစားခွင့်များ အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်သလို ပြုပြင်ရမည်။

(၅ ) လွှဲပြောင်းပေးသော အဖွဲ့အစည်းက ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်အားလုံးကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ လွှဲပြောင်းအပ်နှင်းပြီးလျှင် ဗဟိုဘဏ်သည် လွှဲပြောင်းပေးသော အဖွဲ့အစည်း၏ လိုင်စင်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၁၀၇ အရ ထုတ်ဆင့်သော ရရန်ပိုင်ခွင့်အပ်နှင်းသည့် အမိန့်တွင် ဗဟိုဘဏ်က အခြားနည်းဖြင့် သီးခြားဖော်ပြထားခြင်းမရှိလျှင် သက်ဆိုင်ရာနေ့ရက်မှစ၍ အောက်ပါတို့ အကျိုးသက်ရောက်စေရမည် -

(၁) လွှဲပြောင်းလက်ခံသည့် အဖွဲ့အစည်းသို့ အပ်နှင်းလွှဲအပ်သည့် ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များနှင့်စပ်လျဉ်း၍ ပဋိညာဉ်များ၊ စာချုပ်များ၊ အာမခံစာချုပ်များ၊ သဘောတူညီချက်များ၊ ကိုယ်စားလှယ်လွှဲစာများ၊ တရားဝင်ကိုယ်စားလှယ် လွှဲအပ်ခွင့်များနှင့် အခြားစာချုပ်စာတမ်းများသည် လွှဲပြောင်းပေးသော အဖွဲ့အစည်းသို့ သဘောတူခွင့်ပြုသောနေ့ရက်မှစ၍ လွှဲပြောင်းအပ်နှံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ အပ်နှင်း၍ ရရှိသော ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များနှင့် စပ်လျဉ်း၍ ထိုသို့အပ်နှင်းခြင်းမပြုမီက ရှိခဲ့သော အရေးယူဆောင်ရွက်ချက်များနှင့် စွဲဆိုချက်များမှာ လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းက စွဲဆိုသော သို့မဟုတ် ၎င်းအဖွဲ့အစည်းအပေါ် စွဲဆိုသော အရေးယူမှုများနှင့်စွဲဆိုချက်များဖြစ်သည်ဟု မှတ်ယူ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ဂ) ဤပုဒ်မအလို့ငှာ -

(၁) သက်ဆိုင်ရာနေ့ ဆိုသည်မှာ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာသော ပိုင်ဆိုင်ခွင့် အပြီးအပိုင်အပ်နှင်းသည့် အမိန့် ထုတ်ပြန်သည့်နေ့ကို ဆိုသည်။

(၂) တရားဝင်မှတ်ပုံတင်ခြင်းများ ဆိုသည်မှာ နိုင်ငံတော်၏ ဥပဒေအရ တည်ထောင်သည့် မှတ်ပုံတင်ဌာနတွင် လူပုဂ္ဂိုလ်နှင့် နိုင်ငံတော်တွင် ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ၏ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် ရပိုင်ခွင့်မှတ်တမ်းများအရ အကျိုးခံစားမှုများ၊ ပိုင်ဆိုင်မှုများ၊ လွှဲပြောင်းခြင်းများ မှတ်ပုံတင်ခြင်းကိုဆိုသည်။

**အခွန်နှင့်အခများ**

၁၁၀။ဤဥပဒေအခန်းပါပြဋ္ဌာန်းချက်အရ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်လွှဲပြောင်းမှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အခွန်နှင့်အခကင်းလွတ်ခွင့်ရရှိရန် ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

**ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်အားရပ်ဆိုင်းထားခြင်း**

၁၁၁။(က) ဤအခန်းပါလုပ်ပိုင်ခွင့်များအပြင် ဗဟိုဘဏ်သည် ဘဏ်၏ အကျိုးအတွက်ဖြစ်စေ၊ ငွေအပ်နှံသူများ၏ အကျိုးစီးပွားနှင့်စုဆောင်းငွေများကို ကာကွယ်ရန်ဖြစ်စေ၊ ငွေကြေးစနစ်တည်ငြိမ်ရန်ဖြစ်စေ လိုအပ်သည်ဟု ထင်မြင်လျှင် အများပြည်သူသိရှိနိုင်ရန် အောက်ပါတို့ကို ထုတ်ပြန်ကြေညာရမည် -

(၁) အမိန့်တွင် ဘဏ်၏ ဘဏ်လုပ်ငန်းအားလုံး သို့မဟုတ် အချို့အဝက်ကို လုပ်ကိုင်ခွင့် တားမြစ်ပိတ်ပင်ခြင်း၊

(၂) ဘဏ်အား ဘဏ်လုပ်ငန်းနှင့်ဆက်နွှယ်သော လုပ်ငန်းတာဝန်များအားလုံး သို့မဟုတ် အစိတ်အပိုင်းကို ဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊

(၃) ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲငယ် (၂) အရ တားမြစ်ထားသော ကာလအတွက် အကျိုးသက်ရောက်မှုရှိစေရန် ထိုတားမြစ်သည့်ကာလအတွင်း ဤဥပဒေအရ ထုတ်ပေးသည့် ဘဏ်၏ လိုင်စင်အား ရပ်ဆိုင်းထားခြင်း၊

(၄) အထက်ပါပုဒ်မခွဲများပါပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရန်အလို့ငှာ ဘဏ်၏ ပိုင်ဆိုင်ပစ္စည်းများ၊ စာအုပ်များနှင့် စာတမ်းအမှတ်အသားများကို ဗဟိုဘဏ်ကထိန်းချုပ်ကွပ်ကဲခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းအပါအဝင် မရှောင်လွှဲနိုင်သော အကျိုးသက်ရောက်မှုများ၊ နောက်ဆက်တွဲကိစ္စများအတွက် သတ်မှတ်ခြင်း။

(ခ) အခါအားလျော်စွာ ပုဒ်မခွဲ (က) အရ ထုတ်ပြန်သော အမိန့်ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း ပြုနိုင်သည်။ ထိုသို့ လက်တွေ့ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် သို့မဟုတ် တရားမျှတမှုမရှိလျှင် ပုဒ်မခွဲ (က) အရ နောက်ထပ်အမိန့်ကို ထုတ်ဆင့်နိုင်သည်။

(ဂ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် အမိန့်နှင့် ပုဒ်မခွဲ (ခ) အရ နောက်ထပ်ထုတ်ပြန်သော အမိန့်ကို ရုပ်သိမ်းနိုင်သည်။ ထို့ပြင် ဗဟိုဘဏ်သည် လိုအပ်သည်ဟု ထင်မြင်လျှင် အဆိုပါအမိန့်တွင် လိုအပ်သော ညွှန်ကြားချက် သို့မဟုတ် ဆက်နွှယ်သော နောက်ဆက်တွဲ သဘောသဘာဝရှိသည်များကို ထည့်သွင်းထုတ်ပြန်နိုင်သည်။

**အခန်း (၁၆)**

**ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဗဟိုဘဏ်အဖွဲ့အစည်းများ ပြန်လည်ထူထောင်ခြင်း**

၁၁၂။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဗဟိုဘဏ်အဖွဲ့အစည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ထူထောင်နိုင်သည်။

**အခန်း (၁၇)**

**ဘဏ်များအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ဘဏ်အားလုပ်ငန်းဆောင်ရွက်ခြင်းမှဆန္ဒအလျောက် ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် ကြိုတင်အတည်ပြုချက်**

၁၁၃။(က) ဗဟိုဘဏ်၏ စာဖြင့်ရေးသားထားသော အတည်ပြုချက်မရှိဘဲ ဘဏ်တစ်ခု၊ လက်ရှိ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်တစ်ခုအား ဆန္ဒအလျောက်ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် မည်သူမျှသက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားခွင့် မရှိစေရ။

(ခ) အောက်ပါအချက်များအား ကျေနပ်မှုမရှိလျှင် ပုဒ်မခွဲ (က) အရ အတည်ပြုချက်အား ဗဟိုဘဏ်က ခွင့်မပြုရ-

(၁) စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်က ကြွေးမြီများအားလုံးကို ပြန်လည်ပေးဆပ်နိုင်စွမ်းရှိပြီး ငွေအပ်နှံသူများနှင့် မြီရှင်များသို့ နှောင့်နှေးမှုမရှိဘဲ ပြန်လည်ပေးဆပ်နိုင်ခြင်း၊

(၂) ဘဏ်လုပ်ငန်း အစုရှယ်ယာရှင်များ၏ အစည်းအဝေးတစ်ခုတွင် မဲပေးပိုင်ခွင့်ရှိသော ရှယ်ယာပိုင်ရှင်များ၏ လေးပုံသုံးပုံထက်မနည်း ကိုယ်စားပြုထားသည့် သဘောတူညီချက်တစ်ခုအရ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်အား ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား အတည်ပြုပြီးဖြစ်ခြင်း။

(ဂ) အစိုးရအဖွဲ့၏ အတည်ပြုချက်မပါဘဲ ပြည်တွင်းလိုင်စင်ရ နိုင်ငံတော်ပိုင် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုအား ရပ်စဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကို နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံအုပ်ချုပ်သူက စာဖြင့် ရေးသားထားသည့် တောင်းဆိုချက်မပါဘဲ နိုင်ငံတော်အတွင်း ပြည်ပငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ ဌာနခွဲအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း။

**ဆန္ဒအလျောက် ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် စည်းကမ်းချက်များ**

၁၁၄။(က) ပုဒ်မ ၁၁၃၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ အရ အတည်ပြုချက်တစ်ခုအား ဗဟိုဘဏ်မှ ခွင့်မပြုသေးမီ အဆိုပါဆန္ဒအလျောက်လုပ်ငန်းရပ်စဲမည့် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် အောက်ပါတို့ကို ပြီးစီးအောင် ဆောင်ရွက်ရမည်-

(၁) ဘဏ်တွင် အပ်နှံထားသည့်ငွေများကို ငွေအပ်နှံသူများသို့ ပြန်လည်ထုတ်ပေးပြီး ဖြစ်ရမည်။

(၂) ဤဥပဒေအရ ပေါ်ပေါက်သည့်ငွေရေးကြေးရေးပေးရန်တာဝန်များနှင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများအားလုံးကို ပြန်လည်ပေးဆပ်ပြီးဖြစ်ကြောင်းနှင့် ယင်း၏ ယုံမှတ်အပ်နှံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အရ ၎င်းထံတွင်ရှိသည့် ငွေနှင့်အခြားပစ္စည်းများအားလုံးကို ပြန်လည်ပေးအပ်ပြီး ဖြစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လိုအပ်ချက်များအပြင် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်သည်-

(၁) ဆောင်ရွက်နေဆဲ လုပ်ငန်းအားလုံးအား ဖျက်သိမ်းပြီးဖြစ်ရမည်။

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရန်ဖြစ်သည့် ဆောင်ရွက်ဆဲစီးပွားရေးလုပ်ငန်းများ အားလုံးအား ဖျက်သိမ်းပြီး အစီအစဉ်တကျ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်မှုရှိစေမည့် လိုအပ်သည့် အခွင့်အာဏာကိုသာလျှင် ကျင့်သုံးရမည်။

**စာမျက်နှာ ၃ သို့**

**»»» စာမျက်နှာ ၁ မှ**

နားလည်သဘောပေါက်ရန်နှင့်ပုံဖြင့်ဖြေဆိုရမည့် မေးခွန်းများအတွက်လည်း ခဲတံဖြင့်ရေးဆွဲပြီး အညွှန်းပြည့်စုံစွာတပ်သင့်ပါသည်။ စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိက (၃)ချက်ပဲ ဖြစ်ပါတယ်။

**အကြံပြုတင်ပြချက်**

ကျောင်းသားများ ခုံနံပါတ်ကို(မြို့နယ်သင်္ကေတအပါအဝင်) မှန်ကန်စွာနှင့်ပီပီပြင်ပြင်ရေးသားရန် လိုအပ်ပါသည်။

ကျောင်းသားအချို့သည် မေးခွန်းနံပါတ်များကို မှန်ကန်စွာတပ်၍ ဖြေဆိုနိုင်ခြင်းမရှိသည့်အပြင် အချို့အဖြေလွှာများတွင် ၎င်းတို့ဖြေဆိုသော အဖြေ၏နံပါတ်များ ရေးသားထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

အညွှန်းတပ်ရန်မေးသောမေးခွန်းများအတွက် သက်ဆိုင်ရာနံပါတ်နှင့်ကိုက်ညီသော အဖြေမှန်များကို သေချာစွာစစ်ဆေးရပါမည်။

ဖြေဆိုထားသော အပုဒ်အရေအတွက်များသည် မေးမြန်းထားသည့် အပုဒ်များနှင့်ကိုက်ညီမှု ရှိ၊ မရှိကို ပြန်လည်စစ်ဆေးရန်လိုအပ်ပါသည်။

စာဖြေရာတွင် တတ်နိုင်သမျှ မင်ကိုတစ်ရောင်တည်း၊ ဘောပင်အမျိုးအစား တစ်မျိုးတည်းသာ သုံးသင့်ပါသည်။

ကျောင်းသား ကျောင်းသူများအားလုံး စာမေးပွဲမှာ ထူးချွန်စွာဖြေဆိုအောင်မြင်ပါစေ။

**ဒေါက်တာမဥ္ဇူမင်း**
**ပါမောက္ခ(ဌာနမှူး)**
**သတ္တဗေဒ၊ ရန်ကုန်တက္ကသိုလ်**

စာမျက်နှာ ၂ မှ

(ဂ) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်နှင့် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စီမံချက်အပါအဝင် အခြားသော သတင်းအချက်အလက်များကို တောင်းဆိုနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) ပါလိုအပ်ချက်များကို ဖြည့်ဆည်းပြီး ဖြစ်ကြောင်း သေချာမှုရှိစေရန်အတွက် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်တို့ထံသို့ ညွှန်ကြားချက်ထုတ်ပြန်နိုင်သည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်တစ်ခုသည် ပုဒ်မ ၁၁၃ နှင့် ဤပုဒ်မပါ လိုအပ်ချက်များအား မဖြည့်ဆည်းနိုင်လျှင် ဗဟိုဘဏ်သည် ဤဥပဒေ ပုဒ်မ ၉၇ အရ အုပ်ချုပ်သူတစ်ဦးအား ခန့်အပ်ရမည်။

**မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အကြောင်းကြားခြင်း**

၁၁၅။(က) စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် ဖျက်သိမ်းခြင်း သို့မဟုတ် မိမိဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းတို့အတွက် အောက်ပါအတိုင်း အကြောင်းကြားစာပေးပို့ရမည် -

(၁) ဗဟိုဘဏ်မှ ပုဒ်မ ၁၁၃ အရ အတည်ပြုချက် လက်ခံရရှိပြီး ၁၄ ရက်အတွင်း ကုမ္ပဏီမှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရန်၊

(၂) ငွေအပ်နှံသူများအားလုံးနှင့် အခြားမြီရှင်များအပြင် အခြားနည်းအားဖြင့် ဘဏ်တွင် ယုံမှတ်အပ်နှံထားသည့်ငွေနှင့် အခြားပစ္စည်းများကို ပြန်လည်လက်ခံရယူရမည့်သူများ၊ လုံခြုံမှုအရ အပ်နှံထားသည့်သေတ္တာကို ငှားရမ်းထားသူများ သို့မဟုတ် ယုံမှတ်အပ်နှံထားသူများထံသို့ ပေးပို့ရန်၊

(၃) ဘဏ်မှ ငွေချေးယူထားသော မြီစားများကို မိမိတို့၏ ချေးယူငွေများအား အမြန်ဆုံးပြန်ဆပ်နိုင်ရေး အကြောင်းကြားစာ ပေးပို့ရန်၊

(၄) နိုင်ငံတော်အတွင်း အများပြည်သူသိရှိနိုင်ရန် သတင်းစာတွင် တစ်ကြိမ် ထုတ်ပြန်ကြေညာရမည်။

(၅) ဘဏ်လုပ်ငန်း အဓိကနေရာနှင့် အခြားရုံးများရှိ အများမြင်သာသည့်နေရာတွင် ကြေညာထားရန်၊

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းသည့် အကြောင်းကြားစာတွင်ပါရှိရမည့် သတင်းအချက်အလက်များကို ဗဟိုဘဏ်က သတ်မှတ်ပေးရမည်။

(ဂ) ဗဟိုဘဏ်သည် အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်က ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပုဂ္ဂိုလ်တစ်ဦးဦးထံ အကြောင်းကြားစာ ပေးပို့ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(၁) ထိုသို့ ပြုလုပ်ရန် လက်တွေ့မကျကြောင်း၊

(၂) ထိုပုဂ္ဂိုလ်သည် ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အခြားသောနည်းဖြင့် လုံလောက်သည့် သတိပေးစာ ရရှိပြီးဖြစ်ကြောင်း။

**မြီရှင်များ၏အခွင့်အရေးများ**

၁၁၆။(က) ဖျက်သိမ်းခြင်း သို့မဟုတ် ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား စတင်ရန် အတည်ပြုချက်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်တစ်ခု၏ ငွေအပ်နှံသူ သို့မဟုတ် အခြားသော မြီရှင်သို့ ပေးချေရမည့် တောင်းခံမှုများအားလုံးအား တောင်းခံခွင့်များ သို့မဟုတ် ဘဏ်တွင် ထိန်းသိမ်းထားသည့် ငွေ သို့မဟုတ် အခြားပစ္စည်း ပိုင်ရှင်၏ လုပ်ပိုင်ခွင့်များအား ထိခိုက်နစ်နာစေခြင်း မရှိစေရ။

(ခ) ဥပဒေနှင့်အညီ တောင်းခံမှုများအား ချက်ချင်းပေးရမည်ဖြစ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်က ထိန်းသိမ်းထားသည့် ငွေ သို့မဟုတ် အခြားပစ္စည်းများအား ဗဟိုဘဏ်က သတ်မှတ်ပေးသည့် အမြင့်ဆုံးကာလအတွင်း ပိုင်ဆိုင်ခွင့်ရှိသူပိုင်ရှင်ထံ ပြန်လည်ပေးရမည်။

**လိုင်စင်အား ဖျက်သိမ်းခြင်းနှင့် ရရန်ပိုင်ခွင့်များအား ခွဲဝေခြင်း**

၁၁၇။(က) ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြီးစီးပါက အဆိုပါ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်သည် စာရင်းစစ်ဆေးပြီး ရှင်းတမ်းတစ်ခုနှင့် ပြင်ပစာရင်းစစ်၏ ထင်မြင်ချက်ပါဝင်သော အတည်ပြုပြီး ဘဏ်ကလက်ခံသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီရင်ခံစာတစ်စောင်ကိုပြင်ဆင်၍ ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြထားသည့် စာရင်းစစ် ထင်မြင်ယူဆချက်တွင် အောက်ပါတို့ပါဝင်ရမည် -

(၁) စာရင်းများသည် ပြည့်စုံမှန်ကန်စွာရေးဆွဲပြုစုထားကြောင်း၊

(၂) ဖျက်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီရင်ခံစာသည် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်၏ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ပြည့်စုံမျှတ၍ သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း၊

(၃) ပြင်ပစာရင်းစစ်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်ထံမှ သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက်တောင်းခံရာတွင် လက်ခံရရှိသည့် သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက်များသည် တိကျမှန်ကန်စွာ ဖော်ပြထားကြောင်း၊

(၄) ဖျက်သိမ်းခြင်းနှင့် ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဗဟိုဘဏ်၏ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း။

(ဂ) လက်ရှိစာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်က ပုဒ်မ ၁၁၄ တွင် ရည်ညွှန်းထားသည့်အတိုင်း ၎င်း၏ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် တာဝန်များအားလုံးကို ပုဒ်မခွဲ (က) အရ တင်ပြရမည့် အထောက်အထားများအပေါ် အခြေခံထားသည်ဟု ဗဟိုဘဏ်က ယူဆလျှင် -

(၁) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်၏ လိုင်စင်အား ဖျက်သိမ်း၍ ဤဥပဒေပုဒ်မ ၁၁၅ ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဖျက်သိမ်းမှုအား အကြောင်းကြားရမည်။

(၂) ဘဏ်သည် ရရန်ပိုင်ခွင့်အမှန်ရှိသော ပိုင်ရှင်များအား ၎င်းတို့၏ ရရန်ပိုင်ခွင့်များကို ၎င်းတို့ရရှိရမည့် အချိုးအတိုင်း ခွဲဝေပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်သည် အောက်ဖော်ပြပါကိစ္စရပ်များ မဆောင်ရွက်မီ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၂) အရ ခွဲဝေမှုများကိုမပြုလုပ်ရ-

(၁) တရားရုံးကဆုံးဖြတ်သတ်မှတ်ချက်အရ ပေးချေရမည့် သို့မဟုတ် ပြန်လည်ပေးရမည့်ငွေများ သို့မဟုတ် အခြားပစ္စည်းများနှင့်စပ်လျဉ်း၍ အငြင်းပွားနေသည့် တောင်းခံမှုများကို ဖြည့်ဆည်းရန် လုံလောက်သော ငွေကြေးအား ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ခြင်း၊

(၂) ငွေအပ်နှံသူများအားလုံး၊ အခြားမြီရှင်များ သို့မဟုတ် ရန်ပုံငွေများတောင်းခံခြင်း မပြုရသေးသည့်ပုဂ္ဂိုလ်များအား ပေးရန်ရှိသည့် ရန်ပုံငွေများကိုပေးရန် ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ခြင်း၊

(၃) ပုဒ်မ ၁၅၂ ကို လိုက်နာဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်က ထိန်းသိမ်းထားသည့် ငွေများနှင့် အခြားပစ္စည်းများကို ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ အဆိုပါပုဂ္ဂိုလ်များသို့ ခွဲဝေနိုင်မှုမရှိခြင်း။

(င) ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်၏ ရရန်ပိုင်ခွင့်များမှ ကုန်ကျစရိတ်၊ တောင်းခံငွေနှင့် အသုံးစရိတ်အားလုံး ဦးစားပေး ပေးချေရမည်။

(စ) ပုဒ်မခွဲ (က) အရ တင်ပြထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီရင်ခံစာနှင့် စာရင်းစစ်ထားသည့် စာရင်းရှင်းတမ်းများ အတွက် အတည်ပြုကြောင်း သတိပေးစာတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်ထံမှ လက်ခံရရှိသောအခါ စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်သည် ယင်းသတိပေးစာအား အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဆ) ပုဒ်မခွဲ (စ) အရ ထိုကဲ့သို့ အတည်ပြုသတိပေးစာအား ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီများ၏ မှတ်ပုံတင်အရာရှိထံတွင် ကုမ္ပဏီအမည်အားစာရင်းမှ ပယ်ဖျက်ရမည်။

(ဇ) ပုဒ်မခွဲ (စ) အရ သတိပေးစာထုတ်ပြန်သည့်အချိန်မှစ၍ ဘဏ်သည် တရားဝင်ဖျက်သိမ်းပြီး ဖြစ်ရမည်။

(ဈ) ပုဒ်မခွဲ (ဆ) အရ ဘဏ်တစ်ခုအား ဖျက်သိမ်းခြင်းသည် ဘဏ်၏ ပိုင်ရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အခြားသော အရာရှိတစ်ဦးဦးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သို့မဟုတ် ဤဥပဒေအရပေးရန် တာဝန်ရှိသည်များ အပေါ် အကျိုးသက်ရောက်မှုမရှိစေရ။ သို့ရာတွင် အဆိုပါပေးရန် တာဝန်ကို ဘဏ်အား တရားဝင်ဖျက်သိမ်းမှု မပြုရသေးသကဲ့သို့ ဆက်လက်အကျိုးသက်ရောက်မှု ရှိစေရမည်။

**မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၁၁၈။ဗဟိုဘဏ်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် ဘဏ်တစ်ခုခုအား မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်ရမည်-

(က) ဘဏ်သည် ပေးချေရန် အချိန်စေ့ရောက်သည့် ငွေရေးကြေးရေး ပေးရန်တာဝန်များကို ပြန်လည်မပေးဆပ်နိုင်ခြင်း၊

(ခ) ဘဏ်လုပ်ငန်း၏ မတည်ငွေရင်းသည် ဤဥပဒေအရ ဘဏ်က ထိန်းသိမ်းထားရှိရသည့် အနည်းဆုံးမတည်ငွေရင်း၏ ထက်ဝက်အောက် လျော့နည်းနေသည်ဟု ဗဟိုဘဏ်ကသတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဂ) ဘဏ်၏ ရရန်ပိုင်ခွင့်တန်ဖိုးသည် ကြွေးမြီတန်ဖိုးအောက်လျော့နည်းနေခြင်း သို့မဟုတ် ဘဏ်သည် ကြွေးမြီပေးဆပ်နိုင်စွမ်းမရှိဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဃ) ပုဒ်မ ၉၇ အရ ခန့်ထားသည့်အုပ်ချုပ်သူက ဘဏ်အား စာရင်းရှင်းလင်းဖျက်သိမ်းရန် အကြံပြုခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များတွင် ဘဏ်ပိုင်ဆိုင်သူများ၏ကိုယ်စားလှယ်**

၁၁၉။စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များတွင် ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်အဖြစ် အောက်ဖော်ပြပါပုဂ္ဂိုလ်များက ဆောင်ရွက်နိုင်သည်-

(က) နိုင်ငံပိုင်ဘဏ်မဟုတ်သည့် ပြည်တွင်းဘဏ်တစ်ခုအတွက် ဘဏ်ပိုင်ဆိုင်သူများက ၎င်းတို့၏ကိုယ်စားလှယ်အဖြစ် အခြားပုဂ္ဂိုလ်တစ်ဦးအား ခန့်အပ်ထားခြင်းမရှိပါက ဘဏ်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌရာထူးအား လက်ရှိဆောင်ရွက်နေသူ သို့မဟုတ် ၎င်းက အခွင့်အာဏာအပ်နှင်းထားသည့် ကိုယ်စားလှယ်၊

(ခ) နိုင်ငံပိုင်ဘဏ်တစ်ခုအတွက် အစိုးရအဖွဲ့ သို့မဟုတ် ၎င်းဘဏ်က အခွင့်အာဏာအပ်နှင်းခြင်းခံရသူ၊

(ဂ) နိုင်ငံခြားဘဏ်တစ်ခု၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲတစ်ခုအတွက် နိုင်ငံခြားဘဏ်၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ၎င်း၏လက်ထောက်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန်အတွက် လျှောက်ထားခြင်း**

၁၂၀။ ဗဟိုဘဏ်သည် ဘဏ်အား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ရန် အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

**လျှောက်ထားခြင်းအားပယ်ချခြင်း**

၁၂၁။ ဘဏ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား လျှောက်ထားသည့်စာသည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က ပယ်ချနိုင်သည်-

(က) ပုဒ်မ ၁၁၈၊ ပုဒ်မခွဲ (က) နှင့်သက်ဆိုင်သည့် အကြောင်းအချက်များ မပါရှိခြင်း၊

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန် လိုအပ်သောအထောက်အထားများ လျှောက်လွှာတွင် ပူးတွဲတင်ပြမှုမရှိခြင်း၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာတမ်းအမှတ်အသား သို့မဟုတ် အထောက်အထားသည် မှားယွင်းကြောင်းထင်ရှားခြင်း သို့မဟုတ် တိကျခိုင်မာမှုမရှိခြင်းနှင့်ဥပဒေအရ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် အထောက်အထားနှင့် စာတမ်းအမှတ်အသားများ လျှောက်လွှာတွင် ပူးတွဲမပါရှိခြင်း၊

(ဃ) ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်သည် ဗဟိုဘဏ်၏ သဘောတူညီချက်ဖြင့် လုံလောက်သော ငွေကြေးရန်ပုံငွေကိုဘဏ်အနေဖြင့် မတည်ရင်းနှီးငွေအဖြစ် ချက်ချင်းရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြနိုင်ခြင်း၊

(င) လျှောက်လွှာသည် နိုင်ငံတော်အစိုးရပိုင် ပြည်တွင်းဘဏ်တစ်ခုအတွက်ဖြစ်ပါက ဘဏ်၏ပေးရန်တာဝန်များအားလုံးကို ပေးချေမည်ဖြစ်ကြောင်း စာဖြင့်ရေးသားထားသည့် အာမခံစာကို တင်ပြခြင်း၊

(စ) လျှောက်လွှာသည် ဥပဒေ၏ အခြားသောလိုအပ်ချက်တစ်ရပ်ရပ်ကို မဖြည့်ဆည်းနိုင်ခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိခန့်အပ်ခြင်း**

၁၂၂။ ဘဏ်တစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ဗဟိုဘဏ်ကိုဖြစ်စေ၊ ဗဟိုဘဏ်က အမည်စာရင်းပေးသည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များကိုဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရမည်။

**ညှိနှိုင်းထားသည့် စာရင်းရှင်းလင်းခြင်း**

၁၂၃။(က) ဘဏ်အား စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဗဟိုဘဏ်၏ ကြိုတင်သဘောတူညီချက်ရယူ၍ ဘဏ်၏မြီစား၊ မြီရှင်တစ်ဦးဦး၏ တောင်းဆိုလွှာများ အပေါ်တွင် ညှိနှိုင်းထားသည့် စာရင်းရှင်းလင်းခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်သည်။

(ခ) စာရင်းရှင်းလင်းချက်များကို ဆန့်ကျင်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အယူခံဝင်ခြင်းများအရ မဖြစ်စေရ။

**ဦးစားပေးရမည့်ပေးချေမှုများ**

၁၂၄။ ဘဏ်၏ရရန်ပိုင်ခွင့်များကို အောက်ပါဦးစားပေးအစီအစဉ်အရ မြီရှင်များအကြား ခွဲဝေပေးရမည်-

(က) အာမခံဖြင့်ကြွေးမြီများ၊

(ခ) လူမွဲစာရင်းခံယူရာတွင် ကုန်ကျငွေနှင့်စရိတ်အားလုံး၊

(ဂ) ကြွေးမြီသက်သေခံလက်မှတ်များပုံစံဖြင့်မဟုတ်ဘဲ အပ်နှံငွေနှင့် ပတ်သက်၍ တောင်းခံမှုများ၊

(ဃ) စီမံခန့်ခွဲခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ဗဟိုဘဏ်သို့ ပေးရန်ရှိသော ပေးရန်တာဝန်များစာရင်းအရ ဘဏ်၏ ပေးရန်တာဝန်များ၊

(င) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအဆုံးအဖြတ်မတိုင်မီ တစ်နှစ်ထက် မပိုသော အချိန်ကာလတစ်ခုထိ ပေးရန်ရှိသော နိုင်ငံတော်နှင့် ပြည်တွင်းအခွန်အခများ၊

(စ) ဒါရိုက်တာအဖွဲ့ဝင်များ၏ လစာငွေများမပါဝင်ဘဲ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ကိစ္စရပ်ပြုလုပ်ရန် အဆုံးအဖြတ်ပေးသောနေ့အထိ ပေးရန်ရှိသော ဘဏ်၏ဝန်ထမ်းများသို့ ပေးရန်လစာငွေများ၊

(ဆ) အာမခံမဲ့မြီရှင်များ၏ တောင်းခံငွေများ၊

(ဇ) ပုဒ်မခွဲ (က) မှ (စ) တွင် မပါဝင်သော အခြားတောင်းခံငွေများ။

**နယ်စပ်ဖြတ်ကျော် ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိခြင်း**

၁၂၅။(က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို နယ်စပ်ဖြတ်ကျော် ဆောင်ရွက်ရာတွင် ဘဏ်၏ရရန်ပိုင်ခွင့်စုစုပေါင်းကို ပြည်တွင်းနေထိုင်သူနှင့် ပြည်တွင်းနေထိုင်သူမဟုတ်သူ မြီရှင်များ တန်းတူအခွင့်အရေး ရရှိအောင် ဆောင်ရွက်ရန်အလို့ငှာ -

(၁) စာရင်းရှင်းလင်းဖျက်သိမ်းသည့်ဘဏ်သည် နိုင်ငံခြားတိုင်းပြည်တွင် လုပ်ငန်းခွဲရှိလျှင် ထိုနိုင်ငံရှိ အာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်ရမည်။

(၂) စာရင်းရှင်းလင်းဖျက်သိမ်းသည့် ဘဏ်၏မြီရှင်တစ်ဦးသည် နိုင်ငံခြားတိုင်းပြည်တွင် ထိုသူ၏ တောင်းခံလွှာအပေါ် တစ်စိတ်တစ်ပိုင်းပေးချေမှု ရရှိထားလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီအစဉ်လုပ်ဆောင်ရာတွင် ကျသင့်သော ကုန်ကျစရိတ်များနှင့်အတူ ပေးချေမှုအတွက် ထိုသူတောင်းခံလွှာ၏ လက်ကျန်ရှင်းတမ်းကိုတင်ပြရမည်။

(၃) မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဆောင်ရွက်သော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်မှုတွင် နိုင်ငံခြားဘဏ်ခွဲသည် နိုင်ငံခြားတွင် ကြွေးမြီများ မည်သည့်အတိုင်းအတာအထိ အပြည့်အဝပေးဆပ်နိုင်ခြင်းရှိသည်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဆုံးဖြတ်နိုင်သည်။

(၄) နိုင်ငံခြားဘဏ်ခွဲသည် ၎င်း၏လုပ်ငန်းအဓိကဆောင်ရွက်သောနိုင်ငံတွင် စာရင်းရှင်းလင်းဖျက်သိမ်းလျှင် နိုင်ငံခြားဘဏ်ခွဲအနေဖြင့် မြန်မာနိုင်ငံတွင် အပ်နှံသူများနှင့် ထိုနိုင်ငံခြားဘဏ်ခွဲ၏ မြီရှင်များအကျိုးစီးပွားအတွက် အကြံဉာဏ်များ ပေးနိုင်ပြီး မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲ၏ အဆိုပါရရန်ပိုင်ခွင့်များကို ထိုနိုင်ငံရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ နိုင်ငံခြားဘဏ်ခွဲ၏ တောင်းဆိုချက်ဖြင့် လွှဲပြောင်းရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ အခွင့်အာဏာပေးနိုင်သည်။

(ခ) နိုင်ငံခြားဘဏ်ခွဲ၏ ပြည်တွင်းနေထိုင်သူမဟုတ်သူ မြီရှင်များ၏ တောင်းခံလွှာများ၊ ပေးရန်တာဝန်များကို ခုနှိမ်ခြင်း သို့မဟုတ် အသားတင်ခြားနားခြင်း ဆောင်ရွက်နိုင်ခွင့်မရှိသကဲ့သို့ နိုင်ငံခြားဘဏ်ခွဲကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်လည်း ပါဝင်ခွင့်မပြုရ။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

(ဂ) မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ရာတွင် ၎င်းဘဏ်ခွဲကို ပိုင်ဆိုင်သည့် နိုင်ငံခြားဘဏ်ခွဲ၏ မြီရှင်များ၏ တောင်းခံလွှာများအတွက် ပြည်ပရရန်ပိုင်ခွင့်များရယူခြင်း၌ မြီရှင်များ၏အခွင့်အရေးများကို ကန့်သတ်ခြင်း မရှိစေရ။

၁၂၆။ဗဟိုဘဏ်သည် အောက်ပါတို့ကိုသတ်မှတ်နိုင်သည်-

(က) စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအတွက် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်နှင့်စည်းမျဉ်းစည်းကမ်းများ၊

(ဂ) နောက်ဆုံး ငွေပေးချေခြင်း၊ ရှင်းလင်းခြင်းနှင့် ညှိနှိုင်းဖြေရှင်းခြင်းစနစ်များ၊

(ဃ) ခုနှိမ်ခြင်းနှင့် အသားတင်ခြားနားခြင်း လုပ်ငန်းစဉ်များ၊

(င) ဖြန့်ဝေခြင်းအတွက်လုပ်ငန်းစဉ်များ၊

(စ) နိုင်ငံခြားဘဏ်ခွဲနှင့်သက်ဆိုင်သည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်၊

(ဆ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိုရပ်စဲခြင်း။

၁၂၇။(က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် ကုမ္ပဏီများ လူမွဲခံယူခြင်းနှင့်သက်ဆိုင်သော အခြားဥပဒေ၏ ပြဋ္ဌာန်းချက်များသည် ဤအခန်းတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိလျှင် ဘဏ်တစ်ခုအား အကျိုးသက်ရောက်ခြင်းမရှိစေရ။

(ခ) ဘဏ်တစ်ခုအတွက် အပြီးသတ်အမိန့် သို့မဟုတ် ထိန်းသိမ်းသူခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် မည်သည့်အသနားခံစာကိုမဆိုစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကသာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားတင်ပြရမည်။

## အခန်း (၁၈)
## အီလက်ထရောနစ် ငွေကြေး၊ အီလက်ထရောနစ် ဘဏ်လုပ်ငန်းနှင့် မိုဘိုင်းဘဏ်လုပ်ငန်း

၁၂၈။အီလက်ထရောနစ်ငွေကြေး ဆိုသည်မှာ အောက်ပါနည်းလမ်းတစ်ရပ်ရပ်အရ ကတ်ထုတ်ဝေသူအပေါ် တောင်းခံနိုင်သည့် ငွေကြေးတန်ဖိုးကိုဆိုသည်-

(က) ကတ်တစ်ခုခုအပါအဝင် ငွေကြေးတန်ဖိုး သိုမှီးထားသော အီလက်ထရောနစ် ကိရိယာ၊

(ခ) လက်ခံရရှိသည့် ငွေကြေးတန်ဖိုးထက်မပိုသည့် ထုတ်ပေးရန်ငွေပမာဏ၊

(ဂ) ကတ်ထုတ်ဝေသူအပါအဝင် အခြားပုဂ္ဂိုလ်များက ငွေပေးချေမှုနည်းလမ်းအဖြစ် လက်ခံခြင်း။

### အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ထုတ်ဝေခြင်းနှင့်ဆိုင်သောကန့်သတ်ချက်များ

၁၂၉။(က) မည်သူမျှ အောက်ပါအချက်တစ်ရပ်ရပ်နှင့် မကိုက်ညီလျှင် အီလက်ထရောနစ် ငွေကြေးကို ဖြစ်စေ၊ ချေးငွေတိုကင်ကိုဖြစ်စေ အများပြည်သူသို့ ထုတ်ပေးခြင်းမပြုရ -

(၁) ဘဏ်တစ်ခုခုဖြစ်ခြင်း၊ သို့မဟုတ်

(၂) ၎င်း၏ရည်ရွယ်ချက်အတွက် ဗဟိုဘဏ်က မှတ်ပုံတင်ပြုလုပ်ပေးထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုဖြစ်ခြင်း။

(ခ) အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်အတွက် သုံးစွဲနိုင်သည့်ကာလနှင့် ၎င်းကို မည်သို့ပြန်လည်ပေးဆပ်မည်ဟူသော စည်းကမ်းသတ်မှတ်ချက်များပါရှိသည့် အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ထုတ်ပေးသူနှင့် လက်ခံသူတို့အကြား ချုပ်ဆိုထားသည့် သဘောတူညီချက်အရ အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ကို ထုတ်ဝေနိုင်သည်။

### အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ကို ကြပ်မတ်ကွပ်ကဲခြင်း

၁၃၀။ဗဟိုဘဏ်သည် -

(က) ပုဂ္ဂိုလ်တစ်ဦးက အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ကို အများပြည်သူထံ ထုတ်ပေးခြင်းမပြုနိုင်မီ ဗဟိုဘဏ်ထံတွင် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် စည်းကမ်းချက်များ၊ လိုအပ်ချက်များနှင့် ဗဟိုဘဏ်က ယင်းမှတ်ပုံတင်ကို ဖျက်သိမ်းရမည့် သို့မဟုတ် ဖျက်သိမ်းနိုင်သည့် အခြေအနေကို သတ်မှတ်နိုင်သည်။

(ခ) အီလက်ထရောနစ် ငွေကြေးအသုံးပြုသူများ၏ ငွေကြေးလုံခြုံရေး၊ စာရင်းရေးသွင်းချက်နှင့်သတင်းပေးပို့ချက်များ အပါအဝင် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်နိုင်သည်။

(ဂ) အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ကို ထုတ်ပေး၊ လက်ခံအသုံးပြုသည့် ပုဂ္ဂိုလ်များအကြား စာချုပ်စည်းကမ်းချက်များ၊ အစီအစဉ်များနှင့် ငွေပေးချေမှု လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) အီလက်ထရောနစ် ငွေကြေးလုပ်ငန်းကို စစ်ဆေးမှုလွယ်ကူစေရန် အီလက်ထရောနစ် ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ထုတ်ဝေသူများအပေါ် စည်းမျဉ်းများ သတ်မှတ်နိုင်သည်။

၁၃၁။အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ထုတ်ဝေသူတစ်ဦးဦးသည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်ကိုသော်လည်းကောင်း၊ ဤဥပဒေပုဒ်မတစ်ခုခုအရ ထုတ်ပြန်သည့် စည်းမျဉ်းများကို သော်လည်းကောင်း ချိုးဖောက်လျှင် ဤဥပဒေအရ ပြစ်မှုမြောက်သည်။

### အီလက်ထရောနစ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ

၁၃၂။(က) ဗဟိုဘဏ်သည် နိုင်ငံတော်တွင် အင်တာနက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၊ မိုဘိုင်း ဘဏ်လုပ်ငန်းနှင့်အခြားအီလက်ထရောနစ် ဘဏ်လုပ်ငန်းများပါဝင်သော အီလက်ထရောနစ် ဘဏ်ဝန်ဆောင်မှုများအတွက် စနစ်များနှင့်လုပ်ထုံးလုပ်နည်းများ တည်ထောင်ဖွဲ့စည်းရေးအတွက် ခွင့်ပြုပေးနိုင်သည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါတို့အတွက် လိုအပ်သောစည်းမျဉ်းများနှင့် လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည် -

(၁) ငွေရေးကြေးရေးဈေးကွက်တည်ငြိမ်မှုကို အန္တရာယ်ရှိစေနိုင်သော သို့မဟုတ် ငွေပေးချေမှုစနစ်တွင် ယုံကြည်မှုလျော့နည်းစေနိုင်သည့် စနစ်ဆိုင်ရာဆုံးရှုံးနိုင်ခြေများနှင့် အခြားဆုံးရှုံးနိုင်ခြေများကို လျော့နည်းပပျောက်စေရန်၊

(၂) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများအား ၎င်းတို့၏အခွင့်အရေးနှင့်တာဝန်များကို ပညာပေးရေးနှင့် အကာအကွယ်ပေးရေးအတွက် အဖွဲ့အစည်းများအား အားပေး တိုက်တွန်းရန်၊

(၃) အသုံးပြုသူများနှင့် စီးပွားရေးလုပ်ငန်းများထံ အီလက်ထရောနစ်ဝန်ဆောင်မှုများမှတစ်ဆင့် ထိရောက်ပြီး ဆုံးရှုံးနိုင်ခြေ နည်းပါးသည့် ငွေပေးချေမှုနှင့် ငွေကြေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၄) အဖွဲ့အစည်းများသည် အီလက်ထရောနစ် ဘဏ်ဝန်ဆောင်မှုများဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်စေရန်၊

(၅) အီလက်ထရောနစ် ဘဏ်ဝန်ဆောင်မှုများ ဖွဲ့စည်းတည်ထောင်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့် လုပ်ငန်းစဉ်များသတ်မှတ်ရန်။

## အခန်း (၁၉)
## ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်ကို ကြီးကြပ်ထိန်းကျောင်းခြင်း

### ငွေပေးချေမှုစနစ်မူဝါဒ

၁၃၃။(က) ဗဟိုဘဏ်သည် နိုင်ငံတော်၏ငွေပေးချေမှု မူဝါဒအကောင်အထည်ဖော်ရေးကို စနစ်တကျ စီစဉ်ဖော်ထုတ်ခွင့်၊ ချမှတ်ကျင့်သုံးခွင့်နှင့် စောင့်ကြပ်ကြည့်ရှုခွင့် လုပ်ပိုင်ခွင့်များရှိသည်။

(ခ) လုံခြုံမှုနှင့်ထိရောက်မှုရှိသော ငွေပေးချေမှုစနစ် တိုးမြှင့်ဆောင်ရွက်ရေးတွင် ဗဟိုဘဏ်သည် အခြားနိုင်ငံများ၏ ဗဟိုဘဏ်များနှင့် ဖြစ်စေ၊ အဆင့်တူအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်ရာ ပြည်တွင်း ပြည်ပအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ရမည်။

### ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်များ

၁၃၄။ဗဟိုဘဏ်သည် အောက်ပါတို့ကိုဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ရှိသည် -

(က) ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်များကို စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်ရန်၊

(ခ) ဗဟိုဘဏ်တွင် ထိန်းသိမ်းထားသော ငွေချေးသက်သေခံလက်မှတ်စာရင်းများရှိ ငွေချေးသက်သေခံလက်မှတ်များအား စာရင်းရှင်းလင်းရေး ဆောင်ရွက်ရန်၊

(ဂ) အများပြည်သူထံ ငွေကြေးဝန်ဆောင်မှုပေးသူများနှင့် အခြားငွေပေးချေမှု စာချုပ်စာတမ်း ပုံစံဖြင့် ထုတ်ပေးသူများအား စည်းမျဉ်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) အီလက်ထရောနစ်နည်းဖြင့် ချက်လက်မှတ်များတင်ပြခြင်းကို ဆောင်ရွက်ပေးရန်။

၁၃၅။ဗဟိုဘဏ်သည် အောက်ပါတို့ကို တည်ထောင်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ စည်းရုံးဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် တိုးမြှင့်ခြင်းတို့ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေရန် လိုအပ်သော လုပ်ငန်းတည်ထောင်မှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ စည်းရုံးဖွဲ့စည်းမှု၊ လုပ်ငန်းမြှင့်တင်မှု၊ ပါဝင်ဆောင်ရွက်မှု သို့မဟုတ် အကူအညီပေးမှုများပြုနိုင်ပြီး လိုအပ်သော စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုနိုင်သည် -

(က) ပြည်တွင်းငွေကြေးဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ငွေပေးချေမှုများ ပြုလုပ်ခြင်း သို့မဟုတ် ငွေလဲလှယ်ခြင်းများအတွက် စာရင်းရှင်းလင်းခြင်းနှင့် ပေးချေမှုစနစ် သို့မဟုတ် အခြားအစီအစဉ်များ၊

(ခ) ငွေချေးသက်သေခံလက်မှတ်များ စာရင်းရှင်းလင်းခြင်းအတွက် စနစ်တစ်မျိုးမျိုးနှင့်ငွေချေးသက်သေခံလက်မှတ် လဲလှယ်ခြင်းအတွက် အခြားအစီအစဉ်များ၊

(ဂ) စာရင်းရှင်းလင်းခြင်းနှင့်ပေးချေမှုကို ငွေကြေးတစ်ခုမှ အခြားငွေကြေး တစ်ခုဖြင့် ပြုလုပ်ခြင်းနှင့် လဲလှယ်ခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ခြင်းကို ငွေကြေးတစ်မျိုးမှ အခြားငွေကြေးတစ်မျိုးဖြင့် ပြုလုပ်သောစနစ် သို့မဟုတ် အခြားအစီအစဉ်များ။

၁၃၆။(က) ငွေပေးချေမှုအဖြစ်အသုံးပြုသော ချက်လက်မှတ်များနှင့် အီလက်ထရောနစ်နည်းလမ်းများ အပါအဝင် အခြားနည်းလမ်းများကို စာရင်းရှင်းလင်းရန်အလို့ငှာ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စာရင်းရှင်းလင်းရေးအဖွဲ့ (clearing house) များကို လိုအပ်သည့်နေရာများတွင် ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းရေးစနစ် (clearing and settlement system) နှင့် စာရင်းရှင်းလင်းရေးအဖွဲ့များ (clearing houses) နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ဆောင်ရွက်ချက်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်သော စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်-

(၁) ဆုံးရှုံးမှုမျှဝေကျခံခြင်း (loss-sharing mechanism) အပါအဝင် ဗဟိုမှပြန်လှန် စာရင်းရှင်းလင်းသူ (Central counter - party) အဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(၂) ငွေရေးကြေးရေးရရန်ပိုင်ခွင့်များကို ထိန်းသိမ်းပေးသူအဖြစ်လည်းကောင်း သို့မဟုတ် စာရင်းရှင်းလင်းရေး ကိုယ်စားလှယ်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း သို့မဟုတ် နှစ်ခုလုံးကို ဆောင်ရွက်ခြင်း၊

(၃) စာရင်းရှင်းလင်းရေးအဖွဲ့ (clearing house) မှဖြစ်စေ၊ ပါဝင်ဆောင်ရွက်သူမှ ဖြစ်စေ၊ ဗဟိုမှ ပြန်လှန်စာရင်းရှင်းလင်းသူမှဖြစ်စေ အပ်နှံငွေများလက်ခံခြင်းနှင့် အတိုးပေးချေခြင်း၊

(၄) ပါဝင်ဆောင်ရွက်သူများအား နေ့ချင်းငွေကြေးလိုအပ်ချက်ပမာဏ ဖြည့်ဆည်းပေးခြင်း။

### စာရင်းရှင်းလင်းခြင်းသဘောတူညီချက်စာချုပ်များ၏ တရားဝင်တည်ရှိမှု

၁၃၇။ ဗဟိုဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းသည် အသားတင် ရှင်းလင်းခြင်း သဘောတူစာချုပ်တစ်ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပါက ဗဟိုဘဏ်မှဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းမှဖြစ်စေ ထိုသဘောတူစာချုပ်အား အကျိုးသက်ရောက်စေရန် ဆောင်ရွက်ရမည်။

၁၃၈။ ပေးချေခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ပံ့ပိုးသူတွင် ငွေကြေးဝန်ဆောင်မှုပံ့ပိုးပေးသူ၊ ငွေပေးချေမှု စာချုပ်စာတမ်းထုတ်ဝေသူများနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်လုပ်ငန်း ဆောင်ရွက်သူများ ပါဝင်သည်။

### စာရင်းရှင်းလင်းခြင်းဆိုင်ရာ နည်းဥပဒေများ တရားဝင်တည်ရှိမှု

၁၃၉။(က) စာရင်းရှင်းလင်းရေးအဖွဲ့ ပါဝင်ဆောင်ရွက်သူများ၊ ဗဟိုပြန်လှန်စစ်ဆေးရေးအဖွဲ့ဝင်များသည် စာရင်းရှင်းလင်းရေးစနစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာရမည်။

(ခ) ပေးချေမှုတစ်ခုအတွက် အာမခံထားသည့် အပေါင်ပစ္စည်း သို့မဟုတ် သတ်မှတ်ထားသည့် စာရင်းရှင်းလင်းရေးစနစ်တွင်ဖြစ်ပေါ်သည့် ပေးရန်တာဝန်ရှိမှုကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်သူ၊ စာရင်းရှင်းလင်းရေးအဖွဲ့၊ ဗဟိုပြန်လှန်စစ်ဆေးရေးအဖွဲ့ဝင်များ သို့မဟုတ် ဗဟိုဘဏ်၏ အခွင့်အရေးနှင့်သက်သာခွင့်များသည် လူမွဲစာရင်းခံယူခြင်း တရားစွဲဆိုခြင်းကြောင့် ထိခိုက်မှုမရှိစေရ။ ထို့ပြင် ဆိုင်းငံ့ထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အာမခံပစ္စည်းနှင့်စပ်လျဉ်း၍ မြီရှင်၏ ကျင့်သုံးနိုင်သည့် အခွင့်အရေးနှင့်သက်သာခွင့်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

### အီလက်ထရောနစ်နည်းဖြင့် ချက်လက်မှတ်များတင်ပြခြင်း

၁၄၀။(က) အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ်ဖြင့် ထုတ်ယူမည့် ငွေပေးချေမှုအတွက် ဘဏ်သို့ အီလက်ထရောနစ်နည်းလမ်းဖြင့် ချက်လက်မှတ် တင်ပြနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချက်လက်မှတ်ကို အီလက်ထရောနစ်နည်းဖြင့် တင်ပြရာတွင် ဘဏ်သည် အခြားဘဏ် သို့မဟုတ် စာရင်းရှင်းလင်းရေးအဖွဲ့အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းပံ့ပိုးသူ တတိယပုဂ္ဂိုလ်မှတစ်ဆင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။ ယင်းဝန်ဆောင်မှုပေးသူကို ဘဏ်၏ ကိုယ်စားလှယ်အဖြစ် မှတ်ယူရမည်။

(ဂ) ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ်ကို တရားရုံး တစ်ရုံးရုံးတွင် တင်ပြသည့် ချက်လက်မှတ်စာရွက်နှင့် တူညီသည်ဟုအသိအမှတ်ပြု လက်ခံရမည်။

(ဃ) ရန်ပုံငွေလွှဲပြောင်းခြင်းကို ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့်ချက်လက်မှတ် (truncated cheque) ဖြင့် တစ်ကြိမ်အစားထိုး ပြီးလျှင် မူရင်းချက်လက်မှတ်ကို ထပ်မံ၍ လွှဲပြောင်းခြင်းမပြုနိုင်။

၁၄၁။ ဗဟိုဘဏ်သည် ငြင်းပယ်သည့် ချက်လက်မှတ်များ၊ ချက်လက်မှတ်ပုံရိပ်နှင့် ကိုင်တွယ်၍ ရသည့် ချက်လက်မှတ်ကို ဆက်လက်ထိန်းသိမ်းထားခြင်း၊ အီလက်ထရောနစ်တင်ပြခြင်းနှင့်စပ်လျဉ်းသည့်စနစ်များနှင့် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုအပ်သလို သတ်မှတ်နိုင်သည်။

## အခန်း (၂၀)
## ချေးငွေဆိုင်ရာ သတင်းအချက်အလက်
## ချေးငွေသတင်းအချက်အလက်ဌာနနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏လုပ်ပိုင်ခွင့်

၁၄၂။(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၇၅ အပြင် ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ချေးငွေဆိုင်ရာ သတင်းအချက်အလက်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်။

(ခ) ဗဟိုဘဏ်သည် နိုင်ငံတော်ရှိ ဘဏ်အားလုံး၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူများ၏ ချေးငွေပြန်လည်ပေးဆပ်မှု မှတ်တမ်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ စုဆောင်းပြီး ပြန်လည်ဖြန့်ဖြူးပေးသည့် ချေးငွေ သတင်းအချက်အလက်ဌာနတစ်ခုကို တည်ထောင်ခြင်း ဖြစ်စေ၊ တည်ထောင်ခွင့်ကိုဖြစ်စေ ပြုနိုင်သည်။

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

(ဂ) ဗဟိုဘဏ်သည် ငွေချေးပေးရန် ထိုက်တန်သူဖြစ်ကြောင်း ရည်ညွှန်းပေးသည့် စနစ်အရ လိုအပ်သည့် သတင်းအချက်အလက်များကို အစီရင်ခံတင်ပြရန် ချေးငွေထုတ်ချေးသည့် လုပ်ငန်းဆောင်ရွက်နေသည့် ချေးငွေအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အခြားအဖွဲ့အစည်း တစ်ရပ်ရပ်တို့အား ညွှန်ကြားနိုင်သည်။

(ဃ) ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများသည် ချေးငွေသတင်းအချက်အလက်ဌာနသို့ တင်ပြသော သတင်းအချက်အလက်များ မှန်ကန်မှုရှိစေရန် ဆောင်ရွက်ရမည်။

**ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနများအား ကြပ်မတ်ကွပ်ကဲခြင်း**

၁၄၃။(က) ဗဟိုဘဏ်သည် ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဇယားဝင်အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များကို စိစစ်အကဲဖြတ်နိုင်သည့် ပုဂ္ဂလိကချေးငွေသတင်းအချက်အလက်ဌာနများတည်ထောင်ရန် လိုင်စင်ထုတ်ပေးရမည့်အပြင် ၎င်းတို့ကို ကြပ်မတ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်ရှိသည်။

(ခ) မည်သူမျှ ဗဟိုဘဏ်ကထုတ်ပေးသည့် တရားဝင်လိုင်စင်မရှိဘဲ ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနတစ်ခုကို တည်ထောင်လုပ်ကိုင် ဆောင်ရွက်ခြင်းမပြုရ။

၁၄၄။ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်ဌာနထံမှ လိုအပ်သော သတင်းအချက်အလက်များကို ရယူနိုင်သည်။

## အခန်း (၂၁)

## ကင်းလွတ်ခွင့်၊ အခကြေးငွေပြန်လည်ရရှိခြင်း၊ ဘဏ်ပိတ်ရက်များနှင့် တရားရေးဆိုင်ရာ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတို့အတွက် လုပ်ပိုင်ခွင့် အခကြေးငွေ၊ ကုန်ကျစရိတ် အစရှိသည်များ ပြန်လည်ရယူကောက်ခံခြင်း

၁၄၅။(က) သက်ဆိုင်ရာဘဏ်ထံမှ ဗဟိုဘဏ်သည် အောက်ပါတို့ကို ကြွေးမြီတစ်ရပ်အဖြစ် ပြန်လည် ရယူကောက်ခံခွင့်ရှိစေရမည်-

(၁) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ ပေးချေရမည့် အခကြေးငွေ တစ်ရပ်ရပ်၏ ငွေပမာဏ၊

(၂) ဘဏ်က အောက်ဖော်ပြပါပုဂ္ဂိုလ်တစ်ဦးဦးအား ပေးချေရမည့် အခကြေးငွေနှင့် ကုန်ကျစရိတ် တစ်ရပ်ရပ်-

(ကက) ခန့်အပ်သည့် စာရင်းစစ်၊

(ခခ) ပုဒ်မ ၉၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၈) အရ ခန့်အပ်သည့် အုပ်ချုပ်သူတစ်ဦး၊

(၃) ဤဥပဒေအရ ဘဏ်ကပေးချေရမည့် ငွေရေးကြေးရေး ပြစ်ဒဏ်တစ်ရပ်ရပ်။

(ခ) ဤပုဒ်မအရ ပြန်လည်ရရှိမည့်ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပြန်လည်ရရှိရန် ဆောင်ရွက်မှုသည် ထိုသို့ ဆောင်ရွက်သည့်နေ့မှ ခြောက်နှစ်ထက် မကျော်လွန်စေရ။

**ဘဏ်ပိတ်ရက်များ ကြေညာခြင်း**

၁၄၆။(က) ဗဟိုဘဏ်သည် နေ့ တစ်နေ့နေ့ သို့မဟုတ် နေ့များကို ဘဏ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်များအဖြစ် မည်သည့်အချိန်တွင်မဆို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဘဏ်ပိတ်ရက်အဖြစ် ကြေညာထားသည့်နေ့တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတော်ရှိ မည်သည့်ဘဏ်မျှ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ။

၁၄၇။(က) ဗဟိုဘဏ်နှင့်စပ်လျဉ်း၍ တရားစွဲဆိုတင်သွင်းလာသော အမှုတစ်ခုခုကို စီရင်ပိုင်ခွင့် အာဏာရှိသည့် တရားရုံးတစ်ခုခုသည် ဗဟိုဘဏ်ကသော်လည်းကောင်း သို့မဟုတ် ဗဟိုဘဏ်ကိုယ်စား ဆောင်ရွက်ရန် ဗဟိုဘဏ်က ခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦး၊ ဗဟိုဘဏ်၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက သော်လည်းကောင်း တရားရုံးရှေ့၌ ကြားနာရာ၌ အရေးယူဆောင်ရွက်မှုတစ်ခုနှင့်စပ်လျဉ်းသည့် အောက်ဖော်ပြပါတို့ကို သုံးသပ်ရမည် -

(၁) ဗဟိုဘဏ်သည် ၎င်း၏ဥပဒေအရ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ခြင်း ရှိ မရှိ၊

(၂) ဗဟိုဘဏ်က ဆုံးဖြတ်ရာတွင် လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့်လုပ်ထုံးလုပ်နည်းများနှင့် ကွဲလွဲပြီး ဆောင်ရွက်ခြင်း ရှိ မရှိ၊

(၃) ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာ သို့မဟုတ် ထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများသည် ဤဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(၄) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်သည် ဤဥပဒေ သို့မဟုတ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် သိသာထင်ရှားစွာ ဆန့်ကျင်ခြင်း ရှိ မရှိ။

(ခ) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဆိုစေကာမူ ဗဟိုဘဏ်၏ အရေးယူဆောင်ရွက်ချက် တစ်ရပ်ရပ်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားစွဲဆိုသည့်ကာလအတောအတွင်း ဆိုင်းငံ့ခြင်း သို့မဟုတ် ကန့်သတ်ခြင်းမရှိစေဘဲ ဆက်လက်၍အကျိုးသက်ရောက်မှုရှိနေရမည် သို့တည်းမဟုတ် အယူခံပိုင်ခွင့်၊ ထပ်မံအယူခံပိုင်ခွင့် သို့တည်းမဟုတ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အခြားတရားစွဲဆို ဆောင်ရွက်မှုရှိစေရမည်။

(ဂ) ဗဟိုဘဏ်ကပြုလုပ်သည့် အရေးယူဆောင်ရွက်မှုတစ်ခုခုအပေါ် တရားရုံးတစ်ရုံးရုံးက သက်သာခွင့် သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်ပါက ငွေကြေးဖြင့်သာ ပေးလျော်စေရမည်။

(ဃ) ဗဟိုဘဏ်အပေါ်ဖြစ်စေ၊ ပုဒ်မခွဲ (က) တွင် ရည်ညွှန်းဖော်ပြသည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဖြစ်စေ အရေးယူဆောင်ရွက်မှု သို့မဟုတ် တရားစွဲဆိုမှုတစ်ခုခုကို သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင်သာ စတင်စွဲဆိုရမည်။

**အချို့သော လွှဲပြောင်းခြင်းများအတွက် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်များ**

၁၄၈။ဘဏ် သို့မဟုတ် ယင်းဘဏ်၏ လက်အောက်ခံကုမ္ပဏီတစ်ခုခု အစုရှယ်ယာများနှင့် ရရန်ပိုင်ခွင့်များကို လွှဲပြောင်းခြင်းအတွက်သော်လည်းကောင်း၊ ပုဒ်မ ၁၀၇ အရ ဘဏ်၏ အစုရှယ်ယာများနှင့် ရရန်ပိုင်ခွင့်များကို ဗဟိုဘဏ်၏ ခွင့်ပြုချက်အရ ရောင်းချခြင်း သို့မဟုတ် ထုခွဲလွှဲပြောင်းခြင်းအတွက် သော်လည်းကောင်း တည်ဆဲတံဆိပ်ခေါင်းခွန် သို့မဟုတ် အခွန်ဥပဒေအရ ကင်းလွတ်ခွင့်ရရှိလိုပါက ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

## အခန်း (၂၂)

## အီလက်ထရောနစ် သက်သေခံချက် အီလက်ထရောနစ် စာတမ်းအမှတ်အသားများကို မှန်ကန်ကြောင်းသက်သေခံထင်ရှားစေခြင်း

၁၄၉။သက်သေခံအက်ဥပဒေ၌ မည်သို့ပင်ပြဋ္ဌာန်းချက်များပါရှိစေကာမူ အီလက်ထရောနစ်စာတမ်းအမှတ်အသားကို သက်သေခံချက်အဖြစ် တင်သွင်းလိုသူ မည်သူမဆို အီလက်ထရောနစ်စာတမ်းအမှတ်အသားသည် တွေ့ရှိချက်ကို အထောက်အကူပြုနိုင်သည့် သက်သေခံချက်ဖြင့် ယင်း၏မှန်ကန်မှုကို သက်သေပြရန် တာဝန်ရှိသည်။

**အီလက်ထရောနစ်စာတမ်းအမှတ်အသားများအတွက် သက်သေခံရမည့် နည်းလမ်းများ**

၁၅၀။(က) အောက်ပါနည်းလမ်း တစ်ရပ်ရပ်နှင့်ညီညွတ်သော အီလက်ထရောနစ် စာတမ်းအမှတ်အသားကို အကောင်းဆုံးသက်သေခံချက်နည်းလမ်း အဖြစ် လက်ခံနိုင်သည်-

(၁) အီလက်ထရောနစ် စာတမ်းအမှတ်အသားတွင် မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းပြုထားသော အီလက်ထရောနစ် စာတမ်းအမှတ်အသားများစနစ်၏ ယုံကြည်စိတ်ချရမှုကို သက်သေပြသခြင်း၊

(၂) အခိုင်အမာ သက်သေထင်ရှားပြသထားသည်ဟု မှတ်ယူခြင်း။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ ဆန့်ကျင်ကွဲလွဲသည့် သက်သေခံချက် မတင်ပြနိုင်သည့်ကိစ္စ၌ ပုံနှိပ်စက်မှထုတ်ပေးသော စာသည် မှတ်တမ်းတင်သည့် သို့မဟုတ် သိမ်းဆည်းသည့် သတင်းအချက်အလက် မှတ်တမ်းတစ်ခုအဖြစ် ထင်ရှားစွာ သို့မဟုတ် လိုက်လျောညီစွာ ပြုလုပ်ထားလျှင် ထိုသို့ထုတ်ပေးသော အီလက်ထရောနစ်စာတမ်းအမှတ်အသားစာသည် အကောင်းဆုံးသက်သေခံ နည်းလမ်းအဖြစ် ကျေနပ်လက်ခံနိုင်သည်။

**အီလက်ထရောနစ် စာတမ်းအမှတ်အသား၏ မှန်ကန်မှုကို အသိအမှတ်ပြုခြင်း**

၁၅၁။ဆန့်ကျင်ကွဲလွဲ၍ သက်သေခံချက် မတင်ပြနိုင်သည့်ကိစ္စတွင် မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရောနစ်စာတမ်းအမှတ်အသားများစနစ်၏ မှန်ကန်မှုကို အောက်ပါ အထောက်အထားတစ်ရပ်ရပ်ဖြင့် သက်သေထင်ရှားပြနိုင်သည်-

(က) အီလက်ထရောနစ်စာတမ်းအမှတ်အသားစနစ်တွင် အသုံးပြုသည့် ကွန်ပျူတာစနစ် သို့မဟုတ် အခြားအလားတူ ပစ္စည်းကိရိယာတို့သည် စနစ်တကျလည်ပတ်နေကြောင်း သို့မဟုတ် ပုံမှန်လည်ပတ်ခြင်းမရှိသော်လည်း အီလက်ထရောနစ်စာတမ်းအမှတ်အသား၏ မှန်ကန်မှုကို ထိခိုက်မှုမရှိကြောင်းနှင့် သံသယရှိစေသည့်အထောက်အထားမရှိသည်ကို သက်သေထင်ရှားပြသခြင်း၊

(ခ) အီလက်ထရောနစ်စာတမ်းအမှတ်အသားကို တင်သွင်းလိုသော ပုဂ္ဂိုလ်၏ အကျိုးစီးပွားနှင့် ဆန့်ကျင်သော ပုဂ္ဂိုလ်က မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရောနစ် စာတမ်းအမှတ်အသားဖြစ်ခြင်း၊

(ဂ) အီလက်ထရောနစ် စာတမ်းအမှတ်အသားမှာ တင်သွင်းလိုသော ပုဂ္ဂိုလ်၏ကြီးကြပ်မှုအရ မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းမပြုဘဲ ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ ပုံမှန်နှင့် သာမန်လုပ်ငန်းတွင် မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော အီလက်ထရောနစ်စာတမ်းအမှတ်အသားဖြစ်ခြင်း။

**ထည့်သွင်းစဉ်းစားရမည့် စံနှုန်းများ**

၁၅၂။(က) တရားရုံးတစ်ရုံးသည် အီလက်ထရောနစ်စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် လက်ခံနိုင်မခံနိုင်ဆိုသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေ၏ နည်းဥပဒေတစ်ရပ်ရပ်အရ ဆုံးဖြတ်ရန်အလို့ငှာ သက်သေခံချက်ကို အီလက်ထရောနစ် စာတမ်းအမှတ်အသား၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်၊ အီလက်ထရောနစ်စာတမ်းအမှတ်အသားကို အသုံးပြုသော သို့မဟုတ် မှတ်တမ်းတင်သော သို့မဟုတ် သိမ်းဆည်းသော လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကြိုးပမ်းအားထုတ်မှုပုံစံနှင့်ပတ်သက်မှုရှိခြင်း၊ အီလက်ထရောနစ် စာတမ်းအမှတ်အသားများကို မှတ်တမ်းတင်စေရန် သို့မဟုတ် သိမ်းဆည်းစေရန် နည်းလမ်းနှင့်သက်ဆိုင်သောစံနှုန်း၊ လုပ်ထုံးလုပ်နည်း၊ အလေ့အထ သို့မဟုတ် အလေ့အကျင့်တစ်ရပ်ရပ်ကို တင်ပြခြင်းဖြင့် သက်သေခံအဖြစ် လက်ခံနိုင်သည်။

(ခ) အီလက်ထရောနစ် စာတမ်းအမှတ်အသားဖြင့် ဖော်ပြသော သတင်းအချက်အလက်တွင် ကိန်းဂဏန်းအချက်အလက်များ၊ စာသားများ၊ အသံများ၊ သင်္ကေတများ၊ ကွန်ပျူတာအစီအစဉ်များ၊ ကွန်ပျူတာညွှန်ကြားချက်များ သို့မဟုတ် ကွန်ပျူတာထဲတွင် အသင့်သုံးနိုင်ရန် ထည့်ထားသော အချက်အလက်များ ပါဝင်သည်။

## အခန်း (၂၃)

## တောင်းခံခြင်းမရှိသော ငွေကြေးများ သို့မဟုတ် စာရင်းသေများဆိုင်ရာ အချက်အလက်များ

၁၅၃။(က) ဘဏ်သည် ဘဏ္ဍာရေးနှစ်အသီးသီး၏ ပထမလအတွင်း ဗဟိုဘဏ်သို့ ၎င်းထံတွင် ခုနစ်နှစ်ကျော်ကြာသည်အထိ လာရောက်မထုတ်ယူသော တောင်းခံခြင်းမရှိသေးသည့် စာရင်းဆိုင်ရာ အချက်အလက်များကို တင်ပြရမည်။

(ခ) ဗဟိုဘဏ်က လိုအပ်သည်ဟု ယူဆလျှင် ပိုင်ရှင်က ထုတ်ယူခြင်းမရှိသောငွေများနှင့် စာရင်းသေများအတွက် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်။

## အခန်း (၂၄)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅၄။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ၊ အစုရှယ်ယာပိုင်ရှင်များ၊ စီမံခန့်ခွဲသူများ၊ မန်နေဂျာများ၊ ဝန်ထမ်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖြစ်စေ ဖောက်ဖျက်ပါက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကန့်သတ်ချက် အပါအဝင်ဖြစ်သည့် အမိန့်များချမှတ်ခြင်း၊

(ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်ခြင်းမှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း။

၁၅၅။(က) ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရသူသည် ပြစ်ဒဏ်ချမှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုအပေါ် ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၁၅၆။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၁၅၇။ ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် နစ်နာသော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို နစ်နာမှုအတွက် ငွေကြေးကို ချက်ချင်းပေးလျော်ရမည်။

## အခန်း (၂၅)

## တားမြစ်ချက်များ

၁၅၈။မည်သူမျှ လိုင်စင်မရှိဘဲ ဘဏ်အဖြစ် ထူထောင်လုပ်ကိုင်ခြင်းမပြုရ။

၁၅၉။မည်သူမျှ ဗဟိုဘဏ်မှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ထူထောင်လုပ်ကိုင်ခြင်း မပြုရ။

၁၆၀။မည်သူမျှ လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ လျှောက်ထားတင်ပြရာတွင် အချက်အလက်တစ်ခုခုကို လိမ်လည်ဖော်ပြ လျှောက်ထားခြင်းမပြုရ။

၁၆၁။အောက်ပါအဖွဲ့အစည်းများမှအပ မည်သူမျှ လိုင်စင် သို့မဟုတ် ဗဟိုဘဏ်က စာဖြင့်ကြိုတင် ခွင့်ပြုချက်မရရှိဘဲ မိမိလုပ်ငန်းအမည်တွင် ဘဏ်၊ ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်၊ ဘဏ်လုပ်ငန်းရှင် သို့မဟုတ် ဘဏ်လုပ်ငန်းဆိုသည့် စာသားများကို အသုံးမပြုရ-

(က) ဘဏ်၏ အသင်းအဖွဲ့တစ်ရပ်ရပ်၊

(ခ) ဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ ယင်းအသုံးအနှုန်း အခြေကျနေသော အသင်းအဖွဲ့၊

(ဂ) နိုင်ငံခြားဘဏ်၏ ကိုယ်စားလှယ် သို့မဟုတ် ရုံး၊

(ဃ) ဘဏ်လုပ်ငန်းလုပ်ကိုင်သော အစိုးရကိုယ်စားလုပ်ကိုင်သည့် အဖွဲ့အစည်း၊

(င) ဗဟိုဘဏ်က အများပြည်သူသိရှိနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာ၍ ကင်းလွတ်ခွင့်ပေးသော ပုဂ္ဂိုလ်တစ်ဦးဦး။

၁၆၂။မည်သည့်နိုင်ငံခြား ငွေရေးကြေးရေးအဖွဲ့အစည်းမျှ ဗဟိုဘဏ်ကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်စားလှယ်ရုံး ဖွင့်လှစ်တည်ထောင်ခြင်းမပြုရ။

၁၆၃။မည်သူမျှ လိုင်စင်မရှိဘဲ အပ်နှံငွေလက်ခံသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၆၄။မည်သူမျှ ဗဟိုဘဏ်ကထုတ်ပေးသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် စာဖြင့် ကြိုတင်ခွင့်ပြုချက်မရှိဘဲ ငွေရေးကြေးရေး ကုမ္ပဏီလုပ်ငန်း၊ အငှားချထားသည့်လုပ်ငန်း၊ ကြွေးမြီများ ဝယ်ယူကောက်ခံသည့်လုပ်ငန်း၊ ချေးငွေတိုကင်လုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းစသည့် စကားရပ်ကို လည်းကောင်း၊ ထိုသို့သဘောသက်ရောက်သည့် ဖော်ပြချက်တစ်ခုခုကိုလည်းကောင်း အသုံးမပြုရ။

၁၆၅။မည်သည့်ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မျှ ဗဟိုဘဏ်၏ စာဖြင့် ကြိုတင်ခွင့်ပြုချက် မရှိဘဲ ပြည်တွင်း သို့မဟုတ် ပြည်ပရှိပုဂ္ဂိုလ်တစ်ဦးဦးထံမှ အပ်နှံငွေရရှိရန် ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ သဘောတူစာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် သဘောတူစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခြင်းမပြုရ။

စာမျက်နှာ ၆ သို့

